ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 August 2020 ၁၀၀၉၂

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၀ ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၀ သည် မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ယနေ့တွင် ၄၄၀ စုစုပေါင်း ၅၆၀၅၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၁၇၆ ဦး စုစုပေါင်း ၄၄၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကြေးမုံ ယနေ့ဖတ်စရာ

စွန့်ပစ်ပစ္စည်းများအား လက်မှုပညာဖြင့် တန်ဖိုးမြင့်စေသူ စာမျက်နှာ » ၄

အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီရှင်သန်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးတွင် ပြုလုပ်မည်ဖြစ်သည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားများအားလုံး ပါဝင်မဲပေးခွင့်ရမည် ဖြစ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်ပြီး နိုင်ငံသားများက မိမိတို့စိတ်ကြိုက် ကိုယ်ပိုင်စိတ်ဆန္ဒဖြင့် နိုင်ငံကိုအကျိုးပြု၊ နိုင်ငံ၏အကျိုးဆောင် ပြည်သူ့အရေးကို အလေးထားသည့် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များကို ရွေးချယ်ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများကို လွတ်လပ်ရေးမရမီကာလကတည်းက စတင်ကျင်းပခဲ့ပြီး လွတ်လပ်ရေးရသောအခါ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ပါလီမန်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သည့် အထွေထွေရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီစနစ် ပျက်သုဉ်းသွားပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်စနစ်လည်း ပျောက်ဆုံးသွားခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများနှင့် နှစ်ပေါင်း ၅၀ နီးပါး ကင်းကွာခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ်ကို ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့ပြီး တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပတော့မည်ဖြစ်ရာ ယခုအခါ ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၉၉ ရက်သာ လိုပါတော့သည်။

ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ်၏အခြေခံ၊ ဒီမိုကရေစီရှင်သန်စေရေးအတွက် ရေသောက်မြစ်၊ ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ပင်မပင်စည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ် စတင်အခြေပြုသန္ဓေတည်ရာ မျိုးစေ့ဖြစ်၍ မျိုးကောင်းအပင်သန်စေရန်ကဲ့သို့ ရွေးကောက်ပွဲများတွင် ပြည်သူများ မှန်မှန်ကန်ကန်ပါဝင်ကာ ဆန္ဒမဲများပေးဖို့ လိုပေသည်။ ဒီမိုကရေစီ၏ အသက်သည် ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲ၏ အနှစ်သာရသည် ဆန္ဒမဲပေးခြင်းဖြစ်ရာ ဆန္ဒမဲနှင့်ပတ်သက်သည့် အချက်အလက်များကို အသက် ၁၈နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း သိရှိထားသင့်သည်။

ပထမဦးစွာ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတစ်ဦးသည် မိမိအမည်မဲစာရင်းတွင် ပါ၊ မပါ။ ပါလျှင် မှန်ကန်မှုရှိ၊ မရှိ။ မပါလျှင် ပုံစံ (၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်းဟူသည့်အချက်တို့ကို ဦးစွာဆောင်ရွက်ထားသင့်သည်။ ဒုတိယအချက်အနေဖြင့် မိမိတို့၏ မဲဆန္ဒစာရင်းတွင် မပါဝင်ထိုက်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းနှင့် တတိယအချက်အနေဖြင့် မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း၊ ဆောင်ရွက်ခြင်းတို့ လုပ်ကိုင်ရမည်ဖြစ်သည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ မိမိတို့၏မဲတစ်ပြားသည် အလွန်အရေးကြီးပါသည်။ မှန်မှန်ကန်ကန်ရွေးချယ်လိုက်သည့် မိမိတို့မဲတစ်ပြားကြောင့် နိုင်ငံနှင့် ပြည်သူအတွက် အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်လာနိုင်သည်။ မှန်ကန်သည့် မိမိတို့မဲတစ်ပြား ဆုံးရှုံးသွားခြင်းသည် နိုင်ငံနှင့် ပြည်သူအတွက် နစ်နာပေသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် တန်ဖိုးရှိသော၊ မိမိဒေသအတွက် အကျိုးပြုသော လွှတ်တော်ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့ အရေးကြီးပေသည်။

ထိုသို့ရွေးချယ်နိုင်ရန် မဲစာရင်းတွင် မိမိအမည်ပါမှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်သည်။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက်လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားရန် လိုအပ်ပါသည်။ မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စု ကျေးရွာများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ သင်၏မဲဆန္ဒလက်မှတ်ဖြင့် ပိုမိုကောင်းမွန်သော တိုင်းပြည်နှင့် လူမျိုး၏အနာဂတ်ကို ပုံဖော်နိုင်ရန် မဲစာရင်းတွင် မှန်ကန်စွာပါဝင်ခြင်းရှိ၊ မရှိ သွားရောက်ကြည့်ရှုကြခြင်းဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးကို အလေးထားအသုံးချနိုင်ရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းရှိ ကညင်ဒုံချောင်းကူးတံတားမှ ယာဉ်များစတင်ဖြတ်သန်းခွင့်ပြု

ကမမောင်း ဩဂုတ် ၁

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်၏ မြို့တော်ဘားအံမြို့နှင့် ဖာပွန်ခရိုင်ကို ဆက်သွယ်ပေးထားသော ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းအပိုင်း မိုင်တိုင်အမှတ် ၃၅/၆မှ၃၆/၀ အတွင်းရှိ ကညင်ဒုံတံတားတည်ဆောက်ရေး စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁၄)က တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ရာ ယနေ့တွင် ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်သည်။

အရှည်ပေ ၁၈၀ ရှိ

ကညင်ဒုံတံတား၏အရှည်မှာ ပေ ၁၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေဖြစ်ပြီး၊ စုစုပေါင်း တံတားအကျယ်မှာ ပေ ၃၀ ရှိကြောင်း သိရသည်။

ယနေ့မှစတင်ကာ အဆိုပါ ချဉ်းကပ်လမ်းနှင့် တံတားပေါ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

လင်းသန့်

(မြန်/ဆက်)

လယ်ထွန်စက်ကြီးများအား အရစ်ကျငွေပေးသွင်းသည့်စနစ်ဖြင့် ရောင်းချပေး

ရန်ကုန် ဩဂုတ် ၁

ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ တောင်သူများ မိုးစပါးစိုက်ပျိုးရာသီအမီ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နိုင်ရန်

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ရှိ စက်မှုလယ်ယာဦးစီးဌာန ပင်မစက်ပစ္စည်းသိုလှောင်ရုံ အဆင့်(က)မှ အိန္ဒိယနိုင်ငံက တင်သွင်းလာသော မြင်းကောင်ရေ ၉၀ ရှိ လယ်ထွန်စက်ကြီး အစီးရေ ၇၀ ကို တောင်သူများအား အရစ်ကျငွေပေးသွင်းသည့်စနစ်ဖြင့် ယမန်နေ့က စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဖြန့်ဖြူးရောင်းချ

ထိုသို့ရောင်းချပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ထွန်စက်ကြီးများ ဝယ်ယူကြသည့် တောင်သူများအား စက်မှုလယ်ယာဦးစီးဌာန ကျွမ်းကျင်ဝန်ထမ်းများက အခြေခံပြုပြင်ထိန်းသိမ်း မောင်းနှင်နည်းသင်တန်းများ ပို့ချပေးလျက်ရှိသည်။ ဆက်လက်၍ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ကချင်၊ ကယား၊ မွန် ပြည်နယ်များမှ ထွန်စက်ကြီးများ ဝယ်ယူရန် တင်ပြလာသော တောင်သူများကိုလည်း စိုက်ပျိုးရာသီအမီ အရစ်ကျငွေပေးသွင်းသည့်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မင်္ဂလာဒုံမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဉာဏ်ဟိန်း

နွားထိုးကြီးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား ကွင်းဆင်းဆောင်ရွက်ပေး

နွားထိုးကြီး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ကြိမ်မျှမပြုလုပ်ရသေးသည့်သူများအား ယနေ့နံနက်ပိုင်းတွင် တာပါယ်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ၃၃၈ ဦးကို ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ရပ်ကွက်၊ကျေးရွာအုပ်စုများကိုလည်း ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အငယ်တန်း**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	- ဦးဝင်းနိုင်	**သတင်းထောက်များ**	ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်မှူး	- ဦးမြင့်စိုး		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊		ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	**ဓာတ်ပုံသတင်းထောက်**	- ဦးခင်မောင်ဝင်း
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**သုတေသန**	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	**စာပြင်**	- ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
အကြီးတန်း	- ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း	**အီးမေးလ်နှင့် အွန်လိုင်း**	- ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဆွေးနွေးမှာကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က စက်ရုံ၏ သမိုင်းကြောင်းနှင့်ဖွဲ့စည်းပုံ၊ ပုံနှိပ်စက်များအခြေအနေနှင့် လုပ်ငန်းများဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အရေးကြီးသည့် ပုံနှိပ်လုပ်ငန်းများအတွက် လုံခြုံရေးစီမံချက် သီးခြားရေးဆွဲထားရှိရန်၊ စီမံချက်ပါအတိုင်း ဂရုပြုလိုက်နာဆောင်ရွက်ကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စစ်ဆေးကြပ်မတ်ရန်နှင့် အခြားလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်းရှိ

ပုံနှိပ်စက်များ၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ပုံနှိပ်စီစဉ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်အလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ဖိုတိုလစ်သိုစက်ရုံကို ဓာတ်ပုံပညာ (Photography) နှင့် ကျောက်ပုံနှိပ်ပညာ (Lithography) တို့ကို ပေါင်းစပ်ပုံနှိပ်ခြင်း (Photolithography) အရ အမည်ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစက်ရုံတွင် ပညာရေးဝန်ကြီးဌာနမှအပ်နှံသော ကျောင်းသုံးဖတ်စာအုပ်များ၊ စာပေဗိမာန်မှ ထုတ်ဝေသောစာအုပ်များ၊ အပတ်စဉ်ထုတ်ရွှေသွေးဂျာနယ်၊ လစဉ်ထုတ် သုတပဒေသာစာအုပ်၊ ဝန်ကြီးဌာနနှင့် ပြင်ပမှအပ်နှံသော အထွေထွေပုံနှိပ်လုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကြေးမုံသတင်းစာပုံနှိပ်စက်နှင့် Myanmar Digital News Online Media လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လက်လီ / လက်ကားရောင်းချမှုဆိုင်ရာဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁
လက်လီ/လက်ကား ရောင်းချမှုဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ပေါင်းစပ်ဆောင်ရွက်နိုင်ရေး

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကာလအတွင်း လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမှု Supply Chain ကဏ္ဍတစ်ခုလုံးတွင်ပါဝင်နေသည့် လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူများ၏ ဝယ်လိုအား လျော့နည်းလာသည့်အခြေအနေကြောင့် ကိုဗစ်-၁၉ ကာလအလွန် လက်လီ/လက်ကားရောင်းချမှု အလားအလာကောင်းမွန်လာစေရန်ရည်ရွယ်၍ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊

နိုင်ငံတော်အနေဖြင့်လည်း လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့်အခက်အခဲများ လျော့ပါးစေရေးအတွက် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ၏ ပန်းတိုင်များတွင် ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်းဆိုသည့်စီမံချက်သည် ပန်းတိုင်တစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များကိုလည်း ဆက်စပ်ဌာနများနှင့် အသင်းအဖွဲ့များအကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့်ဖိုရမ်တွင် လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အစီအစဉ်များနှင့် အကြံပြုချက်များကို ဆွေးနွေးဖော်ထုတ်သွားရန်ဖြစ်ပါကြောင်း၊ လက်လီ/လက်ကားရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များကိုလည်း ဆွေးနွေးရရှိမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လက်လီ/လက်ကားရောင်းချမှုဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ဆွေးနွေး

ဆက်လက်၍ အခမ်းအနားကို ခေတ်မီဆန်းသစ်သော လက်လီ/လက်ကားရောင်းချမှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရရှိသောအခွင့်အလမ်းနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ လက်လီ/ လက်ကားရောင်းချမှုလုပ်ငန်း ဆောင်ရွက်ရာတွင်

နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ၊ အကြံပြုချက်များ၊ လက်လီ/လက်ကားရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းစဉ်များနှင့် လက်လီ/လက်ကား ရောင်းချမှုဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ လက်လီ/လက်ကားရောင်းချသည့် လုပ်ငန်းရှင်များက ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်သို့ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လက်လီ/လက်ကားရောင်းချသူ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြပြီး အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေးသူ ၂၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကန့်ဘလူမြို့၌ မိုးရာသီ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

ကန့်ဘလူ ဩဂုတ် ၁
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မြို့ရှောင်လမ်း၏အနောက်ဘက် GTC ကျောင်းတောင်ဘက်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ တွင် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါလမ်းတစ်လျှောက် စိုက်ပျိုးရန်အတွက် မြို့နယ်သစ်တောနှင့် စိမ်း/စို ဦးစီးဌာနတို့မှ သစ်ပင်များနှင့် မြေကျင်းတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက အရိပ်ရသစ်ပင်များဖြစ်သည့် တမာပင် ၂၄၀၊ စိန်ပန်း ၁၀ ပင်၊ ငု ၁၀ ပင်၊ ပိတောက် ၁၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်

ဦးစီးဌာနမှ ယာဉ်တို့ဖြင့် ရေများ ပက်ဖျန်းပေးခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောသစ်ပင်များကို ကျွဲ၊ နွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမှကာကွယ်ရန်အတွက် ခြံခတ်ခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မော်လိုက်မြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မော်လိုက် ဩဂုတ် ၁
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ Pacific Hunt Energy Corp. ကုမ္ပဏီ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက မော်လိုက်-ပြောင်ဘုတ် ကားလမ်းဘေး ပျားစွဲဆင်စခန်းအနီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသူများက ကျွန်းပျိုးပင် ဖ၀၀၊ ပျဉ်းကတိုးနှင့် ပိတောက်ပျိုးပင် ၁၀၀ စီ စုစုပေါင်းပျိုးပင် ၈၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မော်လိုက်သားလေး

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြေပေါ် မြေအောက် သယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အပေါ် လိုက်နာဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇူလိုင် ၃၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ ရတနာသစ်ခန်းမ၌ ကျင်းပသည့် သတ္တုသယံဇာတ တူးဖော်ထုတ်လုပ်နေမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထိန်းသိမ်းမှုအလေးထား

အစည်းအဝေးတွင် ပြည်နယ်အဆင့် လုပ်ကွက်နေရာချထားပေးရေးအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်များနှင့် ဆက်စပ်နေသည့် ကုန်မြင့်ဒေသ တစ်ခုဖြစ်သည့်အတွက် ရေ၊ မြေသဘာဝဖြစ်တည်မှု အထူးအလေးထားဂရုစိုက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ရှေ့အချိန်ကာလက လူဦးရေလည်းနည်းပါးပြီး သယံဇာတမှာလည်း ပေါများလှသည့်အတွက် စနစ်တကျထုတ်လုပ်ဆောင်ရွက်မှုတစ်ခုတည်းဖြင့် လုံလောက်ပါကြောင်း၊ ယခုအချိန်ကာလ၌ လူဦးရေမှာလည်း တိုးပွားများပြားလာသည့်အလျောက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ထုတ်လုပ်ဆောင်ရွက်မှုသာမက နောင်သားစဉ် မြေးဆက်တိုင် သယံဇာတများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းမှုအပိုင်းကို အလေးထား၍ ထိန်းညှိဆောင်ရွက်နေပါကြောင်း၊ ယခင်က အင်းလေးကန်သည် စတုရန်းမိုင် ၁၀၀ ခန့်ကျယ်ဝန်းခဲ့သော်လည်း ယခုအချိန်တွင် ထက်ဝက်ခန့်သာ ကန်ရေပြင်ဧရိယာကျန်ရှိတော့ပါကြောင်း၊ အင်းလေးကန်ရေဝေရေလဲဒေသသည် ရှမ်းပြည်နယ်အတွက်သာမက မြန်မာနိုင်ငံတစ်ဝန်း တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားပေးနိုင်သည့် လောပိတ ရေအားလျှပ်စစ်စက်ရုံအတွက် အရေးပါလှသည့် ဧရိယာတစ်ခုဖြစ်ပါကြောင်း၊ အင်းလေးကန် တိမ်ကောမှုမရှိစေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့်လည်း မိမိဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း အခြားဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် ပူးပေါင်းသယ်ပိုးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဌာန၏ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သကဲ့သို့ ဆက်စပ်ဌာနအသီးသီး၏ နည်းဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

တွန်းအားပေးဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ မြန်မာ့သစ်လုပ်ငန်းသို့ ရောက်ရှိရာ ပြည်နယ်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်ဌေးက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၀-၂၀၂၁ ခုနှစ် သစ်ထုတ်လုပ်ရာ၌ မိုင်းကန်ကြိုးဝိုင်းအတွင်း ကျွန်းပင်ထောင်များ ထပ်မံကျန်ရှိ၍ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးတင်ပြရန်၊ ကျွန်း၊ သစ်မာသစ်လုံးများရောင်းချရာ၌ ကြွေးကျန်မဖြစ်ပေါ်စေရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ပြည်သူများ၏ သစ်ခွဲသားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး သုတေသနဓာတ်ခွဲခန်းအား ကြည့်ရှုစစ်ဆေးကာ သုတေသနလုပ်ငန်းများအား မှတ်တမ်းထားရှိဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား စနစ်တကျအသုံးပြုရန်တို့ကို မှာကြားသည်။

သုံးနှစ်ဆက်တိုက်စိုက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် တောင်ကြီးငှက် ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သစ်စေ့မြေလုံး(Seed Ball) စူးထိုးစိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်တွင် စူးထိုးစိုက်ပျိုးဆောင်ရွက်မှုနှင့် ရှင်သန်မှုအခြေအနေတို့ကို တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သစ်စေ့မြေလုံးစူးထိုး စိုက်ပျိုးသည့်နေရာအား တစ်နေရာတည်း၌ သုံးနှစ်ဆက်တိုက် ဆောင်ရွက်ရန်၊ စူးထိုးစိုက်ပျိုးသည့် အကွာအဝေးကို တတ်နိုင်သမျှ စိတ်စိတ်စိုက်ပျိုးရန်၊ ဒေသသစ်မျိုးများကို ဦးစားပေးစူးထိုးစိုက်ပျိုးရန်၊ တစ်နေရာလျှင် သစ်စေ့မြေလုံး သုံးလုံးမှ ငါးလုံးအထိ စိုက်ပျိုးရန်၊ သစ်စေ့မြေလုံးတစ်လုံးလျှင် အနည်းဆုံး သစ်စေ့ သုံးစေ့ထည့်ရန်၊ လာမည့်နှစ် စူးထိုးစိုက်ပျိုးရန်အတွက် ဒေသသစ်မျိုးများကို ကြိုတင် စုဆောင်းထားရှိရန်၊ စူးထိုးစိုက်ပျိုးသည့်နေရာအား မီးဘေးအန္တရာယ်ကာကွယ်ခြင်းဆောင်ရွက်ရန်၊ သစ်စေ့မြေလုံးစူးထိုးစိုက်ပျိုးသည့် အလေ့အကျင့်များကို ဒေသခံများအား သင်ကြားပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စွန့်ပစ်ပစ္စည်းများအား လက်မှုအနုပညာဖြင့် တန်ဖိုးမြင့်စေသူ

မြန်မာနိုင်ငံ၏ ပင်မအသက်သွေးကြော မြစ်ကြီးဧရာဝတီ၊ မြန်မာနိုင်ငံမြေပုံတို့နှင့်အတူ မင်္ဂလာပါ၊ Firefly Myanmar စသည့် စကားလုံးများအား အရောင်အသွေးစုံလင်စွာ ပုံဖော်ထားသော အမြင့် ကိုးပေ၊ လုံးပတ် ၁၇ ပေခန့်ရှိ စက္ကူအလှ ပန်းအိုးကြီးတစ်လုံးက မြင်ရသူတိုင်း အံ့ဩငေးမောသွားစေမည်ဖြစ်သည်။

သတင်းစာ၊ ဂျာနယ်စက္ကူ အဟောင်းများဖြင့် ဖန်တီးပြုလုပ်ထားသော ထိုအလှပန်းအိုးကြီးနံဘေးတွင် စက္ကူဖြတ်စ အလိပ်ကလေးများကို အသုံးပြုကာ လက်မှုအနုပညာပစ္စည်းတစ်ခုကို စိတ်ပါလက်ပါ အနုစိတ် ဖန်တီးနေသည့် အမျိုးသားတစ်ဦး။

ထိုသူကား ကြီးမားလှပ သေသပ်သည့် အဆိုပါစက္ကူပန်းအိုးကြီးကို နှစ်လကျော်သုံးလနီးပါးကြာ အချိန်ယူဖန်တီးခဲ့သူ Firefly Myanmar Recycal (Network)မှ ဦးအေးလွင်ဆိုသူပင်ဖြစ်သည်။

"ကိုဗစ်ကာလမှာ အလုပ်တွေကလည်းပါးတဲ့အခါကျတော့ ဒီလိုအလုပ်နားနေရတဲ့အချိန်မှာ ကိုယ်ကျွမ်းကျင်တဲ့ပညာနဲ့တစ်ခုခုတော့ အမှတ်တရဖြစ်အောင်လုပ်မယ်ဆိုပြီး မတ်လလောက်ကစပြီး လုပ်ခဲ့တာပါ" ဟု ဦးအေးလွင်က ပြောပြသည်။

စုဆောင်းရယူခဲ့ရ

ထိုသို့ လုပ်ဆောင်ရန် စက္ကူပိသာအချိန် ၁၀ နီးပါး၊ ကော်ကပ်ရန် ကော်ဘူး ၂၀၀ကျော်အသုံးပြုခဲ့ရပြီး လိုအပ်သည့် သတင်းစာ၊ ဂျာနယ် အဟောင်းများကို နီးစပ်ရာဆိုင်များ၊ အသိ မိတ်ဆွေများထံမှ စုဆောင်းရယူခဲ့ရသည်ဟု ဦးအေးလွင်က ပြောသည်။

"ဒီလောက်ကြီးတဲ့ ပန်းအိုးကြီးကို ကျွန်တော်တစ်ယောက်တည်းလုပ်ဖို့ မလွယ်ဘူး၊ စက္ကူဝိုင်းလိပ်တဲ့သူကလိပ်၊ ကော်ကပ်တဲ့သူကကပ်နဲ့ ငါးယောက်လောက်ဝိုင်းကူလုပ်ခဲ့ကြတယ်။ ဒီပန်းအိုးကြီးကို ပြခန်းတွေမှာပြသဖို့ ဖိတ်ခေါ်မယ်ဆိုလဲ ပြသသွားမှာပါ။ လေ့လာချင်တဲ့သူတွေလဲ လာလေ့လာလို့ရပါတယ်" ဟု ဦးအေးလွင်က ပြောသည်။

Firefly Recycle(Network)ဆိုသည့် ဆိုင်းဘုတ်အောက်တွင်တည်ရှိနေသည့် ဦးအေးလွင်၏ အိမ်ဂေဟာသည် စွန့်ပစ်ပစ္စည်းများကို တန်ဖိုးတစ်ခု ပြန်ပြောင်းသတ်မှတ်နိုင်သည်အထိ ဖန်တီးထုတ်လုပ်ရာ ဂေဟာ တစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။

အိမ်အတွင်းတွင်လည်း သတင်းစာ၊ ဂျာနယ်စက္ကူဟောင်း အမျိုးမျိုးတို့ဖြင့် ဖန်တီးထားသည့် ကြီးမားလှသည့်စက္ကူအလှပန်းအိုးများ၊ ပုလင်းခွံ၊ ကားတာရာ၊ စက်ဘီးတာရာ၊ သစ်သားအတိုအစများကို သေသပ်လှပစွာ ပြုလုပ်ထားသည့် လူမှုအသုံးအဆောင်ပစ္စည်းများက အိမ်၏ဘေးဘယ်ညာတစ်ဖက် တစ်ချက်စီတွင်သာမက နေရာအနှံ့ လှပတင့်တယ်စွာ နေရာယူထားကြသည်။

"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကစပြီး စွန့်ပစ်ပစ္စည်းလေးတွေကို ပြန်ပြီးအသုံးပြုတဲ့ ဒီ Recycle လုပ်ငန်းကို လုပ်ခဲ့တာ။ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းတွေလုပ်နေတဲ့ နော်ဝေနိုင်ငံသူ တစ်ယောက်နဲ့တွေ့ရာကနေ သူ့အကူအညီနဲ့စခဲ့တာဟာ ခုချိန်ထိပဲ'' ဟု Firefly Recycle(Network) အဖွဲ့မှ ဦးအေးလွင်ကပြောပြသည်။

ကိုယ်တိုင်ကြိုးစားသင်ယူခဲ့

၎င်းအနေဖြင့် စွန့်ပစ်ပစ္စည်းများဖြင့် လက်ရာမြောက်သော လက်မှုပစ္စည်းများ ဖန်တီးထုတ်လုပ်နိုင်ရန် လိုအပ်သည့် ဒီဇိုင်းပုံစံများအား Internet စာမျက်နှာများမှတစ်ဆင့် ရှာဖွေကာ ကိုယ်တိုင်ကိုယ်ကျ ကြိုးစားလေ့ကျင့် သင်ယူခဲ့ရပြီး အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

"ပထမဆုံး စလုပ်ချိန်က စက္ကူတွေ မှိုတက်တယ်၊ မည်းတယ်၊ ကော်မကောင်းလို့ အကုန်ပြုတ်ထွက်လိုက်၊ ပြန်လုပ်လိုက်နဲ့ အခက်အခဲတွေက အများကြီး။ တစ်ခုလဲ အောင်မြင်သွားရော နောက်အရာတွေ အေးဆေးပါပဲ" ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

Recycle လုပ်ငန်းသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကိုများစွာ အကျိုးပြုသည့် လုပ်ငန်းဖြစ်ပြီး ငွေအရင်းအနှီးများစွာ မလိုအပ်ဘဲ မိမိပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများကို အနုပညာမြောက်စွာ ဖန်တီးထုတ်လုပ်နိုင်ခြင်းသည်သာ အဓိကဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများအား တန်ဖိုးထား သုံးစွဲလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ စွန့်ပစ်ပစ္စည်းများစွာကို အသုံးပြု၍ ပြုလုပ်ထားသည့် ပစ္စည်းများအား ပြပွဲများ၊ ဆိုင်ခန်းများတွင် ခင်းကျင်းပြသရောင်းချရာတွင် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်စွာ ဝယ်ယူလာကြကြောင်း ဦးအေးလွင်ထံမှ သိရသည်။

ပိုကောင်းအောင်ဖန်တီးဖို့လို

"အမှိုက်ကနေ ရွှေဖြစ်တယ်ဆိုတာ ဒါမျိုးပေါ့၊ ကိုယ့်နိုင်ငံက Recycle ပစ္စည်းလေးတွေကို နိုင်ငံခြားသားတွေ ဈေးကောင်းပေးဝယ်ကြတယ်၊ ဘာကြောင့်လဲ။ အဖြေက ကိုယ်တွေရဲ့ လက်မှုပညာက သေသပ်လှပလို့ပေါ့၊ ဒါဂုဏ်ယူစရာပဲ၊ ဒီထက်ပိုကောင်းအောင် ဖန်တီးဖို့လိုတယ်" ဟု ဦးအေးလွင်ကပြောသည်။

ထို့ပြင် ၎င်း အသက်မွေးဝမ်းကျောင်းပြုရာ Recycle လုပ်ငန်းမှရရှိသည့် ငွေကြေးများဖြင့် ပရဟိတ ဘုန်းတော်ကြီးကျောင်းများ၊ မိဘမဲ့ဂေဟာများသို့ လှူဒါန်းမှုများပြုလုပ်နေပြီး တက္ကသိုလ်များမှ စာတမ်းပြုစုလိုသူများ၊ Recycle လုပ်ငန်း စိတ်ဝင်စားသူများကိုလည်း ပညာရပ်များ ဖြန့်ဝေပေးလျက်ရှိသည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကာလအတွင်း Recycle လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူ၊ ကိုယ်တိုင်စိတ်ကူး စိတ်သန်းအသစ်များကို အကောင်အထည်ဖော်ဆန်းသစ်တီထွင်လုပ်ကိုင်ချင်သူများအား အခမဲ့ ပညာဒါနပို့ချပေးမည်ဖြစ်ကြောင်း ဦးအေးလွင်ထံမှ သိရသည်။

မြင်တတ်ရမယ်

''ဒီအလုပ်က အမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် အိမ်နေရင်း လက်မှုလုပ်ငန်း ကိုယ်ပိုင်လုပ်ငန်းလုပ်လို့ရတယ်။ ကျွန်တော့်ဆီမှာ စကားလုံးတစ်လုံးက LOOK ပဲ၊ မြန်မာလိုက ကြည့်ပါပေါ့။ ကြည့်ပြီး မြင်တတ်ဖို့လည်း လိုပါတယ်၊ ဘယ်လို ပြန်ဖန်တီးရင်ရမလဲဆိုတာ မြင်တတ်ရမယ်။ ဒါဆိုရပြီ"ဟု ဦးအေးလွင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ၅၂ ရပ်ကွက်၊ အောင်သပြေလမ်းမကြီးအနီးရှိ ဦးအေးလွင်၏ အိမ်သို့ သွားရောက်လေ့လာသင်ယူမည်ဆိုပါက အိမ်ခြံရှေ့မျက်နှာစာတွင် ရေသန့်ဘူးခွံ၊ ပုလင်းအဖုံးခွံများကို အသုံး ပြုကာ စိုက်ပျိုးထားသော ပန်းပင်ငယ်လေးများဖြင့် စိမ်းစိုလှပနေသည့် Recycle ပန်းအိုးများ၏ မြင်ကွင်းက စောင့်ကြိုနေမည်သာ။

သီသီမင်း

☆ ရှေ့ဖုံးမှ

ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

အရေးကြီးသည့် အစည်းအဝေး

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ– UPDJC နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ–JMC အစည်းအဝေးများကို ပြန်လည်ကျင်းပရန် (၈) ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း (၁၈) ကြိမ်မြောက် UPDJC အစည်းအဝေးကို နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ကျင်းပခဲ့ပြီး (၁၉) ကြိမ်မြောက် JMC–U အစည်းအဝေးအား ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်–NCA အရ UPDJC နှင့် JMC သည် နိုင်ငံရေးဆွေးနွေးမှုအပိုင်းနှင့် တပ်ပိုင်းဆိုင်ရာ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာအပိုင်းများကို တာဝန်ယူထားရသည့် ယန္တရားများဖြစ်သည်နှင့်အညီ ယခုအစည်းအဝေးများသည် ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် အစည်းအဝေးများဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ကာလရှည်ကြာ ရပ်နားခဲ့ရသည့် UPDJC နှင့် JMC–U အစည်းအဝေးများ ပြန်လည်စတင်နိုင်ခြင်းသည် တွေ့ကြုံခဲ့သည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို စိတ်ရှည်သည်းခံပြီး အပေးအယူ အလျှော့အတင်းနှင့် ညှိနှိုင်းမည်ဆိုလျှင် အောင်မြင်မည်ဆိုသည်ကို သက်သေပြခဲ့ကြပြီးဖြစ်ပါကြောင်း။

(၈)ကြိမ်မြောက် JICM သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကို မိမိတို့ကျင်းပခဲ့သည်မှာ (၆) ကြိမ် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယင်း (၆) ကြိမ်အတွင်း သဘောတူညီချက်များ များစွာရရှိထားပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် အကြောင်းအရာ ခေါင်းစဉ်များကို နှစ်ဖက်ညှိနှိုင်းနေသလို NCA အခန်း (၃) နှင့် (၄) ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ၂၀၂၀ အလွန်တွင် မည်သို့မည်ပုံ ဆွေးနွေးမည်ဆိုသည့် လျာထားချက်များကို နှစ်ဖက်သဘောတူထားပြီးဖြစ်ပါကြောင်း။

အဓိကဆွေးနွေး

ယနေ့တွင် ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–S) အစည်းအဝေးများ Parallel သွားရန်ကိစ္စကို အဓိက ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ မပြေလည်သေးသည့် သဘောထားကွဲလွဲမှုများကို ပြေလည်အောင် ညှိနှိုင်းနိုင်မည့် အလားအလာများ၊ အခြေအနေများ ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဆွေးနွေးညှိနှိုင်းရင်းနှင့် တူညီသည့် ရပ်တည်ချက်သဘောထားများကို သဘောတူညီချက်အဖြစ် ပြောင်းလဲနိုင်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် မိမိတို့ ဆွေးနွေးဖက်များအကြား ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်များအဖြစ် ရယူပေးကြရန် ပြောကြားသည်။

ထို့နောက် NCA–S EAO မှ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အနှစ်သာရ ပြည့်ဝစွာ ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးတို့အတွက် မိမိတို့နှစ်ဖက် ညှိနှိုင်းရေးအဖွဲ့များသည် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ယနေ့အထိ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများကို (၇) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်လက်ခံသည့်၊ ထိုက်သင့်မျှတသည့် ရလဒ်ကောင်းများကိုလည်း ရရှိခဲ့ပါကြောင်း။

(၈)ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ချက်အားလုံး (၈) ချက်ရှိပါကြောင်း၊ ယင်းဆုံးဖြတ်ချက် (၈) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက တာဝန်ယူ ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက် (၈) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အကောင်အထည်ဖော်ဆောင်ရွက်ပြီးသည့် အချက်များရှိသကဲ့သို့ အကောင်အထည်မဖော်နိုင်သေးသည့်အချက်များလည်း ရှိခဲ့ပါကြောင်း၊ အကောင်အထည်မဖော်နိုင်သေးသည့်အချက်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့် ကော်မတီအသီးသီးက ကြိုးပမ်းညှိနှိုင်းဆွေးနွေးနေဆဲ ဖြစ်ပါကြောင်း။

(၈) ကြိမ်မြောက် JICM အစည်းအဝေးအပြီး UPDJC နှင့် JMC အစည်းအဝေးများကို နှစ်လအတွင်း ခေါ်ယူကျင်းပရန် သဘောတူထားသည့်အတိုင်း UPDJC အစည်းအဝေးကို ကျင်းပနိုင်ခဲ့သော်လည်း JMC–U အစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင်လဆန်းမှသာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ JMC–S အစည်းအဝေးများ ကျင်းပနိုင်ရေးကိုလည်း ဆက်လက်ညှိနှိုင်းနေပါကြောင်း။

ပန်းတိုင်မရောက်ရှိသေး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ပထမ လေးလပတ်အတွင်း ကျင်းပရန် ဆုံးဖြတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် မိမိတို့အနေဖြင့် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါကြောင်း၊ လိုရာပန်းတိုင်ကို မရောက်ရှိသေးပါကြောင်း။

ယနေ့ညှိနှိုင်းအစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက် အမှတ် (၁) ဖြစ်သည့် တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းအစည်းအဝေး (Bilateral Meeting) နှင့် JMC အစည်းအဝေးများအား အပြိုင်ကျင်းပသွားရန်ဆိုသည့် အပေါ် နှစ်ဦးနှစ်ဖက် အမြင်သဘောထား၊ နားလည်မှုနှင့် ချဉ်းကပ်မှုမတူညီမှုများကို အကျေအလည်၊ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း။

ဆွေးနွေးညှိနှိုင်းရာတွင် ကိုယ့်မူသူ့မူ အခိုင်အမာကိုင်စွဲပြီး တစ်ဖက်ကို တစ်ဖက် အကျပ်အတည်း ဖြစ်စေနိုင်သည့်၊ ညှိနှိုင်းအဖြေရှာရန် ခက်ခဲစေနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများကို တတ်နိုင်သမျှ နှစ်ဖက်စလုံးက ရှောင်ရှားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း၊ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးနှင့် အားလုံးအကျိုးအတွက် နှစ်ဖက်လက်ခံကျေနပ်ပြီး မျှမျှတတဖြစ်သည့်၊ ထိုက်သင့်သည့် အပေးအယူ၊ အလျှော့အတင်းများကို လိုအပ်သလို ဆောင်ရွက်ပေးရေးဝန်မလေးကြရန် တိုက်တွန်းလိုပါကြောင်း။

သတင်းကောင်းများ၊ ရလဒ်ကောင်းများကို မျှော်လင့်စောင့်စား နားစွင့်နေကြသူ အားလုံးအတွက် ယခုညှိနှိုင်းအစည်းအဝေးက လိုလားတောင့်တချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက JMC–S Parallel Process ကိစ္စ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အစိုးရနဲ့ NCA–S EAO တို့ အလုပ်အဖွဲ့ အစည်းအဝေး နေပြည်တော်မှာ ကျင်းပခြင်းဖြစ်ပါတယ်။ ဒီနေ့ အဓိကဆွေးနွေးတဲ့ အကြောင်းအရာကတော့ (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်အမှတ် (၁) ဖြစ်တဲ့ တရားဝင်အစည်းအဝေးတွေနဲ့ bilateral အစည်းအဝေးတွေကို အပြိုင်သွားဖို့ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ဆွေးနွေးတာဖြစ်ပါတယ်။ အထူးသဖြင့် JMC–U အစည်းအဝေးတွေကို ကျင်းပပြီးသွားပြီ၊ UPDJC ကျင်းပပြီးသွားပြီ၊ ပြီးတော့ JMC–S အစည်းအဝေးတွေ ဆက်လက်ကျင်းပဖို့ ဒီနေ့ဆွေးနွေးတာဖြစ်ပါတယ်။

သဘောတူညီချက်ရဖို့ မျှော်လင့်

အထူးသဖြင့်ကတော့ bilateral Concept ပါ။ အပြိုင်သွားတဲ့သဘောတရား၊ တရားဝင်အစည်းအဝေးတွေရှိမယ်။ တစ်ချိန်တည်းမှာ NCA မှာပါတဲ့အတိုင်း အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား နှစ်ဖက် Bilateral ဆွေးနွေးမှုတွေကိုလည်း ရှိမယ်။ ဒါတွေကို အပြိုင်သွားမယ်ဆိုပြီး JICM က ဆုံးဖြတ်ထားတယ်။ ဒီအတိုင်းသွားဖို့အတွက် တပ်မတော်က တောင်းဆိုထားတယ်။ အဲဒီအပေါ်မှာလည်း အစိုးရအနေနဲ့ ထောက်ခံတယ်။ ထောက်ခံတဲ့အတွက် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း JMC–S အစည်းအဝေးတွေ သွားဖို့ ဒီနေ့ဆွေးနွေးတဲ့အခါ EAOs ထဲက KNU မှာ တချို့ အခက်အခဲလေးတွေရှိတယ်။ အခက်အခဲလေးတွေရှိတော့ ဒီနေ့ဆွေးနွေးတာ မပြီးပြတ်ဘူး။ မပြီးပြတ်တော့ မနက်ဖြန် ၁၀ နာရီမှ ဆက်ဆွေးနွေးမယ်။ အစိုးရအနေနဲ့ (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း KNU အနေနဲ့ သူ့အဖွဲ့အစည်းထဲမှာ ပြန်လည်ဆွေးနွေးပြီးတော့ သဘောတူညီချက်ရနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ မျှော်လင့်ထားတယ်။ နောက်ဆုံးအချက်အနေနဲ့ ညီလာခံကျင်းပရေးကိစ္စပေါ့။ ညီလာခံကျင်းပဖို့အတွက် (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာဆုံးဖြတ်ထားပြီးဖြစ်တာက ၂၀၂၀ ပြည့်နှစ် ပထမ လေးလတာကာလ အတွင်းမှာ ညီလာခံကျင်းပဖို့ JICM အစည်းအဝေးက ဆုံးဖြတ်ထားတယ်။ ကိုဗစ်–၁၉ ကာလဖြစ်တဲ့အတွက် အကြောင်းကြောင်းကြောင့် နောက်ကို ရွှေ့ခဲ့ရတယ်။ **(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပမယ်လို့ လျာထားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရန်ကုန်မှာ လေးရက်တာ ကျင်းပပြုလုပ်ခဲ့တဲ့ အလုပ်အဖွဲ့အစည်းအဝေးမှာ ညီလာခံကျင်းပမယ့်ရက်ကို လာမယ့်ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ သတ်မှတ်လျာထားခဲ့တယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲကျင်းပမယ့် ကာလရှိတဲ့အတွက် ဒီထက်တော့ နောက်ဆုတ်လို့မရဘူး။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ စည်းရုံးလှုပ်ရှားမှုတွေ ဆောင်ရွက်ရတဲ့အနေအထားရှိတဲ့အတွက် ညီလာခံကို ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ရှိပါတယ်။ အဲဒါကိုတော့ ပြီးခဲ့တဲ့အစည်းအဝေးမှာ သဘောတူထားတယ်။**

နောက်တစ်ချက်ကတော့ လူမှုကွန်ရက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကျန်းမာရေးနဲ့ပတ်သက်လို့ မဟုတ်မမှန်တဲ့ သတင်းတွေထွက်ပေါ်နေတာရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ကျန်းမာရေးအခြေအနေ အားလုံးကောင်းပါတယ်။ ဘာမှ ဖျားခြင်း၊ နာခြင်းမရှိဘူး။ အဲဒါလေးတော့ အဓိကပြောချင်ပါတယ်"ဟု ပြောသည်။

ယခုအစည်းအဝေးကို ဩဂုတ် ၂ ရက်တွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ–ကိုထိန်**

(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပမယ်လို့ လျာထားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရန်ကုန်မှာ လေးရက်တာ ကျင်းပပြုလုပ်ခဲ့တဲ့ အလုပ်အဖွဲ့အစည်းအဝေးမှာ ညီလာခံကျင်းပမယ့်ရက်ကို လာမယ့် ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ သတ်မှတ်လျာထားခဲ့တယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲကျင်းပမယ့် ကာလရှိတဲ့အတွက် ဒီထက်တော့ နောက်ဆုတ်လို့မရဘူး။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ စည်းရုံးလှုပ်ရှားမှုတွေ ဆောင်ရွက်ရတဲ့အနေ အထားရှိတဲ့အတွက် ညီလာခံကို ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ရှိပါတယ်။ အဲဒါကိုတော့ ပြီးခဲ့တဲ့အစည်းအဝေးမှာ သဘောတူထားတယ်။

ထင်းအစားထိုး လောင်စာတောင့်လုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ

စစ်ကိုင်း ဩဂုတ် ၁

စစ်ကိုင်းမြို့နယ် တန်းတောကျေးရွာတွင် ထင်းအစားထိုး လောင်စာတောင့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း ခေတ္တရပ်နားထားခဲ့ရပြီး ယခုအခါ ပြန်လည်လုပ်ကိုင်နေပြီဖြစ်သည့်အတွက် မိသားစုစားဝတ်နေရေး အနည်းငယ် အဆင်ပြေမှုရှိလာကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

ငွေကျပ် ၂၅၀၀ နှုန်းရ

"ကျွန်တော်တို့ မိသားစု ဒီလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လာတာ နှစ်နှစ်လောက်ရှိပါပြီ။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလမှာတော့ အရောင်းအဝယ်တွေက ထိုးကျသွားတယ်။ ယခင်ကဆိုရင် ခုနစ်ရက် တစ်ပတ်မှာ အတောင့် ၄၀ ပါတဲ့ ပီနံအိတ်အလုံး ၂၅၀ လောက်ကို အနယ်နယ်အရပ်ရပ်မှာ ပို့ပေးရတော့ အဆင်ပြေတယ်။ ပီနံအိတ်တစ်အိတ်ကို ငွေကျပ် ၂၅၀၀ နှုန်းရပါတယ်။ အခုတော့ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေက ကျန်းမာရေးနဲ့အညီ ပြန်ဖွင့်တော့ ကျွန်တော်တို့လည်း လုပ်ငန်းပြန်လည်စတင်လုပ်ကိုင်ရတယ်။ အရင်ကလောက်မပို့ရပေမယ့် မိသားစုစားဝတ်နေရေးအတွက် နည်းနည်းအဆင်ပြေလာပါပြီ။ လုပ်ကိုင်ရင်းနဲ့ ပိုပြီး အဆင်ပြေလာလိမ့်မယ်လို့တော့ မျှော်လင့်ထားပါတယ်"ဟု လောင်စာတောင့်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ထင်းအစားထိုး လောင်စာတောင့်လုပ်ကိုင်ရာတွင် ရွှံ့စေးများကို အရည်ဖျော်ထားပြီး မီးသွေးခဲ အကြေအိတ်များဝယ်ယူ၍ စက်ဖြင့် မီးသွေးအမှုန့်ကြိတ်ကာ ရွှံ့စေးဖြင့် ဖျော်စပ်၍ ပုံလောင်းကာ သုံးရက်လောက် နေပူလှန်းရကြောင်း၊ အသုံးပြုသူများအနေဖြင့် လောင်စာတောင့် တစ်တောင့်ကို အချိန်တစ်နာရီကျော်ကြာအောင် အသုံးပြုရကြောင်း သိရသည်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်

■ မြန်မာသူဇာ

COVID-19 ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန်၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့တဲ့ မြန်မာ့အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျွန်မအနေနဲ့ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ခွင့် ရခဲ့ပါတယ်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် Japan External Trade Organization (JETRO) တို့က ပူးပေါင်း ကျင်းပတယ်လို့လဲ သိရပါတယ်။ ယခုလို COVID-19 ကပ်ရောဂါနဲ့ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာတောင် ဒီလို မြန်မာ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ဖော်ဆောင်နိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုကိုတော့ ကျွန်မတို့အားလုံး အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အလားအလာကောင်းများရှိ

ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနရဲ့ အစဉ်တစိုက် ကြိုးပမ်းမှုကြောင့်ပဲ ဒီလိုကပ်ရောဂါကာလမှာတောင် ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်စီးဝင်လျက်ရှိပြီး ယခုနှစ် မျှော်မှန်းချက်ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရရှိဖို့ အလားအလာကောင်းများရှိတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ World Investment Report 2020 အရ Global Foreign Direct Investment က ၂၀၂၀ ပြည့်နှစ်မှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားလို့ မြန်မာနိုင်ငံအနေနဲ့လည်း ဒီ COVID-19 ကပ်ရောဂါရဲ့ ဂယက်ကို မလွဲမသွေ ခံစားရနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနိုင်တယ်လို့ ထင်မြင်ခဲ့မိပေမယ့် ယခုလို ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် စီးဝင်လျက်ရှိတာကို သိရှိရတဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အားတက်ဂုဏ်ယူမိပါတယ်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဟာ ကမ္ဘာ့နိုင်ငံများမှာ အရေးပါတဲ့ ဖွံ့ဖြိုးမှုမူဝါဒတစ်ရပ်ဖြစ်တဲ့အတွက်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေတဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းနေတာကိုလည်း တွေ့မြင်နေရပါတယ်။

ဒီလိုဆွဲဆောင်မှုတွေရဲ့ ရလဒ်ကောင်းတစ်ခုအနေနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာ ဂျပန်ကုမ္ပဏီများရဲ့ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ Liquefied Natural Gas (LNG) အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းကို မျှားမကြာမီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းကို ဂျပန်ကုမ္ပဏီ သုံးခုဖြစ်သည့် Marubeni၊ Sumitomo Corporation နှင့် Mitsui & Co တို့က မြန်မာနိုင်ငံ ဒေဝလုပ်ငန်းစုနဲ့ ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမှ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမယ်လို့ သတင်းမီဒီယာများမှတစ်ဆင့် ဖတ်ရှုသိရှိရပါတယ်။ ဒီလို အရည်အသွေးပြည့်ဝတဲ့ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ (Multinational Corporations–MNCs) ဝင်ရောက်လာခြင်းဟာ မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာမှုရှိသော၊ ရိုးရှင်းလွယ်ကူမှုရှိသော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက် ရှိနေပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း အခြေခံအဆောက်အအုံကောင်းများ ပိုမိုဖော်ဆောင်ပေးပြီး၊ အဆင့်အတန်းမြင့်မားသည့် စီးပွားရေးဝန်ဆောင်မှုကောင်းများ၊ အရည်အသွေး ပြည့်ဝပြီး သင်လွယ်တတ်လွယ်သော လုပ်သားအင်အားနှင့် ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ ကာကွယ်ပေးနိုင်မှုတို့ ပိုမိုအားကောင်းစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူချောမွေ့လာအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

> **အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသော်လည်း တိုးတက်မှု အလားအလာများစွာရှိသည့် စက်မှုကဏ္ဍတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး အပါအဝင် အရည်အသွေးပြည့်ဝသည့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်မှာဖြစ် . . .**

စီမံကိန်းသစ် နှစ်ခု

COVID-19 ကပ်ရောဂါကူးစက်မှုက နိုင်ငံများရဲ့ ကျန်းမာရေးကဏ္ဍကိုသာမက စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတို့ကိုပါ ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအနေနဲ့ အကြီးမားဆုံးရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်ကတော့ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ပြဿနာပဲ ဖြစ်ပါတယ်။ ဒီလို အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းသစ်နှစ်ခုဖြစ်တဲ့ မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့ အနောက်ဘက်တွင် ဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ကြေညာခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့လည်း "အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)၏ အနှစ်သာရလည်း ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ပြီး အရည်အသွေး ပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများကို ဖော်ဆောင်နိုင်ခြင်း မရှိပါက ကောင်းမွန်သည့် အလုပ်အကိုင်များ ဖန်တီးနိုင်ရေးနှင့် စစ်မှန်သော တိုးတက်မှုများ ရရှိနိုင်ရေးတို့သည် အလှမ်းကွာဝေးနေမည် ဖြစ်ပါကြောင်း၊ အရည်အသွေး ပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေဖို့ လုပ်ခလစာ များပြားရုံသာမက ဝန်ထမ်းများအတွက် လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်ရမှာ ဖြစ်ပါကြောင်း" ဗီဒီယိုမိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း "သီလဝါ အထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကို နမူနာယူ၍ မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်ဆောင်ရွက်လျက်ရှိသော အထူးစီးပွားရေးဇုန်များထက် သာလွန်ကောင်းမွန်ပြီး ပိုမိုကြီးမားရုံသာမက အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်နိုင်ပြီး မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံမှတစ်ဆင့် သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တို့ ချိတ်ဆက်နိုင်မည့် အထူးစီးပွားရေးဇုန်အသစ်တစ်ခုကို ထူထောင်သွားမည် ဖြစ်ကြောင်း" မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ပြီး ရန်ကုန်မြို့ အနောက်ဘက်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ "ရန်ကုန်မြို့တော်ကို အာရှ၏ ထိပ်တန်းမြို့တော်အဖြစ် ပြန်လည်ရပ်တည်နိုင်စေရန် ရည်ရွယ်၍ စက်မှုဇုန်နှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ရန်ကုန်မြို့၏အနောက်ဘက်တွင် တည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆွစ်ယှဉ်ပြိုင်တင်ဒါစနစ် (Swiss Challenge) ကို မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အကြံပေးအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပွင့်လင်းမြင်သာမှုရှိသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော တင်ဒါဖြစ်စေရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

မဟာမဲခေါင်ဒေသခွဲ အရှေ့- အနောက် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ၆၂ ကီလိုမီတာအရှည်ရှိ ပဲခူး- ကျိုက်ထို အမြန်လမ်း စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းရယူရန် ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုထားပြီးဖြစ်ရာ သီလဝါ အထူးစီးပွားရေးဇုန်နှင့် မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်တို့၊ သန်လျင်-ပဲခူးလမ်းနှင့် ပဲခူး-ကျိုက်ထို အမြန်လမ်းတို့မှတစ်ဆင့် အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရုံသာမက မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမှတစ်ဆင့် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လင်းလာမှာ ဖြစ်ပါတယ်။

အခွင့်အလမ်းတစ်ရပ်

ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများတွင် ပါဝင်မည့် စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေကြရာမှ ယခု အကောင်အထည်ဖော်တည်ဆောက်မည့် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများသည် COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံသို့ ပြန်လာကြရသည့် နေရပ်ပြန်ပြည်သူများနှင့် ပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေနေသူများအတွက် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါတယ်။

ဟန်ချက်ညီဖွံ့ဖြိုး

အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသော်လည်း တိုးတက်မှု အလားအလာများစွာရှိသည့် စက်မှုကဏ္ဍတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး အပါအဝင် အရည်အသွေးပြည့်ဝသည့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကျင်းပခဲ့တဲ့ မြန်မာ-ဂျပန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရအကြီးအကဲများနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့သည့် Video Conferencing စနစ်ဖြင့် ကျင်းပခဲ့တဲ့ မြန်မာ့အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ တိုးပွားခိုင်မာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ဂျပန်နိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေမှာ အမှန်ပင် ဖြစ်ပါတော့သည်။ ။

မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စီးပွားရေးစင်္ကြံ

ဓာတ်မြင်။ http://mythuyport.com/eastwest-economic-corridor/

စေတုတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

စေတုတ္တရာ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်သူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နိုင်ငံသားစိစစ်ရေးကတ်များ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုကို စေတုတ္တရာမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထင်အောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြေနီကုန်းကျေးရွာ၊ တောင်မြေနီကျေးရွာ၊ တယ်ဇားကျေးရွာ၊ ကြီးဝကျေးရွာနှင့် မွန်ဇော်ကျေးရွာတို့မှ ဒေသခံပြည်သူများအား မြန်မာနိုင်ငံသားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲဆန္ဒရှင်စာရင်းများမှ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်ရှိနေသေးသည့် ကျေးရွာများတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်များကို ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထင်အောင်ထံမှ သိရသည်။

ခင်သန်းလှိုင်(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်မှ ဖြန့်ဝေသော တောင်မုန်းမြောင်းမကြီးအား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေ

ပွင့်ဖြူ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြန့်ဝေပေးသည့် တောင်မုန်းမြောင်းမကြီးအား အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများဖြန့်ဝေပေးနေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် လက်တံမြောင်းများအားလုံး မြောင်းဆုံးမြောင်းဖျားအထိ တစ်ပြိုင်တည်း ဆည်ရေဖြန့်ဝေပေးရန် ခက်ခဲလာသဖြင့် ဆည်ရေပို့လွှတ်ပေးနေသော တောင်မုန်းမြောင်းမကြီးအား ဇူလိုင် ၃၀ ရက်မှစတင်၍ အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးနေရကြောင်းနှင့် ယင်းသို့ ဖြန့်ဝေပေးရာတွင် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လက်တံ (၃၊ ၄ - က၊ ၅၊ ၇၊ ၈၊ ၉၊ ၁၃၊ ၁၅) ရေလက်တံမြောင်းများကို အပတ်စဉ် ကြာသပတေးနေ့ နံနက် ၆ နာရီမှ တနင်္ဂနွေနေ့ နံနက် ၆ နာရီအထိ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လက်တံ (၂၊ ၄၊ ၆၊ ၁၁၊ ၁၄) ရေလက်တံမြောင်းများကို အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၆ နာရီမှ ကြာသပတေးနေ့ နံနက် ၆ နာရီအထိ ရေပေးဝေနည်းစနစ်ဖြင့် အလှည့်ကျဖြန့်ဝေပေးနေကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

ဧရာဝတီမြစ်ရေ ဟသ်ာတမြို့၌ စိုးရိမ်ရေမှတ် အထက်ကျော်လွန်

နေပြည်တော် ဩဂုတ် ၁

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ၃ လက်မခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ၃ လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

ကျွန်းစုမြို့နယ် မြစိမ်းရောင်ငါးကဏ္ဍ ကျေးရွာကော်မတီ ပြန်လည်ဖွဲ့စည်း

ကျွန်းစု ဩဂုတ် ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိ၍ မိသားစုဝင်ငွေတိုးကာ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကံမော်ကျေးရွာ မြစိမ်းရောင် ငါးကဏ္ဍ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သက်တမ်းသုံးနှစ်ပြည့်ပြီဖြစ်သဖြင့် ဒုတိယအကြိမ် ကျေးရွာကော်မတီ ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကံမော်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်က ကျေးရွာကော်မတီများ ပြန်လည်ရွေးချယ်ရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ၊ စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူတို့ကို ရွေးချယ်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ ကျေးရွာသားများက ယခင်ကော်မတီဥက္ကဋ္ဌ ဦးသန်းဌေးပါ ခုနစ်ဦးကိုသာ ဆက်လက်တာဝန်ပေးအပ်ရန်နှင့် ရပ်ကွက်(၂)မှ လိုအပ်သော ကော်မတီဝင် နှစ်ဦးအား ထပ်မံထည့်သွင်း ဖွဲ့စည်းပေးရန်တင်ပြချက်အရ ဆန္ဒမဲပေးရွေးချယ်စေပြီး စုစုပေါင်း ကျေးရွာကော်မတီ ကိုးဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အတိုးရရှိငွေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဘားအံမြို့နယ်နှင့် ကမမောင်းမြို့နယ်များ၌ ငါးသားပေါက်များ ထောက်ပံ့

ကမမောင်း ဩဂုတ် ၁

ကိုဗစ်-၁၉ ရောဂါအလွန် ငါးမွေးမြူရေးကဏ္ဍပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ငါးမွေးတောင်သူများသို့ ငါးသားပေါက်ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့တွင် ပြုလုပ်ခဲ့ရာ ဘားအံမြို့နယ် မီးပုံးရွာရှိ ငါးမွေးတောင်သူများနှင့် ကမမောင်းမြို့ရှိ ငါးမွေးတောင်သူ ခြောက်ဦး၏ ငါးကန် ၈ ဒသမ ၄၃ ဧကအား ခရိုင် ငါးလုပ်ငန်းဦးစီးမှူးက ငါးသားပေါက်ကောင်ရေ ၁၆၈၆၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ခရီးသွားပြည်နယ်ဖြစ်လာရန် ကြိုးပမ်းနေသည့် ကယားတို့မြေ ငွေတောင်ပြည်

ဖိုးဇော်၊ ရှင်မင်း
ဓာတ်ပုံ-မောင်ဖိုးဇော်(ကယားပြည်နယ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)

ပေ ၅၀၀၀ ကျော် မြင့်မားသည့် ကယားပြည်နယ်၏ အမြင့်ဆုံး လွိုင်နန်းဖတောင်ပေါ်မှ စိမ်းစိုနေသော တောတောင်တစ်ခွင်ကို စီးမိုး၍ မြင်နေရသည့် မြင်ကွင်းသည် နှစ်နာရီကျော်ခရီးဖြင့် တောင်ပေါ်တက်လာသည့် အမောကို ကွယ်ပျောက်သွားစေသည်။ တောင်တက်ခြင်း၊ စွန့်စားခရီးသွားခြင်း နှစ်သက်သူများ အကြိုက်တွေ့စေမည့် လွိုင်နန်းဖတောင်သည် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် တည်ရှိသည်။

တန်းတူညီမျှစိတ်ထား

လွိုင်နန်းဖတောင်ပေါ်တွင် ဉာဏ်တော်အမြင့် ၄၅ ပေရှိ စေတီတော်၊ ကက်သလစ်အသင်းတော်နှင့် နှစ်ချင်းခရစ်ယာန်အသင်းတော်တို့မှ စိုက်ထူခဲ့သည့် အမြင့် ၄၅ ပေရှိ လက်ဝါးကပ်တိုင်တို့ကို ယှဉ်တွဲတွေ့ရှိရသည်။ လာရောက်လည်ပတ်သူများက လွိုင်နန်းဖတောင်သည် ကယားတိုင်းရင်းသားတို့၏ တန်းတူညီမျှစိတ်ထားနှင့် တစ်ဦးအပေါ်တစ်ဦး လေးစားမှုများ၊ ဘာသာရေးလွတ်လပ်ခွင့်များကို အတိုင်းသားပေါ်လွင်စေသည့် နေရာတစ်ခုဟု ဆိုကြသည်။

လွိုင်နန်းဖတောင်တည်ရှိရာ ဒီးမော့ဆိုမြို့နယ်သည် အေးမြစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ ၃၄ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၆ ဒီဂရီ စင်တီဂရိတ်ရှိကြောင်း သိရသည်။ ခြေလျင်တောင်တက်ခရီးသွားမည်ဆိုလျှင် ပွင့်လင်းရာသီတွင် သွားရောက်ပါက အဆင်ပြေသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

ကယားပြည်နယ်အစိုးရသည် ဒီးမော့ဆိုမြို့နယ်ရှိ လွိုင်နန်းဖတောင်၊ ဖရူဆိုမြို့နယ်ရှိ ဆင်ဖြူတောင်နှင့် ထီးပရူးနူးလိုဏ်ဂူတို့ အပါအဝင် ခရီးစဉ်ဒေသသစ်များစွာ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အစိုးရအနေဖြင့် ကယားပြည်နယ်အား ခရီးသွားပြည်နယ်တစ်ခု ဖြစ်လာစေရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရည်မှန်းဆောင်ရွက်မှုအပေါ် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "ကယားပြည်နယ်ဟာ ကုန်းတွင်းပိတ် ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်တဲ့အတွက် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ဒါကြောင့် ကုန်းတွင်းပိတ်နေတဲ့ ပြည်နယ်အတွက် ပိတ်နေတဲ့ လမ်းကြောင်းဆိုတာ တံခါးဖွင့်ပေးမှသာ ခရီးသွားလုပ်ငန်းကဏ္ဍနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးအောင် ဆောင်ရွက်မှုတွေက ဒွန်တွဲပါလာမှာပါ။ ပြည်နယ်ကို ခရီးသွားပြည်နယ်တစ်ခု ဖြစ်လာစေဖို့ ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ခရီးစဉ်သစ်များ

ခရီးစဉ်သစ်များအဖြစ် လွိုင်ကော်-မိုးဗြဲရေတံခါး-ဖယ်ခုံ-အင်းလေး ရေလမ်းကြောင်း ခရီးစဉ်နှင့် လွိုင်ကော်မြို့ကို ဖြတ်သန်းစီးဆင်းနေသော ဘီလူးချောင်းအတွင်း အပျော်စီး စက်လှေခရီးစဉ်တို့ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထူးချောင်းနှင့် ပွန်ချောင်းဆုံရာတွင် ကနူး၊ ကယက်လှေစီးနိုင်ရန် ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်နယ်မှာ ခရီးသွားလုပ်ငန်း အောင်မြင်ဖို့အတွက် ပြည်နယ် သန့်ရှင်းသာယာလှပရေးက အရေးကြီးပါတယ်။ ပြည်နယ်သန့်ရှင်းသာယာလှပနေမှ ခရီးသွားဧည့်သည်တွေက လာမှာပါ။ ဒါကြောင့် ပြည်နယ် သန့်ရှင်းသာယာရေးဟာ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ ကြိုးစားဆောင်ရွက်မှုတစ်ခုပါ။ ဒါက ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပါ။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားကြတယ်။ စေတနာတွေ၊ ကူညီရိုင်းပင်းမှုတွေက ရှိပြီးသားပါ။ ဒါကြောင့် ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲဖို့အတွက် အစိုးရအဖွဲ့၊ ပြည်သူလူထု၊ ရပ်ရွာ လူမှုရေးအဖွဲ့တွေ အားလုံးပူးပေါင်းပြီး ပြည်နယ်သန့်ရှင်းသာယာလှပဖို့ အားလုံးပူးပေါင်းဆောင်ရွက်တယ်။ ဒီလို ပူးပေါင်းမှု အားကောင်းတဲ့အတွက် ကျွန်တော်တို့ ပြည်နယ်ဟာ အာဆီယံအဖွဲ့ကြီးက ပေးအပ်တဲ့ဆုကို ရရှိခဲ့တယ်။ ဒီလို အားကောင်းအောင်လည်း လိုအပ်တဲ့ပံ့ပိုးမှုတွေကို တစ်နှစ်ထက်တစ်နှစ် ဖြည့်ဆည်းပေးပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

ဦးအယ်လ်ဖောင်းရှို (ကယားပြည်နယ်ဝန်ကြီးချုပ်)

ဦးလင်းဇော်ထွန်း
(ဦးစီးမှူး၊
ပြည်နယ်ဟိုတယ်နှင့်
ခရီးသွားညွှန်ကြားမှုဦးစီးဌာန)

ဦးသန်းထွေး
(ကယားပြည်နယ်ဒေသဆိုင်ရာ
ခရီးသွားလုပ်ငန်းကော်မတီမှ
ခရီးသွားတတ်သိပညာရှင်)

ကိုမောင်သား
(ပန်ပက်ကျေးရွာ
ကျေးရွာလူထုအခြေပြု
ခရီးသွားလုပ်ငန်းဥက္ကဋ္ဌ)

ပြည်နယ်အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူတစ်ဦးချင်း၏ တာဝန်သိ၊ တာဝန်ယူမှုများကြောင့် ကယားပြည်နယ် လွိုင်ကော်မြို့သည် ASEAN Tourist City Award ကို ၂၀၁၉ ခုနှစ်က ရရှိခဲ့သည်။

ညီအစ်မမြို့တော်

"ကျွန်တော်တို့ ပြည်နယ်ဟာ ထိုင်းနိုင်ငံနဲ့ ဆက်စပ်နေပါတယ်။ ကျွန်တော်တို့နဲ့ ထိစပ်နေတဲ့ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်ဟာ နိုင်ငံတကာခရီးသွား အများကြီး ဝင်ရောက်တဲ့ ပြည်နယ်ပါ။ မယ်ဟောင်ဆောင်ပြည်နယ်ကနေ ကျွန်တော်တို့ ကယားပြည်နယ်ကို ဆက်စပ်ဝင်ရောက်လည်ပတ်နိုင်ဖို့ ကျွန်တော်တို့ ပြည်နယ်အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ကယားပြည်နယ်နဲ့ မယ်ဟောင်ဆောင်ပြည်နယ်ကို ညီအစ်မမြို့တော်(Sister Cities) အဖြစ် ဖော်ဆောင်နိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလင်းဇော်ထွန်းက ဆိုသည်။

ကယားပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ်တို့သည် ညီအစ်မမြို့တော် (Sister Cities) အဖြစ် ဆောင်ရွက်သွားနိုင်ရန် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်က လွိုင်ကော်မြို့၌ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ- MoU ရေးထိုးခဲ့ကြသည်။

ထိုသို့ MoU ရေးထိုးနိုင်ခဲ့သည့်အပြင် ပြည်နယ်နှစ်ခုမှ အစိုးရအဖွဲ့များ၏ သဘောတူညီချက်ဖြင့် ချစ်ကြည်ရေးမော်တော်ယာဉ်တန်း ခရီးစဉ်များဖြင့် အပြန်အလှန်လည်ပတ်လျက်ရှိသည်။

ပြည်နယ်အတွင်း ခရီးသွားများ ပိုမိုဝင်ရောက်လာစေရေးအတွက် ကယားပြည်နယ်အစိုးရသည် ကန့်သတ်နယ်မြေအတွင်း ကျရောက်လျက်ရှိသော မြို့နယ်များကို လည်ပတ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ပခရီးသည်များသည် ၂၀၁၇ ခုနှစ်အထိ လွိုင်ကော်မြို့နယ် ဒီးမော့ဆိုမြို့ပေါ်၊ ဖရူဆိုမြို့ပေါ်များသာ ဝင်ရောက်လည်ပတ်ခွင့်ရှိသော်လည်း ယခုအခါ ဒေသအနှံ့ သွားလာလည်ပတ်နိုင်ပြီဖြစ်သည်။

နိုင်ငံတကာခရီးသွားပြပွဲများ

ထိုသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ကန့်သတ်နယ်မြေများကိုပါ သွားလာလည်ပတ်နိုင်ပြီဖြစ်သည့်အတွက် ကယားပြည်နယ်ခရီးစဉ်များကို နိုင်ငံတကာ ခရီးသွားပြပွဲများတွင်ပါ ပါဝင်ပြသလျက်ရှိကြောင်း ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြည်နယ်ခရီးသွားကဏ္ဍ ပိုမိုတိုးတက်ရန်အတွက် လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ကျေးရွာများကို ပြည်နယ်အစိုးရအနေဖြင့် ဖော်ဆောင်လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာ၊ ၂၀၁၈ ခုနှစ်တွင် ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမကျေးရွာ စုစုပေါင်း ကျေးရွာလေးရွာ၌ လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ ကျေးရွာမှာ လူထုအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ခဲ့တဲ့အတွက် ကျေးရွာရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ လူနေမှုဘဝတွေကို ပြသခွင့်ရတယ်။ ဒီလို ပြသခွင့်ရတဲ့အတွက် ဝင်ငွေလည်း အထောက်အပံ့ရတယ်။ ပြသတဲ့အခါမှာလည်း ကျွန်တော်တို့ မြေ၊ ရေ၊ ပတ်ဝန်းကျင် ထိခိုက်မှုလည်း မရှိဘူး။ ပြီးတော့ လမ်း၊ မီး၊ ရေစတဲ့ အခြေခံ လိုအပ်ချက်တွေပါ ရရှိလာတယ်။ အရင်ထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာတယ်လို့ ဆိုရမှာဖြစ်တယ်" ဟု လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ပန်ပက်ကျေးရွာမှ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဥက္ကဋ္ဌ ကိုမောင်သားက ပြောသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ထားသည့် ကျေးရွာများသည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိသလို လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ ကျေးရွာတစ်ရွာလျှင် လူဦးရေ ၅၀ ကျော် အလုပ်အကိုင်များ ရရှိနေကြောင်း အဆိုပါ ကျေးရွာများမှ သိရသည်။

သင်တန်းများပို့ချ

လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများတွင် ကျေးရွာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံဧည့်လမ်းညွှန်များ၊ ရိုးရာလက်မှုလုပ်ငန်း ဆောင်ရွက်သည့် အိမ်များ၊ အချက်အပြုတ်အဖွဲ့များနှင့် လက်ဆောင်ပစ္စည်းထုတ်လုပ်သည့် အဖွဲ့များကို ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လိုအပ်သည့် သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်နယ် ခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ အဆိုပါ ကော်မတီအနေဖြင့် ဟိုတယ်၊ တည်းခိုရိပ်သာ၊ ခရီးစဉ်လှည့်လည်ရေး လုပ်ငန်းလိုင်စင်များ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ လွယ်ကူစေရန်နှင့် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

"ပြည်ပခရီးသွား အများစုက ပြုပြင်ဖန်တီးထားတာတွေကို မကြိုက်ကြပါဘူး။ သဘာဝအတိုင်း ရှိနေတာကို နှစ်သက်ကြတယ်။ ကျွန်တော်တို့ ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းက တိုင်းရင်းသားတွေရဲ့ သဘာဝကို သဘာဝအတိုင်း ပြသတဲ့ ခရီးသွားလုပ်ငန်း ဖြစ်ပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်တဲ့အတွက် တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးမှုကိုပါ ဆောင်ရွက်ပေးသလိုပါပဲ" ဟု ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ ခရီးသွားတတ်သိပညာရှင် ဦးသန်းထွေးက ပြောသည်။

ကယားပြည်နယ်သို့ ၂၀၁၆ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၆၃၇၄ ဦး ဝင်ရောက်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၁၂၉၇၃ ဦး ဝင်ရောက်ခဲ့သည့်အတွက် ၆၅၉၉ ဦး တိုးတက်ဝင်ရောက်ခဲ့သည်။ ပြည်တွင်းခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၁၆၉၉၄ ဦး ဝင်ရောက်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၇၅၂၈၆ ဦး တိုးတက်ဝင်ရောက်ခဲ့သည့်အတွက် ၅၈၂၉၂ ဦး တိုးတက်ဝင်ရောက်ခဲ့သည်။

ခရီးသွားကဏ္ဍ တိုးတက်

ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ တိုးတက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ဟိုတယ် ကိုးလုံးရှိရာမှ ၂၀၁၉ ခုနှစ်တွင် ဟိုတယ် ၂၉ လုံးအထိ တိုးတက်လာခဲ့သည်။ ထိုသို့ ခရီးသွားကဏ္ဍ တိုးတက်လာသည့်အတွက် ခရီးသွားကဏ္ဍနှင့်ဆက်စပ်သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပါ တိုးတက်ရရှိလာခဲ့သည်။ လေးနှစ်တာကာလအတွင်း ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ကျပ်ငွေ ၁၅ ဘီလီယံ ကျော်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ပြည်နယ်မှာ ခရီးသွားလုပ်ငန်း တစ်စထက်တစ်စ၊ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နှစ်ထက်တစ်နှစ် အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ တူညီတဲ့အမြင်နဲ့ ပြည်နယ်ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တဲ့ စိတ်စေတနာကြောင့် အောင်မြင်မှုရရှိတယ်လို့ မြင်ပါတယ်။ ဒီလို နိုင်ငံတော်က သွားတဲ့မူဝါဒနဲ့ အညီ အင်နဲ့အားနဲ့ ပြည်သူတွေ တက်တက်ကြွကြွ ပါဝင်တာလည်း ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ကယားပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးမှုအရှိန်သည် လျော့နည်းသွားသော်လည်း ယခုအခါ ပြည်နယ်၏ ခရီးသွားလုပ်ငန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်စတင်နေပြီဖြစ်သည်။

စာမျက်နှာ ၉ သို့ ❖

❖စာမျက်နှာ ၈ မှ

"ထိုင်းနိုင်ငံမှာဆိုရင် မြန်မာနိုင်ငံက တိုင်းရင်းသားတွေကို ခရီးသွားဧည့်သည်တွေကို ပြတာမျိုးတွေရှိတယ်။ သူတို့နိုင်ငံက တိုင်းရင်းသားပုံစံမျိုးနဲ့ ပြသတယ်။ ဒီလိုပြတဲ့အခါ ဘာပြဿနာရှိလဲဆိုရင် ကိုဗစ်ကြောင့် ခရီးသွားကဏ္ဍရပ်သွားတဲ့အခါ တိုင်းရင်းသားတွေက မြန်မာနိုင်ငံကို ပြန်လာကြတယ်။ ကျွန်တော်တို့ ပြည်နယ်မှာက သဘာဝအတိုင်း တိုင်းရင်းသားတွေ နေထိုင်စားသောက်တာကို ပြသတဲ့ ခရီးသွားလုပ်ငန်းဖြစ်တဲ့အတွက် ခရီးသွားမလာတဲ့အခါမှာလည်း တိုင်းရင်းသားတွေဟာ သူတို့ဓလေ့အတိုင်း နေထိုင်စားသောက်မြဲဖြစ်တဲ့အတွက် ရပ်တည်မှု ထိခိုက်တာနည်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ခရီးသွား ဝင်ရောက်ရင်ရတဲ့ အပိုဝင်ငွေတစ်ခုတော့ လျော့သွားတာတော့ ရှိတာပေါ့။ ကိုဗစ်ကြောင့် ထိခိုက်မှုရှိတယ်ဆိုပေမယ့် လုံးလုံးလျားလျားကြီး ထိခိုက်တာမျိုးတော့ မဟုတ်ဘူး" ဟု ခရီးသွားတတ်သိပညာရှင် ဦးသန်းထွေးက ဆိုသည်။

ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းများသည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဦးတည်ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို အဓိကထား ဆောင်ရွက်ပေးကြောင်း သိရသည်။

"ကယားပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းဟာ တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှု ရရှိပါတယ်။ ဒါပေမဲ့ ဒီလို အောင်မြင်မှုအရှိန်ရတုန်းမှာ ကိုဗစ်-၁၉ ကြောင့် ကျွန်တော်တို့ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းဟာ အရှိန်လျော့သွားတယ်။ ကံကောင်းတာကတော့ ကျွန်တော်တို့ ပြည်နယ်ဟာ ကိုဗစ် ကင်းစင်ခဲ့တယ်။

ဒီကပ်ရောဂါဟာ ဘယ်အချိန်ပြီးမယ်မှန်း အတိအကျ မသိတဲ့အတွက် ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ ပြည်သူတွေဟာ တက်ညီလက်ညီနဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ

လူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ခဲ့တဲ့အတွက် ကျေးရွာရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ လူနေမှုဘဝတွေကို ပြသခွင့်ရတယ်။ ဒီလိုပြသခွင့်ရတဲ့အတွက် ဝင်ငွေလည်း အထောက်အပံ့ရတယ်။ ပြသတဲ့အခါမှာလည်း ကျွန်တော်တို့ မြေ၊ ရေ၊ ပတ်ဝန်းကျင် ထိခိုက်မှုလည်း မရှိဘူး။ ပြီးတော့ လမ်း၊ မီး၊ ရေ စတဲ့အခြေခံလိုအပ်ချက်တွေပါ ရရှိလာတယ်။ အရင်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာ . . .

ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆိုသည်။

ခရီးသွားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သွားလာနိုင်စေရန်၊ ပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန် Tourism National Guidelines for Covid-19 Safe Services ကို ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပြုစုထုတ်ပြန်ထားသည်။

ထို့အတူ ကယားပြည်နယ်၏ ခရီးစဉ်ဒေသများ၊ တည်းခိုရန်နေရာများ၊ စားသောက်ဆိုင်နေရာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လူမှုကွန်ရက်စာမျက်နှာ Tourism Kayah နှင့် ဝက်ဘ်ဆိုက်စာမျက်နှာ www.kayahtourism.org တို့မှတစ်ဆင့် ဖော်ပြပေးလျက်ရှိသည်။

"ကိုဗစ်ကြောင့် ဟိုတယ်တွေ၊ ခရီးသွားကဏ္ဍတွေကို ယာယီပိတ်ထားခဲ့ပေမယ့် နိုင်ငံတော်အစိုးရရဲ့ ဖြေလျှော့ပေးမှုတွေနဲ့အတူ ပြည်နယ်မှာလည်း ဖြေလျှော့ပေးမှုတွေကို လုပ်ဆောင်ခဲ့တယ်။ ဇွန် ၁၅ ရက်မှာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ခရီးစဉ် ဒေသတွေကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ဟိုတယ်တွေကို Social Distancing နဲ့အညီ စနစ်တကျ ပြန်ဖွင့်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ဖြစ်ပွားတဲ့အခါ ဒီလို ခရီးသွားကဏ္ဍဖော်ဆောင်ထားတဲ့ ကျေးရွာတွေက ကြောက်ကြပါတယ်။ ဒါကြောင့် ခရီးသွားဧည့်သည်တွေကို လတ်တလော လက်မခံချင်ကြပါဘူး။ ရွာထဲကို အဝင်မခံချင်ကြပါဘူး။ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ Stakeholder တွေနဲ့ ပူးပေါင်းပြီး ကျေးရွာတွေမှာ ကျန်းမာရေးဆိုင်ရာ အသိပညာပေး သင်တန်းတွေ ဆောင်ရွက်ပေးပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့အတွက် ကျန်းမာရေး လမ်းညွှန်ချက်တွေနဲ့အညီ ဧည့်သည်တွေ ပြန်လက်ခံနေကြပါပြီ" ဟု ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဦးစီးမှူးက ပြောပြသည်။

ကယားပြည်နယ်၏ ခရီးသွားကဏ္ဍ တိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပြည်သူများသည် တက်ညီလက်ညီ အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းမှုနှင့်အတူ ကယားတို့ဌာနေ ငွေတောင်ပြည်၏သဘာဝအလှအပများ၊ ရိုးရာဓလေ့များက ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို လာလည်ချင်အောင် ဆွဲဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ဗန်းမောက်မြို့နယ် နားမော်ကျေးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ဗန်းမောက် ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု နားမော်ကျေးရွာ၌ ယမန်နေ့ ညနေ ၆ နာရီက လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျေးရွာရှိ လျှပ်စစ်မီး ထရန်စဖော်မာရှေ့၌ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေး၊ လျှပ်စစ်ဦးစီးမှူး ဦးမောင်တိုးနှင့် ကျောက်တန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါနားမော်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ နားမော်ရွာ ၁၁ ကေဗီလိုင်း ၅ ဒသမ ၅ မိုင်၊ (၁၁/၀ ဒသမ ၄) ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ဖြင့် ဆောင်ရွက်ထားရှိပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၂၅ လုံးကို အိမ်တွင်းလျှပ်စစ်မီးရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် အနေဖြင့် ကျေးရွာပေါင်း ၂၂၅ ရွာရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၀ ရွာ လျှပ်စစ်မီးရရှိကာ ကျန်ရှိ ကျေးရွာများကို ဓာတ်အားလိုင်းနှင့် ၃ မိုင်အကွာအဝေးအတွင်း ရှိသော ကျေးရွာများကိုလည်း ဘတ်ဂျက်နှစ်အလိုက် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ နားမော်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ပြီး ကျန်ရှိ ကျေးရွာများကို လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးမောင်တိုး၏ ပြောကြားချက်အရ သိရသည်။

ကျော်စွာ(ဗန်းမောက်)

ပြန်လည်ရိုက်ကူးရန် ရုပ်ရှင်ဇာတ်ကား ၁၀ ကားအပါအဝင် စုစုပေါင်း ၃၃ ကားရှိ

ရန်ကုန် ဩဂုတ် ၁

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဒါရိုက်တာများ ပြန်လည်ရိုက်ကူးရန်အတွက် တင်ပြထားသည့် ရိုက်ကူးလက်စ ရုပ်ရှင်ဇာတ်ကား ၁၀ ကားအပါအဝင် ရုပ်ရှင်၊ ဗီဒီယို၊ ကြော်ငြာနှင့်ဇာတ်လမ်းတွဲ အရေအတွက် စုစုပေါင်း ၃၃ ကားရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်ထံမှ သိရသည်။

ရုပ်ရှင်ရုံပိုင်ရှင်များအနေဖြင့် ရုပ်ရှင်ရုံများဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် သရုပ်ပြရိုက်ကွင်းကဲ့သို့ပင် ရုပ်ရှင်ရုံသုံးရုံအား ရုံပိုင်ရှင်များမှ ဆောင်ရွက်နေရာ သုံးပတ်တာကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စစ်ဆေးဆောင်ရွက်၍ ဖွင့်လှစ်ပြသရန် စီစဉ်နေကြောင်း သိရသည်။

စိုးမြင့်အောင်

ပရဟိတအသင်းများသို့ ကားတာယာများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁

နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ရှင်သန်ရေးကူညီမှုအသင်းများတွင် အသုံးပြုလျက်ရှိသော ကားများ၌ လိုအပ်ပါက လဲလှယ်တပ်ဆင်အသုံးပြုနိုင်ရန် ကားတာယာများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နာရေးကူညီမှုအသင်း(ရန်ကုန်) ရုံး၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ လည်းကောင်း ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုကို စမ်းငွေရောင်ကုမ္ပဏီက လှူဒါန်းခြင်းဖြစ်ပြီး နာရေးကူညီမှုအသင်း(ရန်ကုန်) အတွက် Sailun ကားတာယာ ၁၅၆ လုံးနှင့် ရှင်သန်ရေးကူညီမှုအသင်းအတွက် Sailun ကားတာယာ ၇၂ လုံး စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၁၆၀ ကျော်ရှိကြောင်း သိရသည်။

"ဒီလှူဒါန်းမှုက အသင်းလိုအပ်ချက်နဲ့ ကိုက်ညီမှုရှိပါတယ်။ ကိုဗစ်ကာလမှာ ယာဉ် ၁၉ စီးနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ယာဉ်တွေနဲ့ တစ်နေရာကနေ တစ်နေရာကို လူနာသယ်တဲ့အခါ ကားဘီးပေါက်တာတို့၊ တာယာကွဲတာတို့ ဖြစ်တတ်တဲ့အတွက် တကယ်လိုအပ်နေတဲ့ တာယာတွေ လှူဒါန်းပေးတာ အလွန်အကျိုးရှိပါတယ်"ဟု ရှင်သန်ရေးကူညီမှုအသင်း အတွင်းရေးမှူး ဒေါ်နိုင်နိုင်ဝင်းထိန်က ပြောသည်။

အေးမင်းသူ

နေရပ်သို့ ပြန်လည်နေထိုင်သည့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

မံစီ ဩဂုတ် ၁

ကချင်ပြည်နယ် မံစီမြို့နယ် မုန်းဒိန်ပါကျေးရွာအုပ်စု မခေါ်ယန်ကျေးရွာအတွင်း ပြန်လည်နေထိုင်သည့် တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာမူလတန်းကျောင်း၌ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးမြင့်ဌေးနှင့် တာဝန်ရှိသူများက နေရပ်ပြန်ပြည်သူများကို လိုအပ်သည်များမှာကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာတွင် နေရပ်ပြန်အိမ်ထောင်စု ၂၈ စုအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပြောင်းရွှေ့စရိတ် တစ်အိမ်ထောင်လျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၈ သိန်းနှင့် လူဦးရေ ၁၄၇ ဦးအတွက် တန်ဖိုးငွေကျပ် ၂၆၇၆၇၈၄ ကျပ်နှင့် ညီမျှသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ တစ်လစာရိက္ခာကိုလည်းကောင်း၊ UNHCR မှ စောင်၊ ခြင်ထောင်၊ ဖျာ၊ မိုးကာ၊ ရေပုံး စသည့်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မံစီမြို့နယ် မုန်းဒိန်ပါ ကျေးရွာအုပ်စု မခေါ်ယန် ကျေးရွာမှ ပြည်သူများသည် ဗန်းမော်မြို့ ဖန်းခါးကုန်း တိုက်ပွဲရှောင်စခန်းနှင့် မံစီမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ လာရောက်နေထိုင်ခဲ့ကြပြီး နယ်မြေအေးချမ်းပြီဖြစ်၍ မိမိတို့နေရပ်သို့ ပြန်လည်အခြေချနေထိုင်သည့် အိမ်ထောင်စု ၂၈ စုအား နိုင်ငံတော်မှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ရိန် (ပြန်/ဆက်)

ကြာညို ပုန်းညက် ကျေးလက်ပန်းခူး ဝါဆိုဦး ထူးမြတ်ဒေသနာ ဓမ္မစကြာ

သပြေထွန်း

ဟုဆိုထားသဖြင့် နေ့တာရှည်၍ ညတာတိုသောလ ဖြစ်ပါသည်။ သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်သံချို လဝါဆိုဟူသော ရှေးစာဆိုနှင့်အညီ ဝါဆိုလကို ဘာသာရေးနှင့်ယှဉ်၍ အလေးအမြတ်ထားခဲ့သည်မှာလည်း ယနေ့တိုင် ဖြစ်ပါသည်။

ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည်နှင့်အညီ မြစ်ရေဝင်ရောက်လေ့ရှိသည့်ကျေးလက်တောရွာများ၏ အင်းစောင်း၊ အိုင်စောင်း၊ ရိုးစောင်း၊ ချောင်းစပ်တစ်ခိုတွင် မိကျောင်းပန်း၊ ပုန်းညက်ပန်း၊ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ပဒုမ္မာကြာခရမ်းနှင့် မြတ်လေးပန်းများ အပါအဝင် ပန်းမာလာတို့ ဖွေးဖွေးလှုပ်လှုပ် ပွင့်ကြလေ့ရှိရာ ကျေးရွာတွင်းရှိ ကာလသမီး ကာလသားများ လေ့ငယ်တက်စင်းကိုယ်စီဖြင့် ဝါဆိုပန်းခူး သည်လ၊ သည်ရာသီသည် ဟေမာန်ဆောင်းဦးကဲ့သို့လည်း ငွေနှင်းမှုန်တို့ သုန်သုန်ကျဆင်းခြင်းမရှိ။ ဂိမှာန်နွေဦးကဲ့သို့လည်း လေရူးပွေခြင်း အလျှင်းမရှိ။ ဆောင်းခိုငှက်၊ နွေကြို ငှက်ကလေးများပင် အရိပ်အရောင်မျှ တွေ့မြင်ခွင့်မရ။ စင်စစ် သည်ရာသီကား မိုးစက်မိုးပေါက်တို့ဖြင့် အတိပြီးသော ဝသန္တမိုးရာသီပင် ဖြစ်ချေတော့၏။ ပိန်ညင်းငှက်တို့ ဟိုဒီပျံဝဲလျက် မိုးသောက်ပန်းတို့ လန်းဆန်းသော ဝါဆိုဝါဦးသမယပေတည်း။

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ကတမေဒွေ ယောစာယံကာမေသုကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္တသံဟိတော ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္တသံဟိတော ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မမဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ (ဓမ္မစကြာပါဠိတော်)

ရှင်တော်ဗုဒ္ဓသည် သုံးလောကထွတ်ထားမြတ်ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ရက်ပေါင်းခြောက်ဆယ်အကြာ မဟာသက္ကရာဇ် (၁၀၃) ခု ဝါဆိုလပြည့် (စနေနေ့) ညနေခင်း နေဝင်ရိုးရီဆည်းဆာမည်သောအချိန်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန် သားမျိုးစုံသော ရဂုံသာမော အင်ကြင်းတော၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဘွဲ့မည်ရှိသော ပဥ္စဝဂ္ဂီငါးဦးတို့အား အထက်ပါဂါထာပါဠိ လာရှိသည့်အတိုင်း တရားဦးဓမ္မစကြာ ဟောကြားတော်မူသည်။

မြတ်ဗုဒ္ဓ၏တရားဦး၌ (၁) ကာမသုခလ္လိကာနုယောဂေါ–ကာမဂုဏ်အာရုံတို့၌ မွေ့လျော်သောအစွန်းတရား၊ (၂) အတ္တကိလမထာနုယောဂ– မိမိကိုယ်ကိုယ်ညှဉ်းပန်းနှိပ်စက်သော အစွန်းတရားတို့ကို ပယ်သတ်၍၊ (၃) မဇ္ဈိမပဋိပဒါ– အလယ်အလတ်လမ်းစဉ် ကျင့်စဉ်သည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းမှန်သည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်ဟု ဟောဖော်ညွှန်ပြခဲ့ပေသည်။

မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဟောကြားတော်မူပြီးသော ဝါဆိုလပြည့်နေ့တွင် ကောဏ္ဍညမထေရ် ပထမဦးစွာ သောတာပန်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူသည်။ ပြီးနောက် ဆက်လက်၍ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝပ္ပမထေရ်၊ ဝါဆိုလပြည့် ကျော် ၂ ရက်နေ့တွင် ဘဒ္ဒိယမထေရ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် မဟာနာမ်မထေရ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အဿဇိမထေရ်တို့ အသီးသီးသောတာပန်တည်ကြရာ ဖေဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူကြသည်။ ဤသို့လျှင် ဝါဆိုလပြည့်အခါသမယသည် မြန်မာနိုင်ငံ အပါအဝင် ဗုဒ္ဓ၏ဆုံးမဩဝါဒကို ခံယူလိုက်နာ ကျင့်သုံးကြသည့် သာသနာ့နွယ်ဝင် သူတော်စင်များအတွက် နေ့ထူးနေ့မြတ် ဖြစ်ခဲ့ပေသည်။ ဤကာလ၌ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းမည်၊ စေတီတန်ဆောင်း၊ သိမ်ကျောင်း ဇရပ်စသည့် အမွန်အမြတ် သာသနာ့ အရိပ်အဝန်းများသို့ သွားရောက်ကာ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းနှင့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး ဥပုသ်သီလတရားများဆောက်တည်ခြင်း၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းခြင်းစသည့် ဒါန၊ သီလ၊ ဘာဝနာကောင်းမှုတို့အား အနယ်နယ်အရပ်ရပ် ပြုလုပ်ကျင်းပလျက်ရှိသည်မှာ ဝါဆိုလ၏ ထူးခြားသောဂုဏ်ထူး ဝိသေသတစ်ရပ်ပါပင်။

ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ကာလအတွင်း သံဃာတော် အရှင်သူမြတ်တို့ ဝါဆိုဝါကပ်ခြင်းအမှုကို ပြုကြမြဲဖြစ်သည်။ "ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ"ဤကျောင်းတော်–ဝိဟာရ၌ ဝါတွင်းသုံးလကာလပတ်လုံး ဝါဆိုဝါကပ်ခြင်းအမှုကို ပြုပါမည်။ အခြားသော အရပ်တစ်ပါးသို့ ကြွချီခြင်းမပြုပါဘုရားဟု မြတ်စွာဘုရားထံ ကတိပြု လျှောက်ထားကြရသည်။ ဝါဆိုလပြည့် (ကြာသပတေးနေ့)တွင် ဂေါတမဗုဒ္ဓလောင်းလျာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်အတွင်း ပဋိသန္ဓေတည်ခြင်း၊ ဝါဆိုလပြည့် (တနင်္လာနေ့)တွင် တောထွက်တော်မူခြင်း၊ ဝါဆိုလပြည့် (စနေနေ့)တွင် ဓမ္မစကြာတရားဟောကြားတော်မူခြင်း၊ ဒိဋ္ဌိတို့ကို ဆုံးမနိုင်ခြင်းငှာ ရေ၊ မီး အစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း၊ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ သတ္တမဝါကပ်တော်မူခြင်း စသည့် ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားမှုများရှိသည့် ဝါဆိုလအား ဗုဒ္ဓဘာသာဝင်တို့က ဓမ္မစကြာနေ့ ထူးနေ့မြတ်အဖြစ် ယနေ့တိုင် သတ်မှတ်ခဲ့ကြပါသည်။ ဝါဆိုလကို ဗေဒင်ဝေါဟာရအားဖြင့် ကရကဋ်ရာသီဟု ခေါ်သည်။ နက္ခတ်အားဖြင့် ပြုဗ္ဗာသာဠ်နက္ခတ်၊ ရာသီရုပ်မှာ လယ်ပုစွန်လုံးရုပ်ဟု သတ်မှတ်သည်။ ရာသီပန်းကား ပုန်းညက်ပန်းဖြစ်ပြီး ကျေးလက်လယ်ကွင်းအနှံ့ ကြာပန်းရောင်စုံများ ဖူးပွင့်သည့်ကာလ ဖြစ်ပါသည်။ ပွဲတော်မှာ ပဉ္စင်းတော်ခံပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုပန်းခူးပွဲများ ဆင်ယင်ကျင်းပလေ့ရှိပါသည်။ နေ့ကိုလို ဝါဆို၊ ညကိုလို ပြာသို ထွက်ကြမြဲဖြစ်သည်။ ရရှိလာသည့် တောပန်း၊ တောင်ပန်းမွှေးမွှေးကြိုင်ကြိုင်တို့ဖြင့် ဘိုးဘွားမိဘများနှင့်အတူ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးတို့တွင် ကုသိုလ်ယူကြသည့် မြင်ကွင်းမှာ ချစ်စရာ့ယဉ်ကျေးမှု ကျေးလက်ဓလေ့တစ်ခုပါပင်။

အချုပ်အားဖြင့်ဆိုရပါမူ ဝါဆိုလသည် တော၊ တောင်၊ ရေ၊ မြေသဘာဝ စိမ်းစိမ်းအုပ်အုပ် စိုပြည်လှပ နေရုံမျှမက နတ်၊ လူ၊ ဗြဟ္မာသတ္တဝါအားလုံးတို့၏ အထွတ်အမြတ်ထားရာ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊ တရားအနှစ်ဓမ္မစစ်ကို ရှာဖွေရန် တောထွက်တော်မူသော နေ့ထူးနေ့မြတ် ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံ၏ အဦးအစ ဓမ္မစကြာတရားမြတ်ကို ပဥ္စဝဂ္ဂီငါးပါးအပါအဝင် လူ၊ နတ်၊ ဗြဟ္မာကုဋေကုဋာသိန်းသန်းတို့အား ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း၊ တရားရတနာနှင့် သံဃာရတနာကို စတင်သိရှိကိုးကွယ်ခွင့်ရရှိသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း၊ ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း၊ ဖေဟိဘိက္ခုဟူသော စကားဦးစတင်ကြားရသော နေ့ထူးနေ့မြတ်ဖြစ်ခြင်း စသည့် ဘာသာရေးဆိုင်ရာအမှတ်တံဆိပ် ခတ်နိပ်ထားသည့် နေ့ထူး လမြတ်သမယဖြစ်ရကား တစ်ဦးနှင့်တစ်ဦး မေတ္တာဖြင့် ရိုင်းပင်းကူညီဆက်ဆံနိုင်ကြပါစေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မာစိုရ်တရားလေးပါးဖြင့် ရှင်သန်ကြီးပြင်းနိုင်ကြပါစေ၊ အတိတ်ကောင်းခြင်း၊ ဟိတ်ကောင်းခြင်း၊ နိမိတ်ကောင်းခြင်း၊ အလိုပြည့်ခြင်း၊ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှနှင့်လည်း နေ့ရောညဉ့်ပါ အခါခပ်သိမ်း ရာနှုန်းပြည့် ရရှိပြည့်စုံကြပါစေ၊ အန္တရာယ်ဟူသမျှ ကင်းစင်ပကြပါစေ၊ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါး မျှတစွာ စိုက်ထုတ်၍ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ဖြင့် ဒါန၊ သီလ၊ ဘာဝနာပွားများကာ နိဗ္ဗာန် မျက်မှောက် ပြုနိုင်ကြပါစေဟု မေတ္တာပွား ရေးသားလိုက်ရပါသည်။ ။

❖ ဝါဆိုလကို ဗေဒင်ဝေါဟာရအားဖြင့် ကရကဋ်ရာသီဟု ခေါ်သည်။ နက္ခတ်အားဖြင့် ပြုဗ္ဗာသာဠ် နက္ခတ်၊ ရာသီရုပ်မှာ လယ်ပုစွန်လုံးရုပ်ဟု သတ်မှတ်သည်။ ရာသီပန်းကား ပုန်းညက်ပန်းဖြစ်ပြီး ကျေးလက်လယ်ကွင်းအနှံ့ ကြာပန်းရောင်စုံများ ဖူးပွင့်သည့်ကာလ ဖြစ်ပါသည်။ ပွဲတော်မှာ ပဉ္စင်းတော်ခံပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုပန်းခူးပွဲများ ဆင်ယင်ကျင်းပလေ့ရှိ။

❖ သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်သံချို လဝါဆိုဟူသော ရှေးစာဆိုနှင့်အညီ ဝါဆိုလကို ဘာသာရေးနှင့်ယှဉ်၍ အလေးအမြတ်ထားခဲ့သည်မှာလည်း ယနေ့တိုင်ဖြစ်။

လဝါဆို

✳ သန္ဓေ၊ တောထွက် ဓမ္မစက်ဟု
ပြုစုဖွေရှာ မြတ်ဓမ္မာကို
သေချာကျနန တွေ့ရှိရ၍
အေးမြချိန်ခါ ဝါဆိုခါတည့်......။

✳ မိုးလခါမီ ဝါဆိုဆီ၌
ရာသီပွင့်လန်း မြတ်လေးပန်းနှင့်
ရွှင်လန်းခတ္တာ ပုန်းညက်ဖြာသည်
ဘယာကင်းကွာ ဝါဆိုခါတည့်....။

✳ ဝါဆိုလပြည့် ထိုသည်နေ့ဝယ်
လွှေ့လွှေ့စည်ဖြာ ကြည်သဒ္ဓါဖြင့်
မြတ်စွာဗုဒ္ဓ မြတ်ဓမ္မနေ့
ဓမ္မစကြာ ဒေသနာကို
သံသာရှစ်ဖြာ ဟောမြွက်ပါ၍
ဘယ်ခါမမေ့ လပြည့်နေ့တည့်.....။

✳ စကြာဒေသနာ နိဂုံးမှာပင်
ငါးဖြာဝဂ္ဂီ စုံအညီတို့
ကိုယ်စီသိမြင် ရွှပွားမြင်သည်
လေးအင်သစ္စာ မြတ်ဓမ္မာကြောင့်
အေးရာလမ်းစဉ် လျှောက်လှမ်းတွင်ရာ
ဤအခါသည် ဝါဆိုလပြည့်
ဗုဒ္ဓနေ့တည်း................။

ရွှေတိုင်လွင်

YBS ယာဉ်လိုင်းများထံမှ စီမံခန့်ခွဲမှုရန်ပုံငွေကောက်ခံခြင်းကို ဩဂုတ်လကုန်ထိ ထပ်တိုးကင်းလွတ်ခွင့်ပြု

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အနေဖြင့် YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများထံမှ စီမံခန့်ခွဲမှုရန်ပုံငွေကောက်ခံခြင်းကို ယခုနှစ် ဇူလိုင် ၃၁ ရက်အထိ ယာယီကင်းလွတ်ခွင့်ပြုခဲ့ရာမှ ယခုအခါ ရက်ထပ်တိုးခွင့်ပြုခဲ့ကြောင်း သိရသည်။

YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများအား ကူညီထောက်ပံ့သည့်အနေဖြင့် YRTA သို့ ပေးသွင်းရသည့် စီမံခန့်ခွဲမှု ရန်ပုံငွေ ကျပ် ၄၀၀၀ ပေးသွင်းမှုယာယီကင်းလွတ်ခွင့်ကို ယခုနှစ် မတ် ၂၇ ရက်မှစတင်၍ ဇူလိုင် ၃၁ ရက်အထိ ကင်းလွတ်ခွင့်ပြုခဲ့ရာမှ ယခုအခါ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ထပ်တိုးကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

သို့သော် YBS ယာဉ်များပြေးဆွဲရာတွင် နေ့စဉ်ဆောင်ရွက်ရသည့် Way Bill များထုတ်ပေးခြင်း၊ Time Sheet များဖြင့် ပြေးဆွဲခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များအား ယခင်ဆောင်ရွက်နေသည့် ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု အသိပေး အကြောင်းကြားထားကြောင်း YRTA ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **ရာမည**

Yangon Water Bus လမ်းသစ်- ဆာပါချောင်လိုင်း(၁) ယနေ့စတင်ပြေးဆွဲ

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုတွင် အများပြည်သူ သွားလာရေးအတွက် လွယ်ကူမြန်ဆန်စေရန် အထောက်အကူဖြစ်သော Yangon Water Bus လမ်းသစ်–ဆာပါချောင်လိုင်း(၁) ခရီးစဉ်ကို ယနေ့ နံနက် ၆ နာရီမှ စတင်၍

ပြေးဆွဲပြီဖြစ်သည်။

အဆိုပါခရီးစဉ်တွင် ကိုဗစ် –၁၉ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်မှုနှင့်အညီ စီးနင်းလိုက်ပါမည့် ခရီးသွားများသည် နှာခေါင်းစည်းဝတ်ဆင်သူများသာ စီးနင်းခွင့်ရရှိမည်ဖြစ်ပြီး ရေယာဉ်ပေါ်သို့တက်ရောက်ရာ ဝင်ပေါက်တွင်လည်း အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာခြင်းတို့ကိုပြုလုပ်ကာ စီးနင်းစေကြောင်း သိရသည်။

ကိုဗစ်ကာလအတွင်း ရပ်နားထားသော Yangon Water Bus အနေဖြင့် ယနေ့တွင် ပထမဆုံးပြန်လည်ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် လိုက်ပါစီးနင်းသူများကို တစ်ရက်တာအခမဲ့စီးနင်းခွင့်ပြုပြီး မေတ္တာလက်ဆောင်များ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

နေ့စဉ် နံနက် ၆ နာရီ မှ ၉ နာရီခွဲအထိ၊ ညနေ ၆နာရီ ၁၅ မိနစ်မှ ည ၉ နာရီ ၁၅ မိနစ်အထိ နာရီဝက်ခြားတစ်ကြိမ် ဆာပါချောင်မှ ထွက်မည်ဖြစ်ပြီး လမ်းသစ် ဆိပ်ကမ်းမှ နံနက် ၆ နာရီ ၁၅ မိနစ်မှ ၉ နာရီ ၁၅ မိနစ်အထိ၊ ညနေ ၃ နာရီမှ ည ၇ နာရီအထိ နာရီဝက်ခြားတစ်ကြိမ် ပြေးဆွဲမည်ဖြစ်သည်။

မြင့်မောင်စိုး

"အီး-ဒီမိုကရေစီ" ရှေ့သို့ချီ

■ ကိုရင်ဩ

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးက ဆက်လက်ခေါင်းထောင်လျက်ရှိကာ ကမ္ဘာသူ ကမ္ဘာသားတို့အား ဖိစီးနှိပ်စက်မှုအတောမသတ်သေးသော ကာလတွင် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍကို ဖော်ကျူးထားသော ဆောင်းပါးတစ်ပုဒ်အဖြစ် "ကပ်ဘေးကာလ ဆိုရှယ်မီဒီယာနှင့် အီး-ဒီမိုကရေစီ" ဟူ၍ အမည်ပေးထားသော ဆောင်းပါးတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ နည်းပညာခေတ်၏ အသီးအပွင့်များကို စားသုံးလျက် လူမှုဆက်ဆံရေးပုံစံသစ်နှင့် အီး-ဒီမိုကရေစီ ဖော်ဆောင်လျက်ရှိနေပုံကို ကျွန်ုပ် ဓစ္စပ်မိလေ၏။

IMAGE CREDIT: GMA

"ပင်မရေစီးမီဒီယာ" ဖြင့် စီးမျောခဲ့ကြသော လူသားတို့မှာ ယနေ့ကာလတွင် နည်းပညာခေတ်၏ "ဆိုရှယ်မီဒီယာ" နှင့်အတူ အသစ်တစ်ဖန် စီးမျောနေကြချိန်တွင် ပြည်သူများအတွင်း တစ်ဦးနှင့်တစ်ဦး တွေ့ထိဆက်ဆံနိုင်သော နည်းလမ်းအတွက်သာမက ပြည်သူ့ရေးရာလုပ်ငန်းဆောင်တာများတွင် ပါဝင်နိုင်သောနည်းလမ်းအတွက်ပါ "အွန်လိုင်း" ပေါ် အသီးသီး အသကအသက တက်လာကြပေသည်။

ပြောင်းလဲစေ

"ပင်မရေစီးမီဒီယာ" ထက် ပိုမိုအရှိန်အဟုန်လျင်မြန်စွာ သတင်းများနှင့် အချက်အလက်များကို ဖြန့်ချိပေးနိုင်စွမ်းရှိသော "ဆိုရှယ်မီဒီယာ"(ဝါ) "လူမှုမီဒီယာ" သည် တစ်လောကလုံး ထူးထူးခြားခြားဖြစ်ပျက်နေပုံကို တစ်မုဟုတ်ချင်း အသိပေးနိုင်စွမ်းမြင့်မား၏။ လူတို့၏ သတင်းစားသုံးမှုပုံစံနှင့် အချက်အလက်များ ရယူပုံနည်းလမ်းကို ပြောင်းလဲစေ၏။

"ဆိုရှယ်မီဒီယာ"၏ ဩဇာလွှမ်းမိုးမှု ကြီးမားလှပေရကား "ပင်မရေစီးမီဒီယာ" များက "လူမှုမီဒီယာ" ပလက်ဖောင်းကို တစ်ဖက်တစ်လမ်းအသုံးပြု၍ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်လာကြရ၏။

လူထုအတွင်း ထူးမခြားလှသည့် အကြောင်းအရာများမှသည် ထူးထူးခြားခြား အကြောင်းအရာများအထိ ဖြစ်ပျက်နေသမျှ အခြင်းအရာ အစုံအလင်သည် "လူမှုမီဒီယာ" ၏ ကြေးမုံပြင်ပေါ်ဝယ် ပုံရိပ်ထင်လျက်ရှိပေသည်။ ဆိုရှယ်မီဒီယာ သုံးစွဲသူက လွှင့်တင်လိုက်သော အကြောင်းခြင်းရာ စုံစီနဖာသည် လူမှုမီဒီယာ၏ ဖန်သားပြင်ပေါ်ဝယ် ထင်ကျန်ရစ်သည်။ (နည်းပညာဝေါဟာရအရ ယင်းမှာ လူမှုမီဒီယာ၏ Feeds ဖြစ်သည်။)

ဟုတ်နိုးနိုး၊ မှန်နိုးနိုး

"ဒစ်ဂျစ်တယ်နည်းပညာ သွတ်သွင်းခြင်း" ခေတ်ကြီးထဲ ပြည်သူများအတွင်း ဆိုရှယ်မီဒီယာကို အသုံးပြုမှု များပြားလာပြီး ယုတ္တိမတန်လှသောသတင်းများ၊ အချက်အလက်များက အွန်လိုင်းပလက်ဖောင်းပေါ် ပလူပျံလာရာ စဉ်းစားတွေးခေါ်ပုံ နိမ့်ကျသူများက ဟုတ်နိုးနိုး၊ မှန်နိုးနိုး တွေးထင်တတ်ကြသည်။ မယုံလျှင် ပုံပြင်ဟု မှတ်ထင်ရအံ့နိုး သတင်းများနှင့် အချက်အလက်များကို ရေးကြီးခွင်ကျယ်လုပ်ကာ တုံ့ပြန်သူများပြားလာသည်။

"ကပ်ဘေးကာလ ဆိုရှယ်မီဒီယာနှင့် အီး-ဒီမိုကရေစီ" ဆောင်းပါးတွင် ဒီမိုကရေစီ၊ ဒီမိုကရေစီနည်းလမ်းနှင့်အညီ ထူထောင်ထားရှိသော (ဒီမိုကရေစီဝါဒနှင့် ကိုက်ညီသော) အဖွဲ့အစည်းများ၊ ဒီမိုကရေစီလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လိုက်ပါဆောင်ရွက်ခြင်းများ အရေးကြီးပုံကို စာရေးသူက ရှင်းလင်းတင်ပြထားလေသည်။

ဆောင်းပါးရှင်မှာ အန်နာရိုဆာရီယို မာလင်ဒေါ်ယီ ဆိုသူ သုတေသီ၊ ပညာရှင်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)နှင့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းအမျိုးမျိုးတွင် အလုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ မစ္စ အန်နာသည် ဖိလစ်ပိုင်နိုင်ငံရှိ အိုင်တီအခြေပြုကုမ္ပဏီတစ်ခုဖြစ်သော Techperformance Corp ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုး မဆိုက်ရောက်မီကာလကပင်လျှင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ(အိုင်စီတီ) အရေးကြီးပုံကို ဖိလစ်ပိုင်ပြည်သူတို့ ဂရုစမ္မပြုကြကြောင်း စာရေးသူက နိဒါန်းချီထားသည်။

အိုင်စီတီ၏နယ်ပယ်တွင် တစ်ကိုယ်ရေသုံးကွန်ပျူတာများ၊ ကွန်ရက်ချိတ်ထားသော ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် အီးမေးလ်များ စသည်တို့ အကျုံးဝင်လျက်ရှိသည်။ Facebook, Instagram, Twitter, Linked in စသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများသည်လည်း အိုင်စီတီ၏နယ်ပယ်တွင် ရေကိုသားသော် အကြားမထင် ဟူဘိသို့ ပေါင်းစပ်ယှက်နွှယ်ပါဝင်နေသည်။

ဆိုရှယ်မီဒီယာပလက်ဖောင်းများကို စွမ်းပကားထက်မြက်သော ဆက်သွယ်ရေးကိရိယာများအဖြစ် ပြည်သူများ၏အလုပ်အကိုင်၊ လှုပ်ရှားဆောင်ရွက်ခြင်းများတွင် အသုံးချလျက်ရှိကြပုံကို ဆောင်းပါးရှင်က ဖော်ပြထားသည်။

လက်ကိုင်ထား

ပြည်သူအများအပြားနှင့်သက်ဆိုင်နေသော အရေးကိစ္စများ၊ ပြည်သူ့ရေးရာ မူဝါဒကိစ္စရပ်များ စသည်တို့တွင် ပြည်သူ့ထောက်ခံမှုရရှိရန် ဆွယ်တရားဟောလိုသူများကလည်း အွန်လိုင်းမီဒီယာကို လက်ကိုင်ထားကြသည်ဆို၏။

ယနေ့ကာလတွင် ဆိုရှယ်မီဒီယာသည် ပုဂ္ဂိုလ်ရေးဆက်ဆံမှု ပြုရုံမျှ၊ မိသားစုဝင်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဆက်သွယ်ရုံမျှသာမက ပြည်တွင်း၊ ပြည်ပ၌ နေထိုင်လျက်ရှိကြကုန်သော သူစိမ်းတစ်ရံဆံတို့နှင့်ပင် လူမှုဆက်ဆံရေးအရ ဆက်သွယ်သည်အထိ ကျယ်ပြန့်လာနေပုံကို ဆောင်းပါးရှင်က ညွှန်းဆိုထား၏။

ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးဆိုက်ရောက်နေချိန်အတွင်း ပြည်သူ့ရေးရာ လှုပ်ရှားမှုများတွင် လည်းကောင်း၊ မိမိရပ်ရွာအဖွဲ့အစည်း၏ လှုပ်ရှားမှုများတွင် လည်းကောင်း၊ ဒေသအလိုက်၊ နိုင်ငံအလိုက် ဒီမိုကရေစီရေးရာ လှုပ်ရှားမှုများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံသားတို့က ဆိုရှယ်မီဒီယာ၊ ဒစ်ဂျစ်တယ်မီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းတို့အပေါ် နေရာယူထားကြလေသည်။

ကမ္ဘာ့ကပ်ဘေးဆိုက်ရောက်နေချိန်တွင် ပြည်သူ့ကျန်းမာရေး အစီအမံများအရ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရချိန်၊ ပုဝါတစ်ကမ်း လက်တစ်လှမ်းနေကြရချိန်၊ ကျန်းမာရေးအရ ခြေချုပ်ချခံကြရချိန်တွင် ဆိုရှယ်မီဒီယာ၏ အရေးပါပုံကို အထူးတလည် စာဖွဲ့နေစရာ လိုအပ်လိမ့်မည်မဟုတ်ပေ။

ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် ယနေ့ကာလတွင် သာမန်လူမှုရေးကိစ္စအလို့ငှာ အသုံးပြုခြင်းထက် ပြည်သူ့ရေးရာ(ဝါ) နိုင်ငံ့ရေးရာ၊ နိုင်ငံတော်၏ ယန္တရား၊ အာဏာစိုးပိုင်သူများနှင့် ထိတွေ့ဆက်ဆံနိုင်သော ကိရိယာများအဖြစ် ပြည်သူများအတွင်း အရေးပါလာပုံကို ဆောင်းပါးရှင်က ဆက်လက်ဖော်ကျူးထားသည်။

ပြည်သူတို့သည် သူတို့၏လူနေမှုဘဝများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သော ပြည်တွင်း၊ ပြည်ပရေးရာများနှင့် ပတ်သက်၍ ဆွေးနွေးမှုများ၊ ငြင်းခုံမှုများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်အောင် နည်းပညာအရ ကူပံ့ပေးသည်မှာ ဆိုရှယ်မီဒီယာဖြစ်သည်။

"ကမ္ဘာရွာ"

သတင်းအချက်အလက်နည်းပညာ အံ့မခန်းတိုးတက်လာမှု၏ အသီးအပွင့်များအရ ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် "ကမ္ဘာရွာ" အဆင့်သို့ ရေကြောမြေကြော ရှုံ့သွားစေသည်မှာ လူမှုရေးမီဒီယာဖြစ်သည်။ လူမှုရေးမီဒီယာ၏ ပလက်ဖောင်းပေါ်တက်၍ မိမိ၏ ရပ်ရွာအရေးကိစ္စမှသည် နိုင်ငံ့အရေးနှင့် နိုင်ငံတကာအရေးကိစ္စတို့အထိ ဆွေးနွေးငြင်းခုံခြင်း၊ မိမိ၏အမြင်ကို ထုတ်ဖော်တင်ပြခြင်း၊ သူတစ်ပါး၏အမြင်ကို ဝေဖန်ကန့်ကွက်ခြင်း၊ ဒေါမနဿပွားကာ နင်ပဲငဆ ပုတ်ခတ်ခြင်းတို့ကို ပြည်သူများအတွင်း တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြလေသည်။

စာသားဖြင့်၊ ရုပ်ပုံဖြင့်၊ အသံဖြင့် အပြန်အလှန်ဆက်သွယ်နိုင်အောင် အင်တာနက်နည်းပညာက အထောက်အကူပေးနေသည်။

သတင်းများ၊ အချက်အလက်များ၊ အတွေးအမြင်များ၊ စိတ်ဝင်စားရာများ စသည်တို့ကို အပြန်အလှန်ဖလှယ်မှုအတွက် အထောက်အကူပေးနေသော ဆိုရှယ်မီဒီယာသည် ကွန်ပျူတာက ကြားခံပေးသော အပြန်အလှန်ဆက်သွယ်မှု ကိရိယာပါပေတည်း။

မိုဘိုင်းအင်တာနက်သုံးစွဲမှု တိုးတက်လာသည်နှင့်အမျှ ဆိုရှယ်မီဒီယာသုံးစွဲမှု အချိုးညီညီ တိုးတက်လာသည်။

နည်းပညာ၏ ဖန်တီးချက်များအရ YouTube, Facebook, Twitter နှင့် Linked in စသည့် လူမှုကွန်ရက်ပလက်ဖောင်းများ ကျယ်ပြန့်လာသည်။

အွန်လိုင်းပလက်ဖောင်းပေါ် "ဘလော့ဂ်" ရေးသူ ရေးကြသည်။ ဒစ်ဂျစ်တယ် အသံဖိုင်များ တင်ကြသည်။ အင်တာနက် "ဖိုရမ်" (ဝါ) အွန်လိုင်းစကားဝိုင်း ဖွင့်ကြသည်။ အွန်လိုင်းကြေညာချက် ထုတ်ကြသည်။

လက်တွဲညီညီ

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ အရေးကြီးသော သတင်းအချက်အလက်များ ထုတ်လွှင့်နိုင်စေရန် ဆိုရှယ်မီဒီယာက အထောက်အကူပြုသည်။ အထူးအားဖြင့် ကပ်ဘေးကြီးကို တုံ့ပြန်ရာတွင် အစိုးရအဖွဲ့ကရော ပြည်သူများကပါ ဆိုရှယ်မီဒီယာကို အသုံးပြု၍ လက်တွဲညီညီ တုံ့ပြန်ကြသည်။

လူမှုရေးနှင့် စီးပွားရေး နောက်ခံအကြောင်းတရား အသီးသီးရှိကြသော ပြည်သူများအတွင်း၊ မတူကွဲပြားသော နေရာဒေသများအတွင်း ကပ်ရောဂါဆိုးကို တုံ့ပြန်ရာတွင် အများပြည်သူတို့ ဆွေးနွေးနိုင်သောနေရာ၊ အငြင်းအခုံပြုလုပ်နိုင်သောနေရာမှာ ဆိုရှယ်မီဒီယာပလက်ဖောင်းဖြစ်သည်။ ကိုဗစ်-၁၉ နှင့် ဆက်နွှယ်နေသော ပြဿနာများနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်စေရန် ဆိုရှယ်မီဒီယာပလက်ဖောင်းမှ အထောက်အကူပြုသည်။

လူမှုမီဒီယာသည် ဖိလစ်ပိုင်ပြည်သူတို့အတွင်း နယ်စည်းမထားဘဲ ပေါင်းကူးပေးနိုင်မည့် စည်းလုံးညီညွတ်မှုနှင့် သွေးစည်းညီညွတ်မှုတို့ကို ပေးစွမ်းသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အထိအခိုက်အလွယ်ဆုံးလူများကို ဖေးမကူညီနိုင်စေရန် အထောက်အကူပေးသည်။

ကပ်ဘေးဆိုးကြီးကို ရတတ်သမျှ စွမ်းပကားဖြင့် ချေမှုန်းတိုက်ထုတ်နိုင်ရန် ရှေ့တန်းမှ အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြကုန်သော ကျန်းမာရေးလုပ်သားများအား ကျေးဇူးတင်စကားဆိုရာတွင် လည်းကောင်း၊ သူတို့၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုရာတွင် လည်းကောင်း ဆိုရှယ်မီဒီယာက ကူပံ့ပေး၏။

အစိုးရတာဝန်ရှိသူများအား သိကြားစေလိုသော အချက်အလက်များ၊ ပြည်သူများအတွက် လုပ်ကိုင်ပေးစေလိုသော အချက်အလက်များနှင့်ပတ်သက်၍ လုပ်ဆောင်ရာတွင် ကြားခံအဖြစ် ပေါင်းကူးပေးသော မီဒီယာသစ်အဖြစ် ဆိုရှယ်မီဒီယာက နေရာယူလာသည်။ ယုတ်စွအဆုံး မိမိ၏ မကျေနပ်ချက်များနှင့် အစိုးရအား ဝေဖန်ချက်များကို ဖော်ပြနိုင်ရန်ပင် ဆိုရှယ်မီဒီယာက ကြားခံဆောင်ကြဉ်းပေးသည်။ တစ်ဖက်တွင် အစိုးရ၏ လုပ်ဆောင်ချက်များကို ချီးကျူးထောမနာပြုရာတွင်လည်း ဆိုရှယ်မီဒီယာကို အသုံးပြုလာကြလေသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု

အရေးကြီးလှသည်မှာ ဆိုရှယ်မီဒီယာကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အသုံးပြုရေးဖြစ်သည်။ ပြည်သူများအတွက် အရေးကြီးလှသော သတင်းအချက်အလက်များ ဖြန့်ချိရာတွင် ဆိုရှယ်မီဒီယာကို တော်တည့်မှန်ကန်စွာ အသုံးချကြရန် ဆောင်းပါးရှင်က တိုက်တွန်းထားသည်။

ဒီမိုကရေစီခေတ်ကြီးထဲတွင် ပြည်သူ့ကိုယ်စားလှယ်ကြီးများအနေဖြင့် ပြည်သူများနှင့် တွေ့ထိဆက်ဆံရာတွင် ဆိုရှယ်မီဒီယာကို အသုံးချနိုင်သည်။ နိုင်ငံရေးသမားများသည် ပြည်သူတို့အားစည်းရုံးနိုင်ရန် လိုအပ်သော်လည်း ကပ်ရောဂါဆိုးကြီး ဆိုက်ရောက်နေသဖြင့် ပြည်သူများအတွင်း ထဲထဲဝင်ဝင် စည်းရုံးရန်မှာ မဖြစ်နိုင်သဖြင့် ဆိုရှယ်မီဒီယာကို အသုံးချကာ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်နိုင်ပေသည်။

သို့ရာတွင် ဆိုရှယ်မီဒီယာအသုံးပြုခြင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကြီးမားစွာ ရှိနေသည်။ တစ်မုဟုတ်ချင်း ကူးလူးဆက်သွယ်နိုင်သော ကြားခံမီဒီယာဖြစ်ခြင်းကြောင့် ကျင့်ဝတ်များနှင့်အညီ မီဒီယာအသစ်ကို အသုံးပြုကြရပေမည်။ အလွဲသုံးခြင်း၊ ကလိန်စေ့ငြမ်းဆင်ခြင်း၊ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်း၊ ကုန်းချော ကုန်းတိုက်ခြင်း၊ မမှန်မကန် အပြစ်ဖို့ခြင်း၊ မျက်ကန်းမျိုးချစ်ဝါဒဖြန့်ခြင်း၊ မိစ္ဆာဝါဒ သွတ်သွင်းခြင်း၊ အစွန်းရောက်ဝါဒဖြန့်ခြင်း၊ လူမျိုးကြီးဝါဒဖြန့်ခြင်း၊ လူမျိုးခွဲခြားရေး ဝါဒသွတ်သွင်းခြင်း စသည်တို့မှာ အလွန့်အလွန်ပင်ကြောက်စရာကောင်းလှသည့် လုပ်ဆောင်ချက်များဖြစ်ပြီး ဆိုရှယ်မီဒီယာမှတစ်ဆင့် ယင်းလုပ်ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြပါက လူထုအတွင်း၊ နိုင်ငံအတွင်း မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုကြီးများ ချက်ချင်းလက်ငင်း ကျရောက်လာနိုင်ပုံကို ဆောင်းပါးရှင်က သတိပေးထားသည်။

သတိကျပ်ကျပ်ထား

အရေးကြီးလှသည်မှာ ဆိုရှယ်မီဒီယာကိုအသုံးပြု၍ နိုင်ငံအတွင်း ပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ဖြိုခွင်းသောလုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် အားလုံးက သတိကျပ်ကျပ်ထားကာ နိုးနိုးကြားကြားဖြင့် လေ့လာစောင့်ကြည့်အပ်ပေသည်။

မတူကွဲပြားသော၊ နောက်ခံအကြောင်းတရား မျိုးစုံရှိသူများပါဝင်နေသည့် ပြည်သူများအတွင်း သတင်းအတုအယောင်များနှင့် အမုန်းစကားများ ဖြန့်ချိခြင်းသည် တစ်လောကလုံးအတွက် "ဓမ္မန္တရာယ်" အဖြစ် ကောင်းကောင်းကြီးဒုက္ခပေးနိုင်ပုံကို ဆောင်းပါးရှင်က သတိပေးထားသည်။

ဒစ်ဂျစ်တယ်ခေတ်ကြီးထဲ မိစ္ဆာဝါဒီများ၏ သတင်းအလွဲအမှား ဖြန့်ချိမှုများ၊ သတင်းအတုအယောင် ဖြန့်ချိမှုများ၊ မုသားဝါဒများ ဆိုရှယ်မီဒီယာ ရေစီးကြောင်းအတွင်း မျောပါနေခြင်းမှ ဆယ်ထုတ်ကြရန် ပြည်သူတို့ တာဝန်ရှိပေလိမ့်မည်။

ဒီမိုကရေစီခေတ်ကြီးထဲတွင် သတင်းအချက်အလက်နည်းပညာအသီးအပွင့် များကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီသာ ဆွတ်ခူး စားသုံးအပ်ပေသည်။

ဒီမိုကရေစီခေတ်ကြီးထဲ ဒီမိုကရေစီကျင့်စဉ်များနှင့် လုပ်ငန်းစဉ်များကို ဖော်ဆောင်ကြရာတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရလျက် ဆောင်ရွက်နေကြရပေရာ ပြည်သူများအတွင်း တိုက်ရိုက်တွေ့ထိဆက်ဆံနိုင်ခွင့် ဆုံးရှုံးနေရသော်လည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ(အိုင်စီတီ) အသုံးပြု၍ ဒီမိုကရေစီလမ်းကြောင်းအတိုင်း ပြည်သူများချီတက်နိုင်ကြစေရန် ဆိုရှယ်မီဒီယာက ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်ရသော ဒီမိုကရေစီကွက်လပ်ကို ဖြည့်ဆည်းရာတွင် ဆိုရှယ်မီဒီယာအား တော်တည့်မှန်ကန်စွာအသုံးချရန် လိုအပ်ပုံကို ကျွန်ုပ်အလေးမူမိရင်း "အီး-ဒီမိုကရေစီ ရှေ့သို့ချီ" ဟု ကျူးရင့်မိပါသတည်း။ ။

SOURCE: Social Media And E-Democracy In A Pandemic -- By Anna Malindog-Uy

လာမည့်နှစ်အစောပိုင်းတွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အသင့်ရှိမည်ဟု အမေရိကန် ထိပ်တန်းပညာရှင် ပြော

ဝါရှင်တန် ဩဂုတ် ၁

လာမည့်နှစ်အစောပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုး အဆင်သင့်ရရှိနေမည်ဟု ယုံကြည်ပါကြောင်း အမေရိကန်ကူးစက်ရောဂါဆိုင်ရာ ထိပ်တန်းပညာရှင် ဒေါက်တာအန်ထော်နီဖော်စီက ပြောသည်။

ယခုနှစ်အကုန်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်နိုင်ပြီး ၂၀၂၁ ခုနှစ်တွင် အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန်အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်မှုကို ကူညီလမ်းညွှန်နေသည့် ဒေါက်တာဖော်စီက ပြောသည်။ ဘေးအန္တရာယ်ကင်းသော၊ ထိရောက်မှုရှိသော ဗိုင်းရပ်စ်ကာကွယ်ဆေးကို ၂၀၂၁ ခုနှစ်တွင် ဖြန့်ဖြူးရန် အသင့်ဖြစ်နိုင်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာ ကာကွယ်ဆေးထိုးရေး လုပ်ဆောင်နိုင်ဦးမည်မဟုတ်။ အကြံပေးများ၏ အကြံပြုချက်များကိုအခြေခံ၍ ဦးစားပေးစာရင်းတစ်ခုရှိလာမည်ဟု ၎င်းကပြောသည်။ ဆေးဝါးကုမ္ပဏီ မိုဒန်နာနှင့်ပူးပေါင်း၍ အမျိုးသားကျန်းမာရေး အဖွဲ့အစည်းက အမေရိကန်နိုင်ငံ၌ ထုတ်လုပ်နေသော ကာကွယ်ဆေးတစ်မျိုးမှာ လူသားများဖြင့်စမ်းသပ်သည့် နောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဗြိတိန်နှင့် တရုတ်နိုင်ငံတွင်လည်း အလားအလာကောင်းသော ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်မှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ပြင်သစ်ဆေးဝါးကုမ္ပဏီ ဆန်ဖိုနီက ဥရောပသမဂ္ဂသို့ ကာကွယ်ဆေးအလုံး သန်း ၃၀၀ ထောက်ပံ့ရန် သဘောတူခဲ့သည်ဟု အီးယူက ယမန်နေ့တွင် ကြေညာခဲ့သည်။ ကုမ္ပဏီနှင့်ရရှိထားသည့် သဘောတူညီချက်အရ ဗိုင်းရပ်စ်ကာကွယ်ဆေးဝယ်ယူရန် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံလုံးအတွက် ရွေးချယ်ခွင့်တစ်ခု ရှိလာမည်ဟု ဥရောပသမဂ္ဂက ပြောသည်။ သီးခြားအနေဖြင့် ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် အီတလီနိုင်ငံတို့က ကာကွယ်ဆေးများဝယ်ယူရာတွင် ပူးပေါင်းဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ အဆိုပါနိုင်ငံများက အီးယူအဖွဲ့ဝင်နိုင်ငံများထံ ဗြိတိန်ဆေးကုမ္ပဏီ အစ္စထရာဇီနီကာက ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံး သန်း ၄၀၀ ထောက်ပံ့ပေးရန် စီစဉ်ခဲ့သည်။

ဇူလိုင် ၃၁ ရက်အထိ အီးယူနှင့် ပတ်ဝန်းကျင်နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁ ဒသမ ၇ သန်းကျော်ရှိလာခဲ့ပြီး ဒေသအချို့တွင် ကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်းကြောင့် ကူးစက်မှုဒုတိယလှိုင်း ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး

အမေရိကန်ကူးစက်ရောဂါဆိုင်ရာ
ထိပ်တန်းပညာရှင် ဒေါက်တာအန်ထော်နီဖော်စီ

ဖိလစ်ပိုင်ကျန်းမာရေးဝန်ထမ်းများက အသွားအလာကန့်သတ်ချက်များ ပြန်လည်ချမှတ်ရန် တောင်းဆို

မနီလာ ဩဂုတ် ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့နှင့်အနီးတစ်ဝိုက်တွင် အသွားအလာကန့်သတ်မှုများပြန်လည်ချမှတ်ရန် နိုင်ငံတွင်းရှိ သန်းပေါင်းများစွာသော ဆရာဝန်များနှင့် သူနာပြုများက သမ္မတဒူတာတေးအား တောင်းဆိုခဲ့ကြသည်။

ချို့ယွင်းချက်များရှိ

ဆေးဝန်ထမ်းအုပ်စု ၈၀ ကို ကိုယ်စားပြုသော ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ယိုယွင်းနေပြီး မြို့တော်နှင့်အနီးတစ်ဝိုက်ဒေသများတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းများ သတ်မှတ်ရာတွင် ချို့ယွင်းချက်များ ရှိကြောင်း ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တစ်နေ့တည်းတွင်ပင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၉၆၃ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ နိုင်ငံတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၈၂၃၂ ဦးရှိပြီး သေဆုံးသူ ၂၀၃၉ ဦးရှိကြောင်း သိရသည်။

အကြံဉာဏ်များတောင်းခံမည်

လာမည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် နိုင်ငံသားများထံမှ အကြံဉာဏ်များ တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

"တာဝန်ရှိသူတွေအနေနဲ့ နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ နိုင်ငံစီးပွားရေးရဲ့ ခိုင်မာမှုကို ဟန်ချက်ညီအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု ဒူတာတေး၏ ပြောခွင့်ရပုဂ္ဂိုလ် ဟယ်ရီရူကူက ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

မတ်လအလယ်တွင် ဒူတာတေးက ကမ္ဘာတွင် အချိန်အကြာဆုံးနှင့် ပြင်းထန်သော အသွားအလာကန့်သတ်ချက်များကို မြို့တော်မနီလာနှင့် အနီးတစ်ဝိုက်ဒေသများတွင် ချမှတ်ခဲ့သည်။

တောင်းဆို

နိုင်ငံ၏စီးပွားရေး ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် ကန့်သတ်ချက်များကို ဇွန်လအတွင်းဖြေလျှော့ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာသမားတော်များ၊ ကူးစက်ရောဂါဆိုင်ရာ သမားတော်များနှင့် သူနာပြုများက မြို့တော်မနီလာနှင့် အနီးတစ်ဝိုက်တွင် သီတင်းနှစ်ပတ်ကြာ အသွားအလာကန့်သတ်ချက်များ ချမှတ်ရန် တောင်းဆိုခဲ့ကြသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-စိုးသူရ

ဥရောပသမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံတို့ ကုန်သွယ်ရေး သဘောတူညီချက်စတင်

ဘရပ်ဆဲလ် ဩဂုတ် ၁

ဥရောပသမဂ္ဂနှင့် ဗီယက်နမ်တို့အကြား ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်ကို ယနေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုရရှိခဲ့သောသဘောတူညီချက်သည် ဥရောပတစ်ဝန်း လိုအပ်နေသော ဈေးကွက်နှင့်အလုပ်အကိုင်များဖန်တီးရန် လမ်းဖွင့်ပေးခဲ့ပြီး ဥရောပဒေသ၏ မျက်မှောက်စီးပွားရေးမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းနေကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ယူဆာလီယန်ဗွန်ဒါလီယန်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် ယခုအချိန်တွင် ဥရောပတစ်ဝန်း၏ စီးပွားရေး ပြန်လည်တိုးတက်စေရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"မိမိအနေနဲ့ယုံကြည်တာကတော့ အခုရရှိခဲ့တဲ့ သဘောတူညီချက်ဟာ ဗီယက်နမ်နိုင်ငံသားတွေအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ အခွင့်အလမ်းဖြစ်ပြီး နိုင်ငံတွင်း တိုးတက်ပြောင်းလဲမှုတွေနဲ့ အလုပ်သမားအခွင့်အရေးတွေပိုမိုရရှိစေမှာဖြစ်ပါတယ်"ဟု ယူဆာလီယန်က ပြောသည်။

ဗီယက်နမ်သည်ဥရောပသမဂ္ဂ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အပြန်အလှန်ကုန်သွယ်ရေးပမာဏမှာ နှစ်စဉ် ယူရို ၄၈ ဘီလီယံခန့် ရှိသည်။

ဥရောပသမဂ္ဂအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊အဝတ်အထည်များနှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံမှတင်သွင်းပြီး စက်ကိရိယာများ၊ ပို့ဆောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးပစ္စည်းများကို ဗီယက်နမ်သို့တင်ပို့ကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ

အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၆၀ စမ်းသပ်တွေ့ရှိ၊ ၆၂ ဦး သေဆုံး

ဂျကာတာ ဩဂုတ် ၁

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၆၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၉၃၆ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ တစ်ရက်တွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၆၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၁၉၃ ဦးရှိလာကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၂ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၇၉၁၉ ဦးရှိလာကြောင်း သိရသည်။

ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ဂျကာတာမြို့တွင် ၃၆၈ ဦး၊ အရှေ့ဂျာဗားတွင် ၂၃၅ ဦး၊ အလယ်ဂျာဗားတွင် ၁၄၃ ဦး၊ ဂိုရွန်တာလိုတွင် ၁၄၂ ဦး၊ တောင်ဆူလာဝေစီတွင် ၁၃၀ နှင့် မြောက်ဆူလာဝေစီတွင် ၆၈ ဦးစသည်ဖြင့် တစ်ရက်အတွင်း အသီးသီးရောဂါကူးစက်ခံရကြောင်း သိရသည်။

သို့သော် အာချေး၊ ဘန်ကာဘယ်လီတုန်၊ အနောက်ဆူမတြား၊ လမ်ပုန်း၊ အနောက်ကာလီမန်တန်၊ အနောက်နူဆာတင်ဂါရာ၊ အရှေ့နူဆာတင်ဂါရာနှင့် အလယ်ဆူလာဝေစီ စသည့်ပြည်နယ်နှင့် ဒေသရှစ်ခုတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှု တစ်စုံတစ်ဦးမျှမရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

တောင်ကိုရီးယားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုများနှင့် ဆက်နွှယ်ခဲ့သည့် တရားဟောဆရာတစ်ဦးအား အာဏာပိုင်များဖမ်းဆီး

ဆိုးလ် ဩဂုတ် ၁

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများနှင့် ဆက်နွှယ်ခဲ့သည့် တရားဟောဆရာတစ်ဦးအား အာဏာပိုင်များက ယနေ့ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အသက် ၈၈ နှစ်အရွယ် ခရစ်ယာန် တရားဟောဆရာ လီမန်ဟီသည် မတ်လအတွင်းက ရှင်ချွန်ဂျီ ခရစ်ယာန်ဘုရားကျောင်း၌ ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ဝတ်ပြုဆုတောင်းခဲ့ရာမှ အစုလိုက်အပြုံလိုက် ဗိုင်းရပ်စ်ကူးစက်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဝတ်ပြုဆုတောင်းပွဲပြီးနောက် ဝတ်ပြုဆုတောင်းသူ ၅၀၀၀ ကျော်တွင် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ အရေအတွက်သည် နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်၏ ၃၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၃၃၆ ဦးရှိပြီး သေဆုံးသူ ၃၀၀ ရှိသည်။

လီမန်ဟီသည် ဝတ်ပြုဆုတောင်းသူများ ဗိုင်းရပ်စ်ကူးစက်ခံထားရသည် ဆိုသည့် သတင်းများကို ထိန်ချန်ခြင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းကို ချိုးဖောက်ကာ လူစုလူဝေးဖြင့် ဝတ်ပြုဆုတောင်းခဲ့ခြင်းတို့ကြောင့် အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လီမန်ဟီ၏အဖွဲ့ဝင် ခရစ်ယာန်ဘာသာဝင်များသည် ရှင်ချွန်ဂျီ ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းခဲ့ပြီး နိုင်ငံအနှံ့အပြားသို့ သွားလာခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုများ ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များကဆိုသည်။

လီမန်ဟီက ၎င်းဦးဆောင်ခဲ့သည့် ဝတ်ပြုဆုတောင်းပွဲတွင် ခရစ်ယာန်ဘာသာဝင် အများအပြား ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည့်အတွက် စိတ်မကောင်း ဖြစ်မိပါကြောင်း တောင်းပန်စကား ဆိုခဲ့သည်။

ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်း မဟုတ်ခဲ့သော်လည်း ၎င်းကြောင့် ပြည်သူအများအပြား ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည့်အတွက် လွန်စွာ စိတ်မကောင်းဖြစ်မိပါကြောင်း လီမန်ဟီက ပြောကြားခဲ့သည်။

ကိုးကား - ဘီဘီစီ
ဘာသာပြန် - အောင်ကျော်ကျော်

တရားဟောဆရာ လီမန်ဟီ

အိန္ဒိယနိုင်ငံ၌ လက်သန့်ဆေးရည်ကို ယမကာအဖြစ် သောက်သုံး၍ ၁၀ ဦး ထက်မနည်း သေဆုံး

နယူးဒေလီ ဩဂုတ် ၁

အိန္ဒိယနိုင်ငံ အန်ဒါဟာပရာဒေ့ရှ်ပြည်နယ်ရှိ ရွာတစ်ရွာတွင် ယမကာဆိုင်များ ပိတ်သိမ်းထားသောကြောင့် လက်သန့်ဆေးရည်ကို ယမကာအဖြစ် သောက်သုံးခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် ယမကာဆိုင်များကို ပိတ်သိမ်းထားဆဲဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ခရီးသွားလာခွင့် ပိတ်ပင်ထားသော နေရာဒေသများတွင် အဆိုပါအခင်းဖြစ်ပွားခဲ့သည့် ကူရီချီဒူရွာလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါသေဆုံးခဲ့သူများသည် လက်သန့်ဆေးရည်ကို ရေနှင့် အချိုရည်များ ရောစပ်ကာ ယမကာအဖြစ်သောက်သုံးခဲ့ကြသည်ဟု ခရိုင်ရဲချုပ် ဆစ်ဒါရ်ကူရှယ်က ပြောသည်။ ၎င်းတို့သောက်သုံးခဲ့သည့် လက်သန့်ဆေးရည်တွင် အခြားသောအဆိပ်ဖြစ်စေမည့်အရာများပါဝင်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အရက်စွဲနေသူ အများစုသည် ယမကာဆိုင်များပိတ်သိမ်းထားသည့်အတွက် လက်သန့်ဆေးရည်ကို ရေနှင့် အချိုရည်များရောစပ်ကာ သောက်သုံးမှုများ ရှိလာကြောင်း ရဲချုပ်ကူရှယ်က ဆိုသည်။

“ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့အချိန်မှာ ယမကာရဖို့မလွယ်ဘူး။ လက်သန့်ဆေးရည်ရဖို့ လွယ်တယ်လေ”ဟု အဆိုပါကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

အိန္ဒိယအစိုးရက နိုင်ငံအတွင်းဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိသော်လည်း စီးပွားရေးပျက်ကပ်ဆိုက်မည်ကို စိုးရိမ်သည့်အတွက် အချို့သော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ဩဂုတ်လမှစပြီး ယောဂကျင့်စဉ်နှင့် အားကစားခန်းမများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည့်အပြင် ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

သို့သော် အချို့သောပြည်နယ်များတွ င် ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ခရီးသွားလာခွင့်များကို ပိတ်ပင်ထားဆဲဖြစ်သည်။

ယနေ့ဆေးမှတ်တမ်းများအရ နိုင်ငံတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၀၁၅၃၂ ဦးရှိလာခဲ့ပြီး ၇၇၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူပေါင်း ၃၆၅၈၇ ဦးရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - အောင်ကျော်ကျော်

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ရှစ်သိန်းလေးသောင်းကျော် ရှိလာ

မော်စကို ဩဂုတ် ၁

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၆၂ ဦး ယနေ့ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၅၄၄၃ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၉၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၀၅၈ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ကြေညာချက်တစ်ရပ်တွင် ယနေ့ ဖော်ပြထားသည်။

ထို့အပြင် ရုရှားနိုင်ငံမြို့တော် မော်စကိုတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ မော်စကိုမြို့တစ်မြို့တည်း၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၂၀၄၉ ဦးရှိလာကြောင်း သိရသည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် မြို့တစ်မြို့ ဖြစ်လာကြောင်း သိရသည်။

သို့သော် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၈၁၁၄ ဦး ရောဂါကင်းစင်ခဲ့ရာ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၆၄၆၅၂၄ ဦး ရှိလာကြောင်းသိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေး လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၂၈ ဒသမ ၄ သန်းကျော်၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး လောလောဆယ် လူဦးရေ ၂၅၄၃၉၂ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အာဖဂန်နစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် ၁၆ ဦးထက်မနည်း သေဆုံး

ဂျလာလာဘတ် ဩဂုတ် ၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ဘက် နန်ဂါဟာ ပြည်နယ် ကော့ဇ်ကူနာခရိုင်၌ ယမန်နေ့ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၆ ဦးထက်မနည်း သေဆုံးသွားပြီး လူနေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း ပြည်နယ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အက်တော်လာခိုဂီယာနီက ယနေ့ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ကော့ဇ်ကူနာခရိုင် အာလာတာ့ခ်ကျေးရွာတွင် လူနေအိမ်အများအပြား ပျက်စီးကာ အမျိုးသမီးတစ်ဦးနှင့် ကလေး ၁၂ ဦး အပါအဝင် ၁၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ကလေး လေးဦးလည်း ပျောက်ဆုံးသွားပြီး ကယ်ဆယ်ရေးအဖွဲ့က အဆိုပါ ပျောက်ဆုံးသူများအားရှာဖွေရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကယ်ဆယ်ရေးအဖွဲ့သည် ဒေသအတွင်းရှိ ရေဘေးသင့်မိသားစုများကိုလည်း လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ခိုဂီယာနီက ထပ်လောင်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ	သေဆုံးသူ	ပြန်လည် ကျန်းမာလာသူ
	၁၇၈၄၂၈၉၈ ဦး	၆၈၄၄၆၈ ဦး	၁၁၂၂၄၆၉၁ ဦး

AA အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းများနင်းမိ၍ ဒေသခံပြည်သူ နှစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၁

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း AA အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိ၍ ဒေသခံပြည်သူ နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အမ်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကဇူးကိုင်း-ဒါးလက်သွားလမ်း၌ ယာဉ်ဝင်/ထွက် စစ်ဆေးနေစဉ် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ဂျိတ်ချောင်းကျေးရွာမှ အမ်းမြို့သို့ ဂျိတ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်တွင် မိုင်းထိဒဏ်ရာရ လူနာတစ်ဦး ပါရှိလာသဖြင့် စစ်ဆေးမေးမြန်းခဲ့ကြောင်း။

စုံစမ်းမေးမြန်းချက်များအရ ဂျိတ်ချောင်းကျေးရွာနေ ဦးမောင်တင်သည် ဂျိတ်ချောင်းရွာ၏ တောင်ဘက် မိုင် ၁၀၀၀ ခန့်အကွာရှိ ၎င်းပိုင်ဆိုင်သည့် တည်းခြံသို့ ဇူလိုင် ၂၉ ရက်တွင် တည်းသီးခူးရန်သွားစဉ် AA အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းနင်းမိသေဆုံးခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက်အထိ နေအိမ်သို့ ပြန်လည်မရောက်ရှိသဖြင့် မြေးတော်စပ်သူ သက်နိုင်စိုးနှင့် အတူ ရွာသား ခုနစ်ဦးခန့်က လိုက်လံရှာဖွေခဲ့ပြီး မိုင်းနင်းမိသေဆုံးသူ အဘိုးဖြစ်သူအလောင်းအား သယ်ယူရန် ပြင်ဆင်စဉ် သက်နိုင်စိုးမှာ မိုင်းတစ်လုံးအား ထပ်မံနင်းမိသေဆုံးခဲ့ကာ တစ်ရွာတည်းနေ ဦးဆန်းဝင်းမှာ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ၎င်းမိုင်းစထိမှန်ဒဏ်ရာရရှိသူအား နယ်မြေခံတပ်မတော် ဆေးရုံတွင် လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကားလမ်းများ၊ ကျေးရွာချင်းဆက် လူသွားလမ်းများနှင့် ကျေးရွာများအနီး မိုင်းထောင်ခြင်း၊ မိုင်းခွဲတိုက်ခိုက်မှုများကြောင့် ဇွန် ၂၇ ရက်ထိ အရပ်သား မိုင်းနင်းမိသေဆုံးသူ ၁၈ ဦးနှင့် ဒဏ်ရာရရှိသူ ၅၇ ဦးရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီက ရွှေကူမြို့နယ် နောင်လတ်ကြီးကျေးရွာအုပ်စု ပူခိုင်ကျေးရွာနေ ဝင်းတင့်စိုး၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၄၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ကျန်းမာရေးလမ်း အိမ်အမှတ်(၇၀၇) နေ သန်းအောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နေမျိုးသူစိုး၊ ရန်နိုင်ဝင်းတို့အားတွေ့ရှိရပြီး ၎င်းတို့ထံမှ အိုက်စ်သုည ဒသမ ၀၁၂ ကီလို၊ စိတ်ကြွဆေးပြား ၁၁၀၊ ဖုန်းလေးလုံး တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျော်ကျော်ဆက် ရောက်ရှိနေသည့် လောင်းလုံးမြို့နယ် မောင်းမကန် ကျေးရွာရှိ တည်းခိုခန်းသို့ သွားရောက်ရှာဖွေရာ ၎င်းနှင့်အတူ ထွန်းဦးကျော်၊ မထက်ထက်ဦး တို့အား တွေ့ရှိရပြီး ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်ရှိ ကျော်ကျော်ဆက်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၇၀၀၀၊ လက်ကိုင်ဖုန်း၊ စုစုပေါင်း ငွေကျပ် ၉၈၅၇ ဒသမ ၁ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ရွှေသင်းကျေးရွာအနီးတွင် အောင်မင်းလွင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၃၃၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မထက်ထက်ဦး၊ ထွန်းဦးကျော်နှင့် ကျော်ကျော်ဆက်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား ပစ္စည်းလုယက်ပြီး သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား ပစ္စည်းလုယက်ပြီး သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား တပ်မတော်သား နှစ်ဦးက ပစ္စည်းလုယက်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်ကျူးလွန်ခဲ့သည့် တပ်သား သန်းစိုးလွင်နှင့် ဟိန်းမင်းထက်တို့သည် ဇူလိုင် ၁၇ ရက်တွင် ပြန်လည်အဖမ်းခံခဲ့ကြောင်းနှင့် စစ်စည်းကမ်းအရ ဥပဒေနှင့်အညီ ထိရောက်စွာ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ဖြစ်စဉ်ကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးသည် ဇူလိုင် ၁၆ ရက်တွင် ပိုလိုထကျေးရွာ အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်မုနော်ထံမှ ပစ္စည်းလုယက်မှုအပြင် လူကိုသေစေသည်အထိ ပြစ်မှုကျူးလွန်ခဲ့သဖြင့် ဇူလိုင် ၂၉ ရက်တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခဲ့ပြီး ၎င်းတို့ ကျူးလွန်သည့် ပြစ်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့ကြောင်း။

စစ်တရားရုံးဖြင့် စစ်ဆေးဆောင်ရွက်ရာသို့ ဘီးလင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းခိုင်၊ ကျားကွင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းပီး၊ ရင်းအုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနေလင်းဦး၊ ဒညင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ ကဇိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဆွဲတို့အပါအဝင် အခြားရပ်မိရပ်ဖ ၁၁ ဦး စုစုပေါင်း ၁၆ ဦးတို့ တက်ရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကျောက်မဲမြို့၌ ဆိုင်ကယ်ခိုးသူအား ဖမ်းဆီးရမိ

သီပေါ ဩဂုတ် ၁။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့မရဲစခန်းမှူး ဒုရဲမှူး ရဲမြင့်အောင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က နောင်ချိုမြို့နယ် ဂုတ်တွင်းတံတား၌ ဆိုင်ကယ်စီးနင်းလာသူ မိုးကုတ်မြို့ ရွှံ့ပန်းရပ်နေ အောင်မြတ်ကျော်အား စစ်ဆေးရာ ကျောက်မဲမြို့နယ်နေ စိုင်းဟိန်းထွဋ်၏ ပျောက်ဆုံးသွားသော ဆိုင်ကယ်ဖြစ်ကြောင်း သိရသဖြင့် ဆိုင်ကယ်ခိုးယူသူအား ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အအုံများ၊ ရန်ကုန်တက္ကသိုလ်နှစ်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များစသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ပြည့်နှစ် ဩဂုတ်လ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန် ၉၉ ရက်သာ လိုတော့သည်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ❖ သာသနာ့ဝန်ထမ်း
- ❖ ထောင်ဒဏ်ကျခံနေရသူ
- ❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- ❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ❖ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- ❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ကွမ်းခြံကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

ကွမ်းခြံကုန်း ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ယမန်နေ့နံနက်ပိုင်းမှစ၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးမှုကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း ဦးဆောင်သောအဖွဲ့သည် မုတ်ကျွန်းဒေသရှိ ကျေးရွာများသို့သွားရောက်၍ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် စနစ်တကျရှိစေရေး၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဩဂုတ် ၇ ရက်အထိ ကြေညာထားမည်ဖြစ်ရာ ထိုကာလအတွင်း မဲဆန္ဒရှင်စာရင်း၌ မိမိအမည်မပါရှိလျှင် ပုံစံ(၃)ဖြင့် တောင်းယူဖြည့်စွက်ရန်၊ မဲစာရင်း၌ ပါနေသူတစ်ဦးဦးကို ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့် တောင်းယူဖြည့်စွက်ကန့်ကွက်ရန်၊ မဲစာရင်း၌ ပါနေသည့်အချက်အလက်များကို ပြင်ဆင်လိုလျှင် ပုံစံ(၄-က)ဖြင့် တောင်းယူဖြည့်စွက်ပြင်ဆင်ရန်တို့ကို ဒေသခံများအား အသိပေးဆွေးနွေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားလာမှုများရှိပါက ကျေးရွာကော်မရှင်အဖွဲ့ခွဲအနေဖြင့် သတ်မှတ်ထားသောပုံစံများဖြင့် စနစ်တကျဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့သည်။ ကွမ်းခြံကုန်းမြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၃ စု၊ ကျေးရွာခွဲပေါင်း ၁၃၅ ရွာတွင် ဆန္ဒမဲပေးနိုင်သည့် မဲရုံပေါင်း ၁၈၀ ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ထွန်းထွန်းစိုး(ပြန်/ဆက်)

ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၀၇၂၁၉	၃၅၃
ရောဂါပိုးကင်းစင်သွားသူ	သေဆုံးသူ
၂၉၇	၆

[illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြချက်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၈	၅
၂	ရခိုင်	၁၆	
၃	ချင်း	၁၄	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
	စုစုပေါင်း	၃၅၃	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၈-၂၀၂၀ ရက်နေ့ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၄၇၀၉၅၄၁	၂၃၂၈၄၅၁	၁၅၆၈၂၆
၂။	ဘရာဇီး	၂၆၆၆၂၉၈	၁၈၈၄၀၅၁	၉၂၅၆၈
၃။	အိန္ဒိယ	၁၇၂၂၁၅၉	၁၁၂၁၁၀၅	၃၆၈၃၀
၄။	ရုရှား	၈၄၅၄၄၃	၆၄၆၅၂၄	၁၄၀၅၈
၅။	တောင်အာဖရိက	၄၉၃၁၈၃	၃၂၆၁၇၁	၈၀၀၅
၆။	မက္ကဆီကို	၄၂၄၆၃၇	၂၇၈၆၁၈	၄၆၆၈၈
၇။	ပီရူး	၄၁၄၇၃၅	၂၈၇၁၂၇	၁၉၂၁၇
၈။	ချီလီ	၃၅၅၆၆၇	၃၂၈၃၂၇	၉၄၅၇
၉။	စပိန်	၃၃၅၆၀၂	စိစစ်ဆဲ	၂၈၄၄၅
၁၀။	အီရန်	၃၀၆၇၅၂	၂၆၅၈၃၀	၁၆၉၈၂

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၀၉၉၃၆	၆၇၉၁၉	၅၁၉၃
၂။	ဖိလစ်ပိုင်	၉၈၂၃၂	၆၅၂၆၅	၂၀၃၉
၃။	စင်ကာပူ	၅၂၅၁၂	၄၆၄၉၁	၂၇
၄။	မလေးရှား	၈၉၈၅	၈၆၄၇	၁၂၅
၅။	ထိုင်း	၃၃၁၂	၃၁၃၅	၅၈
၆။	ဗီယက်နမ်	၅၈၆	၃၇၃	၃
၇။	မြန်မာ	၃၅၃	၂၉၇	၆
၈။	ကမ္ဘောဒီးယား	၂၃၉	၁၆၄	၀
၉။	ဘရူနိုင်း	၁၄၁	၁၃၈	၃
၁၀။	လာအို	၂၀	၁၉	၀

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဩဂုတ် ၁

တရုတ်နိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၂၄ ဦးနှင့် ယနေ့ ညနေ ၃ နာရီက ငါးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၉ ဦးတို့မှာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦးတို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ငါးဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်မှ နှစ်ဦး၊ ကွမ်းလုံမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ ၁၂ ဦး၊ ဟိုပန်မြို့နယ်မှ သုံးဦး၊ ကုန်းကြမ်းမြို့နယ်မှ လေးဦးနှင့် ပန်လုံမြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၄၀ နှင့် အမျိုးသမီး ၆၂၃၀ တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၉၇၀ တို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ၃၄ ဦးအား အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိ

ညောင်ရွှေ ဩဂုတ် ၁

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄ ဦးသည် ယနေ့ နံနက် ၁၁ နာရီက ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ပြီး သက်မွေးပညာသင်တန်းကျောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့် ထားရှိကြောင်း သိရသည်။

နေရပ်ပြန်ပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက သတ်မှတ်အဆောင်အသီးသီး၌ နေရာချထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါနေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ နေရပ်ပြန်ပြည်သူများတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၂၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၁၄ ဦးတို့ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်(ပြန်/ဆက်)

ရန်ကုန် ဩဂုတ် ၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် Grand Wynn Foundation မှ ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ Milkcow နွားနို့ဘူးနှင့် I’m Co Co အချိုရည် ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးရုံးခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ Grand Wynn Group of Companies မှ CEO ဦးအယ်(လ်)လမိန်းဒိန်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဘိုးဘွားရိပ်သာများအတွက် စားသောက်ကုန်များ လှူဒါန်း

အလားတူ Grand Wynn Foundation မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာနှင့် ဆည်းဆာရိပ်ဂီလာန ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် ဘိုးဘွားရိပ်သာတစ်ခုလျှင် ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ Milkcow နွားနို့ဘူးနှင့် I’m Co Co အချိုရည်များကို ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်း

Grand Wynn Foundation အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဘိုးဘွားရိပ်သာများသို့ ငွေကျပ် ၁၇၀၀၀၀၀ တန်ဖိုးရှိ Milkcow နွားနို့ဘူး ၆၀၀ နှင့် I’m Co Co အချိုရည်ဘူး ၁၆၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြေးမုံ

မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီး

ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုပုံစံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားသည်ဟု ပြောဆိုကြပါကြောင်း၊ တစ်နေရာနှင့် တစ်နေရာအပေါ်အခြေခံ၍ ပြောင်းလဲသွားပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုသည် ရောဂါလက္ခဏာပြသခြင်းမရှိဟု ပြောကြပါကြောင်း၊ ထိုသို့ လက္ခဏာမပြခြင်းသည် အလွန်ကြောက်မက်ဖွယ်ဖြစ်ပါကြောင်း၊ လက္ခဏာပြသသဖြင့် မြင်တွေ့ရလျှင် ရှောင်တိမ်း၍ရပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ လက္ခဏာ လုံးဝမပြသဖြင့် ရှောင်တိမ်း၍ မရပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်တွင် COVID –19 ကူးစက်ဖြစ်ပွားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေး သတင်းမှ ကောက်နုတ်ချက်)

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁-၈-၂၀၂၀)ရက်နေ့အတွက် COVID–19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် –
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၀၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၅)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၇၀)ခု၊
- စုစုပေါင်း (၆၂၄)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ–
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃) ဦးရှိပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၀၉) ခု
(၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၅) ခု
(၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case– 300) ရှိသဖြင့် စုစုပေါင်း (၂၉၇)ဦးရှိပါသည်။ ၎င်းတို့အနက် (၂၈၁)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၆)ဦးရှိပါသည်။

၅။ (၃၁-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီမှ (၁-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၇)ဦးရှိပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၅၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်သွားသူ (recovered)	(၁) ဦး	(၂၉၇) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၃၂၀)ခုအား ညပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၀၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၈၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၂၀)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၆၈)ခု၊
စုစုပေါင်း (၈၈၁)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃)ဦးရှိပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၃၁-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၃၂၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

နေရပ်ပြန်မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

ကော့သောင်း ဩဂုတ် ၁

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း တာဝန်အလွှဲအပြောင်း ပြုလုပ်ရန် MTM–London ပင်လယ်ကူးသင်္ဘောမှ ထွက်ခွာလာသည့် နေရပ်ပြန်မြန်မာသင်္ဘောသား ၁၇ ဦးသည် ယမန်နေ့ညနေပိုင်းက ကော့သောင်းမြို့မ ဆိပ်ကမ်းမှတစ်ဆင့် ဝင်ရောက်လာရာ ကော့သောင်းမြို့ရှိ Hotel Quarantine တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း သိရသည်။

တာဝန်လွှဲပြောင်းယူ

အဆိုပါ မြန်မာသင်္ဘောသား ၁၇ ဦးသည် ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးဆန်းမင်း အပါအဝင် မြန်မာသင်္ဘောသား ၁၇ ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

အဆိုပါ သင်္ဘောသည် M.T.M. Maritime Centre CO.,Ltd. မှ ကုန်စည်ပို့ဆောင်သည့်သင်္ဘောဖြစ်ပြီး အိန္ဒိယနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်သည်။ သင်္ဘောပေါ်မှ ထွက်လာသည့် မြန်မာသင်္ဘောသား ၁၇ ဦးအား ဆိပ်ကမ်း၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ နှာခေါင်းနှင့် အာခေါင်တို့ ဖတ်နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင် ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မန္တလေးတိုင်းဒေသကြီးရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ပေးအပ်

မန္တလေး ဩဂုတ် ၁

COVID-19 Economic Relief Plan(CERP) တွင် ပါဝင်သည့် Action Plan အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည် ထူထောင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးသန်းက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလတွင် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် ငါးမွေးတောင်သူများကြုံတွေ့ခဲ့ရသည့် ထိခိုက်ဆုံးရှုံးမှုများကို အမြန်ဆုံး ပြန်လည် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ငွေကျပ်သန်း ၆၀၀၀ ခွင့်ပြု၍ ငါးမွေးမြူသူများအား တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မျိုးငါးနှင့် ငါးသားပေါက်များအား ဧက ၁၅၀၀၀၀ ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးသန်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ကြသည်။

နိုင်ငံတော်က တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ငါးသားပေါက်များ ထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူ ၃၃၃ ဦး၊ ငါးမွေးမြူရေးကန်ဧက ၁၆၃၁ ဒသမ ၃၆ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၄၁ သိန်းခုနစ်သောင်းကျော်ကို ငါးမွေးကန်များအရောက် ပေးပို့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးစီမံကိန်း ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီး၊ ကျောက်ဆည်၊ မြစ်သားနှင့် စဉ့်ကိုင်မြို့နယ်များရှိ နှစ်ကေအောက် ငါးမွေးတောင်သူများနှင့် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း လေးခုသို့လည်း ငါးသားပေါက်များ၊ ငါးအစာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မိတ္ထီလာ၌ အခြေခံအိမ်ထောင်စုတစ်သောင်းခန့်အား ထောက်ပံ့ငွေများ ပေးအပ်

မိတ္ထီလာ ဩဂုတ် ၁

မိတ္ထီလာမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်ကပေးအပ်သည့် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်းစီထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုတစ်သောင်းခန့်အား KBZ PAY ဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျီတော်ကုန်းရပ်ကွက် နယ်မြေ(၈) ဝမ်းတော်ပြည့်တိုးချဲ့ရပ် သာသနာ့ရက္ခိတဓမ္မာရုံနှင့် ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နေရာများ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများကို KBZ PAY ဖြင့် ထောက်ပံ့ငွေများပေးအပ်နေမှုအား ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးဆောင်ရွက်ခဲ့သည်။

"မိတ္ထီလာမြို့နယ်အတွင်းက ရပ်ကွက် ၁၄ ခု နဲ့ ကျေးရွာပေါင်း ၃၇၉ ရွာက ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားအိမ်ထောင်စု စုစုပေါင်း ၄၉၇၄၀ စုကို နိုင်ငံတော်က ထောက်ပံ့ပေးအပ်တဲ့ ငွေကျပ်နှစ်သောင်းစီကို သက်ဆိုင်ရာရပ်ကွက်ကျေးရွာအုပ်စုအလိုက် ပေးအပ်ဆောင်ရွက်တာပါ။ အဲဒီအိမ်ထောင်စုလေးသောင်းကျော်ထဲက အိမ်ထောင်စုတစ်သောင်းခန့်ကို KBZ PAY နဲ့ ထောက်ပံ့ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က ပြောပြသည်။

ချမ်းသာ (မိတ္ထီလာ)

ဘက်ထရီရှော့တိုက်များ ဖမ်းဆီးထားမှုကို ကွင်းဆင်းစစ်ဆေး

စဉ့်ကူး ဩဂုတ် ၁

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးသည် ကူမဲမြို့နယ်နှင့် မန္တလေးမြို့တို့တွင် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားများကို တက်ရောက်ခဲ့ပြီးနောက် ယနေ့တွင် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ တရားမဝင် ငါးဖမ်းဆီးခြင်း (ဘက်ထရီရှော့တိုက်များ) တွင် အသုံးပြုသည့် လှေများ၊ အင်ဂျင်များ၊ ရှော့တိုက်ရာတွင် အသုံးပြုသည့် ကိရိယာများ၊ ငါးဖမ်းပိုက်များ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သိမ်းဆည်းပစ္စည်းများ လေလံပစ်နိုင်ရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေး အစီအစဉ်အရ မျိုးစပါးနှင့် နေ့စားလုပ်အားခများ ထောက်ပံ့ပေးအပ်

လက်ပံတန်း ဩဂုတ် ၁

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ မျိုးစပါးနှင့် နေ့စားလုပ်အားခ ထောက်ပံ့ခြင်းကို ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေကန်ကျေးရွာအုပ်စု မင်းလမ်းကျေးရွာရှိ စက်မှုလယ်ယာမြေ ရှင်းလင်းဆောင်၌ ယမန်နေ့ ညနေပိုင်းက မိုးစပါးစိုက်တောင်သူများသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP)အရ တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် ဒေသခံလက်လုပ်လက်စားများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး အတွက် စက်မှုလယ်ယာဦးစီးဌာနက မျိုးစပါးထောက်ပံ့ပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ အခက်အခဲများရှိပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ် အကူအညီရယူနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က လက်ပံတန်းမြို့နယ် ကြို့ပင်စခန်း၊ ဝွေးတောက်ကွင်းနှင့် မင်းလမ်းကျေးရွာတို့တွင် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်သော စနစ်ကျလယ်ယာမြေဧက ၁၅၀ အတွက် မျိုးစပါး တင်း ၁၅၀ နှင့် ဒေသခံလုပ်သား ၉၀ အတွက် နေ့စားလုပ်ခ ၄၈၀၀၀၀၀ ကို တောင်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စနစ်ကျလယ်ယာမြေဧက ၁၅၀ တွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုများ၊ Power Weeder ဖြင့် တမန်းနှိုး၊ ကြားပေါင်းလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝင့်နန္ဒာဌေး(ပြန်/ဆက်)

အနေ့းယာဉ်မောင်းသူများအား ဆန်၊ ဆီထောက်ပံ့

ရန်ကုန် ဩဂုတ် ၁

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီသည့်အနေဖြင့် ကောက်ရိုးနွယ်လူမှုအကျိုးပြု ပရဟိတအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် သမိုင်းဘူတာရုံ ခုံးကျော်တံတားအောက်၌ ဆိုက်ကားနှင့် ဂါလီမောင်းသူများအား ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

"ဒီနေ့ကတော့ မရမ်းကုန်း ၁ ရပ်ကွက်နဲ့ ၂ ရပ်ကွက်မှာရှိတဲ့ ဆိုက်ကားနဲ့ ဂါလီသမား ၈၀၀ ကျော်ကို တစ်ဦးလျှင် ဆန်သုံးပြည်၊ ဆီ ၃၅ ကျပ်သား၊ အချိုမှုန့် တစ်ထုပ်၊ ဆား၊ ကြက်သွန်နီစတဲ့ အခြေခံစားသောက်ကုန်တွေကို ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ ဒါကလည်း ကိုဗစ်ကာလမှာ ပြည်သူအချင်းချင်း ပိုသူကပေး လိုသူကယူ ဖေးမကူညီတဲ့အနေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်" ဟု ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောသည်။

ကောက်ရိုးနွယ်လူမှုအကျိုးပြုပရဟိတအဖွဲ့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကာလအတွင်း ပိုသူကပေး လိုသူကယူ အစီအစဉ်ဖြင့်ပြည်သူများအား ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးမှုသည် ယခုအကြိမ်ဆိုလျှင် လေးကြိမ်မြောက်ရှိသွားပြီဖြစ်ကြောင်း၊ ကိုဗစ်ကာလမတိုင်မီကလည်း မရမ်းကုန်းမြို့နယ်အတွင်း ဆန်၊ ဆီ၊ ကြက်သွန်အစရှိသည်တို့ကို လစဉ်တစ်ဝက်ဈေးနှုန်းဖြင့် ရောင်းချပေးနေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ရောင်းချပေးမှုမှာလည်း လိုငွေကိုပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဖြည့်ထည့်ကာ ရောင်းချပေးခဲ့သည်မှာလည်း တစ်နှစ်ကျော်ပြီဖြစ်ကြောင်း သိရသည်။

မြင့်မောင်

❑ ကျောဖုံးမှ

ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၄၆ ဦးအား ကယ်ဆယ်ရေးလေယာဉ် သုံးကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ဩဂုတ် ၆ ရက်တွင် စတုတ္ထကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ မြစ်ကြီးနားမှ

ဆောင်ရွက်ပေးလျက်ရှိရာ အသက် ၁၈နှစ် ပြည့်ပြီး မဲစာရင်းတွင် မပါဝင်သူများ၊ မဲစာရင်းတွင် အချက်အလက်မှားယွင်းနေသူများအနေဖြင့် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် သတ်မှတ်ပုံစံများတောင်းယူ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း အမျိုးသား ၁၀၇၉၅၁ ဦး၊ အမျိုးသမီး ၁၁၉၉၉၁ ဦး စုစုပေါင်း ၂၂၇၉၄၂ ဦး ရှိပြီး မဲရုံပေါင်း ၁၃၃ ရုံ ဖွင့်လှစ်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိန်ဝင်း(ပြန်/ဆက်)

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

ပြန်လည်ထူထောင်ရေးအသုံးစရိတ် (Rehabilitation Expenditure)

၆၆။ (က) ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူတစ်ဦးက အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့်အညီ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်သို့ ထည့်ဝင်သည့် ပမာဏကို ယင်းသို့ထည့်ဝင်သည့် အခွန်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည်။

(ခ) လိုင်စင်ရရှိသူတစ်ဦး၏ ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်၏ လိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်ရာ၌ ယင်းလိုင်စင်ရရှိသူက ကျခံရသည့် အသုံးစရိတ်တစ်ရပ်ကို ယင်းအသုံးစရိတ် ကျခံရသည့် အခွန်နှစ်အတွက် နုတ်ပယ်ခွင့်ပြုပြီး ယင်းသို့ ခွင့်ပြုနိုင်ရန် ယင်းလုပ်ငန်းကို ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုင်စင်ရရှိသူ၏ ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ငွေကြေးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေးချေထားခြင်း မရှိစေရ။

(ဂ) ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်တွင် စုဆောင်းရရှိသည့် ငွေကြေးပမာဏများ သို့မဟုတ် အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်အရ ကျခံရသည့်အသုံးစရိတ်ကို ဖြည့်ဆည်းနိုင်ရန် ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်မှ ထုတ်ယူထားသည့် ငွေကြေးပမာဏများသည် ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေဖြစ်သည်။

(ဃ) ရန်ပုံငွေမှ ထုတ်ယူပြီး လိုင်စင်ရရှိသူထံ ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏကို ယင်းသို့ပြန်လည်ပေးအပ်သည့် အခွန်နှစ်အတွက် လိုင်စင်ရရှိသူ၏ လုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည်။

(င) ပြန်လည်ထူထောင်ရေးလုပ်ငန်း ပြီးစီးသည့်အချိန်တွင် လိုင်စင်ရရှိသူတစ်ဦး၏ ပြန်လည်ထူထောင်ရေးရန်ပုံငွေ၌ ကျန်ရှိနေသည့် မည်သည့်ပိုငွေပမာဏမဆိုသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့် ညီညွတ်လျှင် ယင်းပိုငွေပမာဏကို ယင်းပြန်လည်ထူထောင်ရေးလုပ်ငန်း ပြီးစီးသည့် အခွန်နှစ်အတွက် လိုင်စင်ရရှိသူ၏ လုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည် –

(၁) လိုင်စင်ရရှိသူထံသို့ ပြန်အမ်းလျှင် သို့မဟုတ် လိုင်စင်ရရှိသူ၏ မည်သည့်ကြွေးမြီကိုမဆို ပြန်လည်ပေးဆပ်ရာ၌ အသုံးပြုလျှင်၊

(၂) လိုင်စင်ရရှိသူ၏ ညွှန်ကြားချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးချေလျှင်။

(စ) ဤပုဒ်မတွင် –

(၁) **အတည်ပြုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တွင်းတစ်ခု ပြန်လည်ထူထောင်ရန် သို့မဟုတ် ရေနံ သို့မဟုတ် ခၢတ်ငွေ့တွင်းတစ်ခုပိတ်သိမ်းရန် သို့မဟုတ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကြံပြုချက်အရ ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့် အစီအစဉ်တစ်ရပ်ကို ဆိုသည်။

(၂) **ပြန်လည်ထူထောင်ရေးရန်ပုံငွေ (rehabilitation fund)** ဆိုသည်မှာ ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး တစ်ရပ်တွင်ပါဝင်သည့် လိုင်စင်ရသည့် နယ်မြေကို ပြန်လည်ပြင်ဆင်ရေး လုပ်ဆောင်ရန်အတွက် အနာဂတ် ကာလတွင် ပေးချေနိုင်ရန် ယင်းခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာ အခွင့်အရေးအရ ထူထောင်ထားရန် လိုအပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လိုင်စင်ရရှိသူ တို့က ပူးတွဲစီမံခန့်ခွဲသော ရန်ပုံငွေ သို့မဟုတ် ငွေစာရင်း တစ်ခုကို ဆိုသည်။

နုတ်ပယ်မှုများကို ကာကွယ်ထားခြင်း (Ring Fencing Deduction)

၆၇။ (က) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လိုင်စင်ရသည့် နယ်မြေတစ်ခုတွင် ဆောင်ရွက်ရာ၌ လိုင်စင်ရရှိသူတစ်ဦးက အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကျခံရသည့် အသုံးစရိတ် သို့မဟုတ် အရှုံးအတွက် နုတ်ပယ်ခွင့်ကို ယင်းလိုင်စင်ရရှိသူက ယင်းလိုင်စင်ရသည့်နယ်မြေတွင် ယင်းနှစ်အတွင်း ဆောင်ရွက်သည့် ယင်းလုပ်ငန်းများမှရရှိသည့် စည်းကြပ်ထိုက်သော ဝင်ငွေမှသာလျှင် နုတ်ပယ်ခွင့်ပြုသည်။

(ခ) လိုင်စင်ရရှိသူတစ်ဦးက ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လိုင်စင်ရသည့် နယ်မြေတွင် ဆောင်ရွက်ရာ၌ အခွန်နှစ်တစ်နှစ်အတွင်း စုစုပေါင်းနုတ်ပယ်မှုများသည် လိုင်စင်ရသည့်နယ်မြေတွင် ဆောင်ရွက်သည့် ယင်းလုပ်ငန်းများမှ ရရှိသည့် ယင်းနှစ်အတွက် စုစုပေါင်း စည်းကြပ်ထိုက်သောဝင်ငွေကို ကျော်လွန်လျှင် ကျော်လွန်သည့် ပမာဏကို ရှေ့သို့ဆက်လက် သယ်ဆောင်ရမည်ဖြစ်ပြီး ယင်းလိုင်စင်ရရှိသူက လိုင်စင်ရသည့်နယ်မြေ၌ ဆောင်ရွက်မည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှ လာမည့်အခွန်နှစ်တွင် ရရှိမည့် စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ယူခွင့်ပြုသည်။

(ဂ) ပုဒ်မခွဲ (ခ) အရ နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို လိုင်စင်ရရှိသူ၏ ရှေ့လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်နိုင်ပြီး ယင်းကာလအတွင်း ပုဒ်မခွဲ (ခ) နှင့်အညီ နုတ်ပယ်ခွင့်ပြုသည်။ ယင်းသို့နုတ်ပယ်ထားခြင်းမရှိသည့် ငွေကြေးပမာဏကို အပြည့်အဝနုတ်ပယ်ပြီးသည်အထိ သို့မဟုတ် လိုင်စင်ရသည့် နယ်မြေတွင် ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းသွားသည်အထိ ယင်းနည်းလမ်းအတိုင်း ဆက်လက် ဆောင်ရွက်ရန်ဖြစ်သည်။

(ဃ) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ရရှိသည့် လိုင်စင်ရရှိသူတစ်ဦးက ပေးဝေဖြန့်ဖြူးသည့်နေရာကို ကျော်လွန်လျက် ကျခံထားသည့် မည်သည့်အသုံးစရိတ်ကိုမဆို နုတ်ပယ်ခြင်း မရှိစေရ။

(င) လိုင်စင်ရရှိသူတစ်ဦး၏ ဆောင်ရွက်ချက်သည် အောက်ပါအခြေအနေများနှင့် ညီညွတ်လျှင် ပုဒ်မခွဲ (စ) က အကျိုးသက်ရောက်စေရမည် –

(၁) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို အခွန်နှစ်တစ်နှစ်အတွင်း (ဤပုဒ်မတွင် စွန့်လွှတ်သည့်နှစ် ဟု ရည်ညွှန်းမည်) အပြီးအပိုင် စွန့်လွှတ်လိုက်လျှင်၊ ထို့ပြင်

(၂) စွန့်လွှတ်သည့်နှစ်အတွက် ပြန်လည်ရယူနိုင်ခြင်းမရှိသည့် အရှုံးတစ်ရပ် ရှိနေလျှင်။

(စ) လိုင်စင်ရရှိသူသည် ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် ပြန်လည်ရယူနိုင်ခြင်းမရှိသည့် အရှုံး၏ ၂၅ ရာခိုင်နှုန်းကို ယင်း လိုင်စင်ရရှိသူက စွန့်လွှတ်သည့်နှစ်နှင့် နောက်လာမည့် အခွန် နှစ်သုံးနှစ်မှ တစ်နှစ်စီအတွက် တစ်ဦးတည်းလိုင်စင်ရရှိသူအဖြစ် ရရှိထားသည့် ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ် နှင့် အကျုံးဝင်သည့် အခြားလိုင်စင်ရသည့်နယ်မြေတွင် ရေနံ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှ လိုင်စင်ရရှိသူက ရရှိသည့် စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ပယ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဂ) အထိတွင် လိုအပ်သည့် အပြောင်းအလဲ များကို ပြုလုပ်မည်ဆိုပါက ယင်းပုဒ်မခွဲများသည် လိုင်စင်ရသည့် နယ်မြေ၌ ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် လိုင်စင် ရရှိသူတစ်ဦးအပေါ်၌လည်း အကျိုးသက်ရောက်စေရမည်။

(ဇ) ဤပုဒ်မတွင် –

(၁) လိုင်စင်ရရှိသူတစ်ဦးက တူးဖော်ထုတ်လုပ်သည့် ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့နှင့်စပ်လျဉ်း၍ **ပေးဝေဖြန့်ဖြူးသည့်နေရာ** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –

(ကက) ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့အတွက် ပိုင်ဆိုင်ခွင့်ကို စာချုပ်ဝင်တစ်ဦးက အခြား စာချုပ်ဝင်တစ်ဦးသို့ လွှဲပြောင်းပေးသည့် သက်ဆိုင်ရာ ထုတ်လုပ်မှုအပေါ် ခွဲဝေသည့် ပဋိညာဉ်တွင် သဘောတူညီထားသည့် နေရာ၊

(ခခ) သက်ဆိုင်ရာ ထုတ်လုပ်မှုအပေါ် ခွဲဝေသည့် ပဋိညာဉ်တွင် ယင်းသို့ သဘောတူညီထားသော နေရာတစ်ခု မပါဝင်ပါက –

(၁-၁) ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့သည် မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက် အတွက်ဖြစ်လျှင် စည်းမျဉ်းများဖြင့် သတ်မှတ်သည့် မြန်မာနိုင်ငံ ပြည်တွင်း ဈေးကွက်အတွက် ရရှိနိုင်စေသည့် နေရာ၊ သို့မဟုတ်

(၁-၂) ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့သည်ပြည်ပတင်ပို့ရန်ဖြစ်လျှင် အောက်ပါ တို့အနက် တစ်ခုခုဖြစ်သည် –

(ကကက) မြန်မာနိုင်ငံမှ ပြည်ပတင်ပို့သည့် ပိုက်လိုင်းရှိ သင်္ဘောပေါ်အရောက် တန်ဖိုး (Free On Board – FOB) သတ်မှတ်သည့် ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့ ပို့လွှတ်သည့်နေရာ (inlet flange)၊

(ခခခ) ရေနံစိမ်း သို့မဟုတ် သဘာဝခၢတ်ငွေ့ကို ပိုက်လိုင်းတစ်ခု၏ တိုင်းတာရေးစခန်းသို့ ရောက်ရှိအောင် ပို့ဆောင်ပေးသည့် အခြေခံ အဆောက်အအုံ (loading facility)၊

(ဂဂဂ) သယ်ဆောင်မည့် ရေနံတင်သင်္ဘော (lifting tank ship) မှ အဝင်ပိုက် (intake pipe) ၏ ရေနံစိမ်းနှင့် သဘာဝခၢတ်ငွေ့ပို့လွှတ်သည့်နေရာ(inlet flange)။

(၂) **လိုင်စင်ရသည့်နယ်မြေ** ဆိုရာတွင် –

(ကက) ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်တွင် အကျုံးဝင်သည့် နယ်မြေသည် လိုင်စင်ရရှိသူ၏ သတ္တုရှာဖွေရန် အခွင့်အရေးတွင် အကျုံးဝင်သည့် နယ်မြေအတွင်း အပြည့်အဝ ကျရောက်ပါက ခၢတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ရှာဖွေရန် ယင်းအခွင့်အရေးတွင် အကျုံးဝင်သည့် ယင်းနယ်မြေ ပါဝင်သည်၊ သို့မဟုတ်

(ခခ) ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ ပဋိညာဉ်နှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ ပဋိညာဉ်တွင် အကျုံးဝင်သည့် ပဋိညာဉ်ဆိုင်ရာ နယ်မြေကိုဆိုသည်။

(၃) လိုင်စင်ရရှိသူတစ်ဦးက စွန့်လွှတ်လိုက်သည့် ရေနံတူးဖော် ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်နှင့်စပ်လျဉ်း၍ **ပြန်လည်ရယူနိုင်ခြင်းမရှိသည့်အရှုံး** ဆိုသည်မှာ အောက်ပါ ပုံသေနည်းနှင့်အညီ တွက်ချက်ရရှိသည့် အပေါင်းကိန်း ငွေကြေးပမာဏတစ်ရပ်ကိုဆိုသည် –

$$A + B - C$$

ယင်းတွင် –

A သည် စွန့်လွှတ်သည့်နှစ်အတွင်း စွန့်လွှတ်လိုက်သည့် ရေနံ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးနှင့် အကျုံးဝင်သည့် လိုင်စင်ရသည့် နယ်မြေတွင် လိုင်စင်ရရှိသူက ဆောင်ရွက်သည့် ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုင်စင်ရရှိသူ၏ စုစုပေါင်းနုတ်ပယ်မှုများ ဖြစ်သည်၊

B သည် ပုဒ်မခွဲ (ဂ) အရ ယခင်အခွန်နှစ်မှ ဆက်လက်သယ်ဆောင်သည့် မည်သည့်ငွေကြေးပမာဏမဆို ဖြစ်သည်၊

C သည် စွန့်လွှတ်သည့်နှစ်အတွင်း စွန့်လွှတ်လိုက်သည့် ရေနံ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် အကျုံးဝင်သည့် လိုင်စင်ရသည့်နယ်မြေတွင် ဆောင်ရွက်သည့် ရေနံတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှရရှိသည့် စုစုပေါင်းစည်းကြပ်ထိုက်သော ဝင်ငွေဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ
ဩဂုတ် ၂၊ ၂၀၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၃)၊ ပန်းခရေလမ်း၊ R/12/B၊ ၁-ခရေပ်ကွက်၊ (၄)ခန်းတွဲ၊ ၂ထပ်၊ အကျယ်အဝန်း (၂၄၀၀စတုရန်းပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ မြေပိုင်ရှင်များဖြစ်ကြသော ဒေါ်သင်းသင်းလှိုင် (၁၀/မဒန(နိုင်)၀၀၆၅၂၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုမေ (၁၂/မဂဒ(နိုင်)၀၃၄၀၁၇) ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်စမသူ LL.B, DBL
အထက်တန်းရှေ့နေ (စဉ် -၂၅၁၈၉)
အမှတ်(၀၀၃)၊ဘုတာရုံလမ်း၊ခရေပင်ရိပ်မွန်၊မင်္ဂလာဒုံမြို့နယ်၊ ဖုန်း ၀၉-၆၉၇၂၃၈၉၆၀

သစ်
တော
နဲ့
သစ်
ပင်
ချစ်
ခင်
တဲ့
လူ
မျိုး
သစ်
ပင်
ကို
နှစ်
စဉ်
စိုက်
ရွှေ
တိုက်
ကို
စိုး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၃၇)နေ ဦးတင်စိုး(ဘ)ဦးကျော်ရှိန်[၁၄/ဟသတ(နိုင်)၀၀၇၂၀၅]နှင့် ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးလှကြင်[၁၄/ဟသတ(နိုင်)၀၀၆၆၈၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်စိုး၊ ဒေါ်မြင့်မြင့်သိန်းတို့က မိမိတို့လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၃၇)ဟုခေါ်တွင်သည့် ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ကနောင်စုအနောက်ရပ်ကွင်း၊ အကွက်အမှတ်(၃၇)၊ ဦးပိုင်အမှတ် (၁၈၂)၊ ဧရိယာ(၀.၀၆၀)ဧကအကျယ်ရှိ ဦးတင်စိုးအမည်ပေါက် မြေကွက်နှင့်ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အောက်ထပ်အုတ်ပတ်ကား၊ အပေါ်ထပ်ကျောက်ပြားကပ်ထားသည့် နှစ်ထပ်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သမီးဖြစ်သူ မရင်ရင်ထွေးအား မေတ္တာဖြင့်အပိုင်ပေးကမ်းမည်ဖြစ်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို၍ အပိုင်ပေးကမ်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ရောလင်းထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၈၃)
မြရပ်ကွက်(၁)လမ်း၊ သုံးပင်ကွင်းရပ်ကွက်၊ ဟင်္သာတမြို့။
(ဖုန်း–၀၉–၄၀၁၅၄၀၀၂၈)

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
မရမ်းကုန်းမြို့နယ်တရားရုံးတော်
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၃ နှင့် ဆက်နွှယ်သည့်
၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်–၆

ဦးမြင့်စိုး	နှင့်	(၁) ဦးသက်စန်းနိုင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်–ဦးပြုံးချို)		(၂) ဦးဝင်းမော်
(ဒီကရီအနိုင်ရသူ)		**(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရွာဦးလမ်း၊ အမှတ်(၅၈)နေ တရားရှုံး ဦးဝင်းမော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးအမှုအမှတ်–၆၃ တွင် ကျရှိသည့်ဒီကရီ အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်မှ လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၂)ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၄)
မရမ်းကုန်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀)
တွံတေးမြို့နယ်တရားရုံးတော်
၂၀၂၀ ခုနှစ် တရားမကြီးအမှုအမှတ်–၃၀

ဒေါ်လှနု	၁။ ဒေါ်ကျင်တင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးနိုင်မင်း)	၂။ ဦးဇ
တရားလို	**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၅၈)နေ ဦးဇ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုစေမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်၊ (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၄)ရက်)၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းဆိုချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ရဲကိုနိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
တွံတေးမြို့နယ်တရားရုံး

ဝေဒနာရှင်နှင့်ကျန်းမာရေးဝန်ထမ်းများကိုပံ့ပိုးပါ

ယခုလိုခက်ခဲနေချိန်မှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့် စိတ်ရောကိုယ်ပါ သန်မာနေစေဖို့ အထောက်အပံ့များစွာ လိုအပ်နေပါသည်။

လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာခြင်း

[illegible]

ASM

[illegible]

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL.B)	ဒေါ်ဟန်စန္ဒာနိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်–၂၅၈၈)	အထက်တန်းရှေ့နေ(စဉ်–၂၇၃၇၃)
Ph-09 253995848	Ph-09-4200 73685

[illegible]

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ THAN LWIN & THAN THAR COMPANY LIMITED [illegible]

ASPIRE®

[illegible]

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL.B)	ဒေါ်ဟန်စန္ဒာနိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်–၂၅၈၈)	အထက်တန်းရှေ့နေ(စဉ်–၂၇၃၇၃)
Ph-09 253995848	Ph-09-4200 73685

[illegible]

မှတ်ပုံတင်ထားသော ကိုယ်ပိုင်ကျောင်း အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်

UNIQUE [illegible] UNIQUE Education Centre [illegible]

[illegible]

UNIQUE "[illegible]" [illegible]
ဖုန်း – [illegible]

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ အမှတ်–၇၆တွင် နေထိုင်သော ဦးရဲပြည့်ဖြိုး(ဘ)ဦးထွန်းလှ[၁၂/တမန(နိုင်)၁၁၈၅၅၅]မှ အောက်ဖော်ပြပါ ကျောက်စိမ်းလုံချည် တံဆိပ် အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ မြန်မာပြည်တွင် ကျောက်စိမ်းလုံခြည်နှင့်ပတ်သက်၍ အနံကြီးကွင်းကျယ်ပြီး ဆေးသားခိုင်ခံ့ကာ လူသိများ ထင်ရှားလျက်ရှိပါသည်။

မှတ်ပုံတင်နံပါတ်အမှတ်–၄/၃၃၉၉/၂၀၂၀

အထက်ပါကုန်အမှတ်တံဆိပ်ကို အသုံးပြုမှုနှင့်စပ်လျဉ်း၍ ထည့်သွင်းထုပ်ပိုးပစ္စည်းများ ဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်းအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်လုပ်၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခေမာ(၃)လမ်း၊ အမှတ်(၁၅၄)၊ဒေါ်တင်ကြည် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ (၂၀x ၆၀)၏ အစိတ်အပိုင်းဖြစ်သည့် မြေအကျယ် ပေ(၂၀x ၆၀)နှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဥမ္မာ(N/OKA- ၀၉၃၆၂၃)နှင့် ဒေါ်မိချို N/OKA -၀၈၈၃၂၀ တို့မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်စိမ်းမို့မို့ [၇/သနပ(နိုင်)၀၉၀၆၁၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူ	**ညွှန်ကြားချက်အရ**
ဒေါ်စိမ်းမို့မို့	**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)
	(၂၀-၇-၁၉၉၈)
	ရုံး(ဃ/၃၀၄)၊ ခေမာသီလမ်း၊
	မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၅၄၀၇၂၂၉

ကျေးဇူးတင်ရှိလွှာ
ဒေါ်မာလာ @ Rose Mary Pe
အသက် (၆၆) နှစ်

ကန်သာယာဆေးရုံတွင် ၁၇-၇-၂၀၂၀ မှ ၂၄-၇-၂၀၂၀ ထိ ဆေးကုသမှုခံယူနေစဉ် မေတ္တာ၊ စေတနာ၊ ဂရုဏာများဖြင့် အားသွန်ခွန်စိုက်ကုသပေးခဲ့ပါသော ဆီးနှင့်ကျောက်ကပ်အထူးကု ဆရာဝန်ကြီး ဒုဗိုလ်မှူးကြီး ဒေါက်တာအောင်ချမ်းငြိမ်း၊ ခွဲစိတ်ကုဆရာဝန်ကြီး ဒုဗိုလ်မှူးကြီး ဒေါက်တာရဲလင်းထွန်းနှင့် CCU မှ ဆရာဝန်များ၊ သူနာပြုများ၊ မကျန်းမာစဉ် ကုသပေးခဲ့သော (ဗိုလ်မှူးကြီး-ငြိမ်း) ဒေါက်တာခင်မောင်မောင်သန်း၊ ဒုဗိုလ်မှူးကြီး ဒေါက်တာရဲမြတ်ထွန်း၊ သွေးလှူဒါန်းပေးသော ဒေါက်တာဝိရိယအောင်နှင့် ကိုရဲဝင်းထွန်း၊ နေမကောင်းစဉ်မှ ရက်လည်ဆွမ်းကျွေးသည်အထိ ကူညီပံ့ပိုးသူများ၊ သက်န်း၊ ဝတ္ထုငွေလှူဒါန်းသူများ၊ ဝမ်းနည်းကြောင်းပြောကြားသူများကို ကျန်ရစ်သူ မေမေ ဒေါ်သန်းသန်းနုနှင့် မောင်နှမများက လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်လွှာ
ဦးဝင်းမောင် (ပန်းတနော်မြို့၊ မရမ်းရွာ)

အငြိမ်းစားအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊
ပြန်ကြားရေးဝန်ကြီးဌာန
ပန်းတနော်အသင်း၊ နာယက

အသက် (၈၃) နှစ်

၂၅-၇-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းမောင်၏နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီအားပေးနှစ်သိမ့်ကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပန်းတနော်မြို့နယ်အသင်းသူ၊ အသင်းသားများ၊ ဖခင်ကြီး၏တပည့်များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ ဖုန်း လူမှုကွန်ရက်တို့မှ ဆက်သွယ်မေးမြန်းကြသူများ၊ သင်္ကန်းပရိက္ခရာလှူဖွယ်ဝတ္ထုအစုစုကို ပေးပို့လှူဒါန်းကြသူများ၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်လုပ်ကိုင်ပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသန်း
အသက် (၇၆) နှစ်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များမှ ဒေါ်နုဝါ Audit Partner၏မိခင်ဖြစ်သူ ဒေါ်အေးသန်းသည် ၁-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Win Thin & Associates Limited

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ကြေးတိုင်လမ်း၊ မြေကွက်အမှတ်(၁၅၇)၊ ဦးအောင်လှိုင်စိုး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါမြေအကျယ် ပေ(၄၀x ၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်လှိုင်စိုးမှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)
ရုံး- (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၅၄၀၇၂၂၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တွံတေးမြို့နယ်တရားရုံးတော်
၂၀၂၀ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၉

ဦးမောင်မောင်စိန်	၁။ ဒေါ်ကျင်တင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးနိုင်မင်း)	၂။ ဦးဘိုးသောင်း
တရားလို	**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၃)နေ ဦးဘိုးသောင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုစေမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၁၇ရက်၊ (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ရဲကိုနိုင်)
တွံဖက်မြို့နယ်တရားသူကြီး(၃)
တွံတေးမြို့နယ်တရားရုံး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြင့် (၇၇) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၉/A) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၆၈)နေ (ဦးချစ်စိန်)၏ချစ်လှစွာသော ဇနီး၊ ဦးလှထွန်း (ခ) ဦးအောင်အောင်-ဒေါ်သင်းသင်းဦး (မကာအို)၊ ဦးကျော်ကျော်ဦး-ဒေါ်ဖြိုးဖြိုးသွယ်(မကာအို)၊ ဦးတင်မောင်အေး-ဒေါ်စုစုခိုင်(မကာအို)၊ ဒေါ်စိမ်းလဲ့ခိုင်(ဂျပန်)၊ ဦးထွန်းထွန်း -ဒေါ်ခိုင်မိုးမြင့်(ဂျပန်)၊ ဦးအာကာကျော်ထူး-ဒေါ်မေဖြူဝင့်မောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးခိုင် (၆၉) နှစ်
အထွေထွေမန်နေဂျာ-ငြိမ်း၊ မြဝတီခရီးသွား၊ စစစ-ငြိမ်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့(၁)လမ်း၊ တောင်ဘက်၊ အမှတ်(၃၃၃)နေ (ဦးစံရင်-ဒေါ်ချစ်စိန်)တို့၏သား၊ ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရုံးရှေ့နေ [ဦးစိန်ဟုတ်-ဒေါ်ကျင်တီ (ခ)ဒေါ်ကလယ်]တို့၏ သားသမက်၊ ဒေါ်ခင်အေးလွင် (အထက-၆၊ မန်း၊ အထက-၂၊ ကျိုက်ထို၊ လယ်-ငြိမ်း)၏ ခင်ပွန်း၊ ဦးကျော်အေး (အရှင်ကဝိန္ဒ)-ဒေါ်ညွှန့်ညွှန့်ဝေတို့၏ ညီ/မောင်၊ မောင်ကျော်ဇင်ညွှန့်-မဂျူလိုင်ကောင်းတို့၏ ဦးလေး၊ ဦးသောင်းလွင်-ဒေါ်နုနုရီ၊ ဒေါ်မြမြခိုင်တို့၏အစ်ကို၊ မောင်ရန်နောင်၊ မဟန်မြတ်ဇင်၊ မနှင်းနုလွင်တို့၏ ဘဘကြီးသည် ၁-၈-၂၀၂၀(စနေ နေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု(ရန်ကုန်)

ဦးမျိုးခိုင် (၆၉) နှစ်
အထွေထွေမန်နေဂျာ-ငြိမ်း၊ မြဝတီခရီးသွား၊ စစစ-ငြိမ်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့(၁)လမ်း၊ တောင်ဘက်၊ အမှတ်(၃၃၃)နေ (ဦးစံရင်-ဒေါ်ချစ်စိန်)တို့၏သား၊ ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရုံးရှေ့နေ [ဦးစိန်ဟုတ်-ဒေါ်ကျင်တီ (ခ)ဒေါ်ကလယ်]တို့၏ သားသမက်၊ ဦးကြည်လွင်-ဒေါ်မြင့်မြင့်စိုး၊ ဦးသက်ဦးရှိန်(ဒုညွှန်၊ စည်ပင်-ငြိမ်း)-ဒေါ်မာမာလွင်၊ ဒေါ်ငွေးငွေးလွင်၊ ဒေါ်ပိုပိုလွင်တို့၏အစ်ကို၊ မနွေးနွေးခိုင်၊ မောင်ဝင်းသန့်ခိုင်တို့၏ဘဘကြီး၊ ဒေါ်ခင်အေးလွင်(အထက-၆၊ မန်း၊ အထက-၂၊ ကျိုက်ထို၊ လယ်-ငြိမ်း)၏ခင်ပွန်းသည် ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု (ကျိုက်ထို)

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စိမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (ကျောင်းကုန်း)
အသက် (၈၅) နှစ်

သန်လျင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး Dr.ဒေါ်ချိုချိုလွင်၏ကျေးဇူးရှင်မွေးသမိခင်ဖြစ်သူ ဒေါ်ညွှန့်ညွှန့်သည် ၃၀-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထူးကုဆရာဝန်ကြီးများ၊ ဒုဆေးရုံအုပ်၊
ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းမိသားစုများ
သန်လျင် အထွေထွေရောဂါကုဆေးရုံကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (ကျောင်းကုန်း)
အသက် (၈၅) နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အထွေထွေရောဂါကုဆေးရုံကြီးဝင်းနေ ဦးကျော်ကျော်အောင်(ဒုတိယညွှန်ကြားရေးမှူး-ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန)-ဒေါက်တာဒေါ်ချိုချိုလွင် (ဆေးရုံအုပ်ကြီး-သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်းမိသားစု
ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်
ချမ်းမြေ့မေတ္တာအထွေထွေရောဂါကုဆေးရုံ (သန်လျင်)

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉)၊ မြေကွက်အမှတ်(၉၉၇)၊ အင်ကြင်းမြိုင်လမ်းရှိ ဧရိယာ ပေ(၄၀x၆၀) ဦးတင်လှိုင် အမည်ပေါက် မြေချပါမစ်မြေကွက်၏ ထက်ဝက်ဖြစ်သော ခြေရင်းဘက် ပေ(၂၀x၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်ယုယုမော် [၁၂/ဒဂမ(နိုင်)၀၁၇၄၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ထွန်း
အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)
အမှတ်-၁၄၇၂၊ သီရိရွှေတောင်လမ်း၊ (၆၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၃၇၂၅၅၂၀

ရဟန်းအမကြီး

ဒေါ်တင်အေး (ဥက္ကံမြို့)

အသက် (၉၁) နှစ်

(ဦးအောင်ကြီး-ဒေါ်ချက်)တို့၏သမီး၊ (ဦးထွန်းမင်း-ဒေါ်အေးရှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့၊ အနော်ရထာရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၄၆၃)နေ (ဦးထွန်းအုံ)၏ဇနီး၊ ဒေါက်တာခင်ဇော်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ မေ့ဆေးဆရာဝန်ကြီး၊ အောင်မြင်မြင့်မိုရ်ဆေးရုံ-ကြို့ပင်ကောက်)-ဒေါ်ယဉ်ယဉ်မော်၊ ဒေါ်ခင်ဝင်းကြည်(အထက-ဥက္ကံ)၊ (ဦးတင်ထွန်းအောင်)-ဒေါ်ခင်ဌေး၊ ဦးသန်းထွန်းအောင်-ဒေါ်ဆန်းမော်ဦးတို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁-၈-၂၀၂၀(စနေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှသိန်း (၈၆) နှစ်

(ဦးသာဟန်-ဒေါ်နှင်းငွေ)တို့၏ သား၊ (ဦးစံမြ-ဒေါ်အုန်းစိန်)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးမြင့်ကျော်-ဒေါ်ခင်ဌေးမြင့်၊ (ဒေါ်ခင်ဌေးရီ)၊ ဦးကိုကိုတိုးလွင်သော်(ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါက်တာဒေါ်ဇေသန့်(ကထိက၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးချုပ်ဇော်မိုးလွင်-ဒေါ်ဆွေဇင်သန့်တို့၏ကျေးသဖခင်၊ (မောင်ကျော်ဘိုဘိုထွဋ်)၊ မောင်တိုးကိုကိုဝင်း-မခင်သူဇာကျော်၊ မောင်မင်းစစ်သွေးတို့၏အဘိုး၊ မောင်ဇင်ကိုလတ်၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်းသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၇:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၁)လမ်း၊ အမှတ်(၁၁၇၉)နေ (ဦးလှသိန်း)၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးသန်း

အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၁၀၇၃)နေ (ဦးထွန်းတင်-ဒေါ်သန်းမြ)တို့၏သမီးငယ်၊ (ဦးအုံးလွင်)၏ဇနီး၊ (ဦးတင်လှိုင်)-ဒေါ်အုံးမြင့်၊ (ဦးခင်ဝင်း)-ဒေါ်ခင်စောတို့၏ညီမ၊ ဦးသန်းထိုက်စိုး-ဒေါ်အေးသီလှိုင်၊ ဦးကျော်လှိုင်မြင့်-ဒေါ်နုဝါ၊ ဒေါ်နုနုထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်နန်းမယ်ပု

အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တိုက် (၁၁၆)၊ အခန်း (၂)၊ ရေနံ့သာလမ်း၊ နီလာလမ်းသွယ်၊ (၂၄) ရပ်ကွက်နေ (ဦးတင့်ဝေ)၏ ဇနီး၊ ဦးတင်အောင်လင်း-ဒေါ်မေနွယ်ခိုင်၊ ဦးစောမင်းသိန်းထူး- ဒေါ်နော်နုယဉ်တို့၏ မိခင်၊ မောင်စောနေအောင်၊ မမေသရဖီဖွေး၊ မနော်သဲဆုမင်းတို့၏ အဘွားသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးညီညီစိုး

အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ (၂)လမ်း၊ အမှတ် (၁၂၁၁)နေ ဦးစန်းလွင်-ဒေါ်ခင်ဌေးတို့၏ သား၊ (ဦးမြသန်း)-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ ဦးကျော်စိုး-(ဒေါ်သီတာထွန်း)တို့၏ ညီ၊ ဦးတင်လင်းထိုက်-ဒေါ်ပွင့်ဝါစိုး၊ (ဦးနေမင်းစိုး)၊ (ဦးကောင်းထက်)တို့၏ အစ်ကို၊ မအေးချမ်းညီညီ (MNA)၏ မွေးသဖခင်၊ ဒေါက်တာဌေးဌေးမြင့် (လုပ်သားဆေးရုံအုပ်ကျွန်းချောင်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) ည ၁၁:၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မသိန်းရတနာ (vivi Federico)

အသက် (၃၃) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၉)၊ SY တိုက်တန်းနေ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်တို့၏သမီး၊ ကိုဝင်းမင်းသိန်း-မမေလီကျော်ထွန်းတို့၏ ညီမ၊ Logan Thein Myint Federico၊ Jubilee Thein Myint Federico တို့၏မိခင်၊ Lawrence Jerome Federico ၏ ဇနီးသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁ နာရီတွင်အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ Los Angeles မြို့၊ Orange County၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြမေ

ဈေးအနီး၊ ကျောက်ဖြူ

အသက် (၉၀)

ကျောက်ဖြူမြို့၊ ဈေးအနီး၊ ဖြတ်လမ်း(၄)၊ မြစ်နားတန်းရပ်ကွက်နေ (ဦးပါးနီ-ဒေါ်ဝင်းယဉ်ဦး)တို့၏သမီး၊ [ဦးရွှေမှဲ့(ထောင်မှူးကြီး)]၏ဇနီး၊ ဒေါ်ခင်နှင်းရီ (ကျောင်းအုပ်ကြီး၊ ထ-၁၊ ကျောက်ဖြူ-ငြိမ်း)၊ (ဒေါ်ခင်စန်းရီ)၊ ဦးကျော်ခိုင်၊ (ဒေါက်တာကျော်ဌေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာမေစန္ဒာ၊ မောင်မောင်ဆန်း၊ ဆွေလှိုင်ဦး၊ (ဦးမျိုးမြင့်ဇော်)၊ ဦးမျိုးမြင့်သော်၊ ဦးညာဏ်လင်း၊ ဦးမြင့်မောင်၊ မစန္ဒာလင်းတို့၏အဘွား၊ မြစ် ကိုးယောက်တို့၏ဖီးဖီး ဒေါ်မြမေသည် ၃၁-၇-၂၀၂၀ ရက် ည ၁၀:၂၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၈-၂၀၂၀ ရက် ညနေ ၃ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအုန်းကြိုင်

အရာခံဗိုလ် (ငြိမ်း)၊ ထလက-၁၂

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ ကြာဖြူပန်းခြံ (၃)လမ်း၊ အမှတ်(၁၄၂)နေ (ဦးကျင်ဖန်-ဒေါ်စန်းဌေး)တို့၏ သား၊ (ဦးစိုင်းနွံ-ဒေါ်နန်း)တို့၏ သားသမက်၊ ဦးဇော်ဦးမောင်-ဒေါ်ခင်ခင်ဦးတို့၏ဖခင်၊ မောင်ကောင်းခန့်ဇော်၊ မောင်ဘုန်းခန့်ဇော်တို့၏ အဘိုးသည် ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျူချောင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀(သောကြာနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီ (ပေါင်းတည်)

အသက် (၇၇) နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (က) ရပ်ကွက်၊ မေယု(၃)လမ်း၊ အမှတ် (၁၁၁)နေ (ဦးနီ-ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးဘစိန်-ဒေါ်အုန်းရင်)တို့၏ သမီးချွေးမ၊ (ဦးမျိုးမြင့်)၏ ဇနီး၊ ဦးအောင်လင်း(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်တင့်ဝေ(မူလွန်-၂၂၊ မင်္ဂလာဒုံ)၊ ဦးနှင်းဦး(မိုးယံထီဆိုင်-ကျိုင်းတုံ)-ဒေါ်စိုးစိုးမာ (ကျေးလက်ဦးစီး၊ ကျိုင်းတုံ)၊ ဦးမျိုးနိုင်(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးလင်းထင်)တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) ညနေ ၆:၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်မြင့် (ခ) မိုရင်းခင်မြင့်

အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ခြံအမှတ် (၄၄က/၁)နေ (ဦးဖေမြင့်-ဒေါ်ခင်သောင်း)တို့၏ သမီးကြီး၊ ဦးစိုးအောင်(Exမြို့နယ်အားကစားအရာရှိ)-ဒေါ်သီသီသိုက်(Director Superior Succession Import & Export Co.,Ltd)၊ ဦးမင်းကိုကို (Technology & Investment) - ဒေါ်တင်တင်သိုက်တို့၏မိခင်၊ ကိုလင်းသိုက်ညွန့်(CEO & Founder Myanmar's Land Institute)၊ မောင်ဝေယံမင်းကိုကို(Bukit Panjang High School Singapore) တို့၏အဘွားသည် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်းဒါယိကာမကြီး

ဒေါ်နန်းထွမ်းရင်

ဒုညွှန်မှူး(ငွေ)၊ (ငြိမ်း)၊ အမှတ်(၁) သတ္တုတွင်းဝန်ကြီးဌာန

အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၅၀)၊ ပထမထပ်(ညာ)နေ (ဦးထွန်းလှ-ဒေါ်ငင်းရွက်)တို့၏သမီး၊ (ဦးစံထွန်း-ဒေါ်အုံး)တို့၏သမီးချွေးမ၊ ဦးကျင်လွင်၏ချစ်ဇနီး၊ ကိုစိုးမိုးလွင်၊ ဒေါက်တာမျိုးမင်း-ဒေါက်တာခင်စန္ဒာထွန်း၊ ဒေါက်တာဇော်သန့်လွင်တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်း

အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က) ရပ်ကွက်၊ သမိန်ဗရန်းလမ်း၊ အမှတ်(၄၈)၊ သုံးလွှာနေ (ဦးအုံး-ဒေါ်ကျင်ဥ)၊ (ဦးနီ-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ (ဦးလှဌေး)၏ ဇနီး၊ ကိုရဲဒိုး-မသီရိဆွေ၊ ကိုကျော်ဖြိုးဆွေ-မဖြူဖြူအောင်၊ ကိုမျိုးဇော်အောင်-မအိမွန်ဆွေတို့၏ မွေးသမိခင်၊ မသွန်းသဒ္ဒါဆွေ၏ချစ်လှစွာသောအဘွား ဒေါ်သန်းသန်းသည် ၁-၈-၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀ (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ

(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ [illegible]

[illegible]

တကာ၊ တကာမများ

တီရှန်ကပ်(ခ)ဦးကျော်ဝင်း(ခ)Aung Bee Kaung(ဟသ်ာတ)

အသက် (၇၇) နှစ်

ဟင်္သာတမြို့၊ စစ်ကဲလမ်းနေ (ဦးဘွန်ဘီ-ဒေါ်ကြိုတီ)တို့၏ဒုတိယသား၊ ဦးလှသိန်း(ခ)ရှန်တီ-ဒေါ်အိုက်ဂုါတို့၏ ညီ၊ ဦးကြည်စိုး-ဒေါ်ဖွား၊ ဒေါ်ခင်ဝင်းတို့၏ အစ်ကို၊ ဦးကျော်ဦး-ဒေါ်အေးအေးမြတ်၊ ဒေါ်သင်းသင်းနွယ်-ဦးမြင့်စိုး၊ ဦးတင်အောင်လတ်-Dr.အိမြမြကို၊ ဦးတင်အောင်လေး-ဒေါ်အေးမိုးသူတို့၏ ဦးလေး တီရှန်ကပ်(ခ)ဦးကျော်ဝင်း(ခ)Aung Bee Kaung သည် ၃၁-၇-၂၀၂၀ (သောကြာနေ့)တွင် စင်ကာပူဒေသစံတော်ချိန် နံနက် ၅:၃၅ နာရီတွင် Khoo Teck Puathopital Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တီရှန်ကပ်(ခ)ဦးကျော်ဝင်း(ခ) Aung Bee Kaung

အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၃)၊ ဗိုလ်ရွှေလမ်းနေ ဒေါ်ခင်အေး(ခ)Kyo Thi ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးအောင်အောင်မိုး-ဒေါ်အိကေခိုင်၊ U.S.A နေ Dr. မင်းမင်းမော်-ဦးညီညီထွန်း (ခ) Ar Ti၊ စင်ကာပူနေ ဦးသူရိန်ထွန်း-Ms.Goh Yan Bee တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ Selene Zheng Li Yuan ၏ချစ်လှစွာသောအဘိုး တီရှန်ကပ်(ခ) ဦးကျော်ဝင်း (ခ) Aung Bee Kaung သည် ၃၁-၇-၂၀၂၀ (သောကြာနေ့)တွင် စင်ကာပူ ဒေသစံတော်ချိန် နံနက် ၅:၃၅ နာရီတွင် Khoo Teck Puathopital Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးလှိုင် (ခ) ဦးဘိုနီ

အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ အမှတ်(၈)၊ သစ်ယာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးတင်ယု-ဒေါ်လှကြည်တို့၏ သားထွေး၊ ဒေါ်စန်းစန်းလှ-ဦးထွန်းလွင်၊ ဦးကိုလေးမြင့်-ဒေါ်လှလှဝင်း၊ ဒေါ်ယုယုဝင်း၊ ဦးမျိုးညွန့်-ဒေါ်စန်းစန်းချို၊ ဦးသန်းလှိုင်-ဒေါ်ရီရီချို၊ ဦးကျော်မင်း-ဒေါ်ခင်ကြူလွင်(ခ)ချိုထူးတို့၏မောင်၊ [ဦးမျိုးဝင်း(ခ)ဦးဖိုးပြား]-ဒေါ်သန်းသန်းညွန့်(ခ)ဒေါ်မွန်မတို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်(ခ)ခိုင်ကြီး (USA)၊ ဒေါ်ဆွေဆွေသန်း(ခ)နုနုခိုင်တို့၏ ခဲအို၊ ဒေါ်ငုဝါခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်မျိုးဟံ(ခ) မောင်ဟိန်းခန့်ဇော်၊ မခိုင်ပြည့်ဦး(အထက-၄၊ အလုံ)တို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆင်ပြေချောမွေ့စွာ ရောက်ရှိ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ All Nippon Airways (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအကြိမ် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး တိုကျိုမြို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❏

ကြေးမုံ ယနေ့ ဖတ်စရာ

ခရီးသွားပြည်နယ်ဖြစ်လာရန် ကြိုးပမ်းနေသည့် ကယားတို့မြေ ငွေတောင်ပြည်
စာမျက်နှာ » ၈

လာမည့်နှစ်အစောပိုင်းတွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အသင့်ရှိမည်ဟု အမေရိကန် ထိပ်တန်းပညာရှင် ပြော
စာမျက်နှာ » ၁၂

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်
စာမျက်နှာ » ၁၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၇

ရောဝတီမြစ်ရေ ဆိပ်သာမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မြစ်ကြီးနားမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှု ပြည်သူများလာရောက်ကြည့်ရှု

မြစ်ကြီးနား ဩဂုတ် ၁

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည် ဖြစ်သည့်အတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာပေးလျက်ရှိရာ ယနေ့တွင် မြစ်ကြီးနားမြို့၌ ပြည်သူများ မိမိနာမည်နှင့် အချက်အလက်များ မှန်ကန်မှုရှိ/မရှိ မဲစာရင်းတွင် လာရောက်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပထမအကြိမ်မဲစာရင်းများ ကပ်ထားမှုကို ပြည်သူများလာရောက်ကြည့်ရှုနိုင်ရန် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် ကြေညာပေးခြင်းများ

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❖

ရှမ်းမြောက်တစ်ခွင်မှ ထင်ရှားသော နေရာဒေသများကို QR Code ဖြင့် လေ့လာသိရှိနိုင်တော့မည်

သီပေါကိုလတ်

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ထင်ရှားကျော်ကြားသော နေရာများတွင် ထားရှိရန်အတွက် QR Code နမူနာ စမ်းသပ်ပြုလုပ်ပြီးစီး၍ ပြသခြင်းနှင့် အကြံပြုဆွေးနွေးခြင်း အစီအစဉ်ကို လားရှိုးမြို့ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လားရှိုး ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်နန်းစိုးစိုးအောင်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သမိုင်းပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လားရှိုးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်နန်းစိုးစိုးအောင်က ပထမဆုံး အကြိမ် ဆောင်ရွက်သွားမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ထင်ရှားကျော်ကြားသော နေရာဌာနများကို QR Code အသုံးပြု၍ လေ့လာခြင်းဆောင်ရွက်ထားရှိချက်ကို ပါဝါဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းပြသသည်။ ထို့နောက် တက်ရောက်လာသူများက အသီးသီးအကြံဉာဏ်များ ပေးအပ်ဆွေးနွေးကြပြီး ဆွေးနွေးအကြံပြုချက်များအပေါ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်အောင်မြင်နိုင်ရေးအတွက် တစ်ဆင့်ချင်း ဝိုင်းဝန်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ပထမအဆင့်ခြေလှမ်းအဖြစ် သီပေါမြို့နယ်မှ သမိုင်းဝင် ပေါ်ကြိုဘုရား၊ သီပေါဟော်နန်းနှင့် ကိုးမြို့ရှင်နတ်နန်း၊ နောင်ချိုမြို့နယ်မှ ဂုတ်ထိပ်တံတားကြီး၊ နမ္မတူမြို့နယ်မှ ဘော်တွင်း၊ လားရှိုးမြို့နယ်မှ သီရိသျှီဝရှန်ခိုက်ဘုရားကျောင်း၊ မန်ဆူဘုရားနှင့် မန်ဆူရှမ်းကျောင်း၊ ရေပူစမ်း၊ ရန်တိုင်းအောင်ဘုရားတို့ကို စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတို့အနက် သီပေါမြို့နယ်မှ ပေါ်ကြိုဘုရားသမိုင်းနှင့် တည်နေရာကို ပါဝါဆလိုက်ဖြင့် နမူနာပြသခဲ့သည်။ ပထမအဆင့်အနေဖြင့် မြန်မာစာနှင့် မြန်မာစကား၊ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားတို့ကို သုံးစွဲထားပြီး ရှမ်းနှင့် ပလောင်ဘာသာတို့ဖြင့်လည်း သုံးစွဲဖော်ပြနိုင်ရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ထင်ရှားသောနေရာဒေသများကို နိုင်ငံတကာမှလေ့လာသိရှိနိုင်ရန်၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်၊ ဒေသအတွင်းရှိပြည်သူများ Quick Response (QR)Codeကို အသုံးပြု၍ မိမိဒေသရှိထင်ရှားသောနေရာများကို အလွယ်တကူမှတ်သားသိရှိနိုင်ရန်၊ Museum Pool Software ကိုအသုံးပြု၍ ပြည်နယ်အတွင်းရှိ ထင်ရှားသော နေရာများကို အလွယ်တကူသိရှိနိုင်စေရန်၊ အသံဖိုင်ဖြင့် အလွယ်တကူနားထောင်နိုင်စေရန်တို့ဖြစ်သည်။

သီပေါမြို့နယ်ရှိ ဟော်နန်းကို တွေ့ရစဉ်။

အားသာချက်အနေဖြင့် တိုင်းရင်းသားဘာသာစကား (မြန်မာ၊ ရှမ်း၊ ပလောင်) သာမက အင်္ဂလိပ်၊ တရုတ်ဘာသာများဖြင့် နားထောင်ဖတ်ရှုနိုင်ခြင်း၊ အသုံးပြုရန်လိုအပ်သော အချက်များမှာ မိမိဖုန်းထဲတွင် Museum Pool Software ကို Play Store မှ Download လုပ်ထားရန်လိုအပ်ခြင်း၊ Setting ထဲမှ ကြိုက်ရာဘာသာစကား (မြန်မာ၊ ရှမ်း၊ ပလောင်၊ အင်္ဂလိပ်၊ တရုတ်)ကို ရွေးရန်လိုအပ်ခြင်း၊ Museum Pool Software ညာဘက်အောက်ခြေထောင့်တွင် QR Code Tag အား QR Scanne ဖတ်ပေးရန် လိုအပ်ခြင်းတို့ဖြစ်ပြီး ယင်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ထင်ရှားကျော်ကြားသော နေရာဒေသကို ပိုမိုလေ့လာသိရှိနိုင်တော့မည်ဖြစ်ပေသည်။ ။

နောင်ချိုမြို့နယ်မှ ဂုတ်ထိပ်တံတားကို တွေ့ရစဉ်။

ယခုအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ထင်ရှားသော နေရာဒေသများကို နိုင်ငံတကာမှလေ့လာ သိရှိနိုင်ရန်၊ ပြည်တွင်းပြည်ပ ခရီးသွား လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်၊ ဒေသအတွင်း ရှိပြည်သူများ Quick Response (QR)Code ကို အသုံးပြု၍ မိမိဒေသရှိ ထင်ရှားသောနေရာများကို အလွယ်တကူ မှတ်သားသိရှိနိုင်ရန်ဖြစ်

ကရင်အရိုးကောက်ပွဲတော်

ခိုင်မြဲသူယျ

လူမျိုးတိုင်းတွင် ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းလှသော ယဉ်ကျေးမှုဓလေ့ထုံးစံများရှိကြသည့်အတိုင်း ကရင်အမျိုးသားများတွင်လည်း ထူးခြားသော ဓလေ့ထုံးစံယဉ်ကျေးမှုတစ်ခုရှိ၏။ ထိုအရာမှာ ကရင်အမျိုးသားတို့၏ အရိုးကောက်ပွဲတော်ကျင်းပသည့် အကြောင်းပင်ဖြစ်သည်။ သို့သော် ကရင်အမျိုးသားတိုင်း အရိုးကောက်ပွဲတော်ကျင်းပကြသည်မဟုတ်ပေ။

တောင်ယာများရိတ်သိမ်းပြီးချိန်နှင့် မြေပြန့်တွင် လယ်ယာအလုပ်များပြီးစီးချိန် သာယာသောနွေလများတွင် မြစ်ဝကျွန်းပေါ်နှင့် ကရင်ပြည်နယ်ဒေသတို့တွင် အရိုးကောက်ပွဲတော်ကို ခမ်းနားစွာ ဆင်ယင်ကျင်းပတတ်ကြသည်။

ဗုဒ္ဓဘာသာဝင် ကရင်တစ်ဦးသေဆုံးလျှင် သုသာန်တွင် ပထမဆုံးသွားရောက်မြှုပ်နှံထား၏။ တစ်နှစ်အကြာတွင် မြေတွင်းမှအလောင်းကို တစ်ဖန်တူးဖော်ပြီး သုသာန်တွင် မီးရှို့ပစ်ရသည်။ မီးသင်္ဂြိုဟ်ခြင်းပင်ဖြစ်၏။ အရိုးများ ပြာကျလုနီးသော် ရေပက်၍ မီးငြိမ်းပစ်ရ၏။ ထိုသို့ မီးသွေးခဲနှင့် အရိုးများရောပြွမ်းနေသော မီးလောင်ထားရာ မြေကွက်လေးကို ရာဇမတ်များ ကာရံထားရသည်။ ရက်သတ္တတစ်ပတ်ခန့်အကြာ၌ မြေအိုးသစ်များဖြင့် သုသာန်သို့သွားကာ ရာဇမတ်အတွင်းမှ အရိုးခဲများကို လိုချင်သလောက်ကောက်ယူခဲ့ကြ၏။ ထိုအရိုးခဲများမှာ အရိုးကောက်ပွဲတော် ကျင်းပရန်အတွက်ပင်ဖြစ်သည်။ အရိုးကောက်ပွဲတော် မကျင်းပရသေးမီ အိမ်ထဲသို့မယူဆောင်ရဘဲ အိမ်အနီးရှိ အရိုးစင်လေးပေါ်သို့ ထားရ၏။ ငွေကြေးတတ်နိုင်ပါက အရိုးပြာချပြီးသည့်နှစ်ထဲမှာပင် အချို့က အရိုးကောက်ပွဲကျင်းပကြ၏။ ငွေကြေးမတတ်နိုင်သူအချို့က ဆိုင်းငံ့၍ ကျင်းပတတ်သည်။ ဗုဒ္ဓဘာသာဝင် ကရင်တို့၏ အယူအဆမှာ သေဆုံးသူ၏ ကြွင်းရစ်သောအရိုးစုများကို အရိုးကောက်ပွဲတော် မပြုလုပ်ရသေးပါက သေဆုံးသူ၏ ဝိညာဉ်သည် လွတ်ရာကျွတ်ရာ တစ်နေရာရာသို့ မသွားနိုင်သေးဘဲ ဤအနီးအနားတွင် လှည့်ပတ်နေသည်ဟု ယူဆကြ၏။ သို့သော် လက်တွေ့အကျိုးသက်ရောက်ပုံမှာ သေဆုံးသူအား နောက်ဆုံးသော ဂုဏ်ပြုခြင်းနှင့် အမှတ်တရပွဲပြုလုပ်ခြင်း သဘောမျိုး သက်ရောက်နေ၏။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် လူမျိုးအလိုက် ရိုးရာဟင်းလျာချက်ပြုတ်မှု တီဗွီအစီအစဉ် ရိုက်ကူးထုတ်လွှင့်မည်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် ကိုဗစ်ကာလအတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာစစ်စစ်ဟင်းလျာအမျိုးမျိုး ချက်ပြုတ်မှု တီဗွီအစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်နေပြီး ကိုဗစ်ကာလလွန်မြောက်၍ တိုင်းရင်းသားကျေးရွာ ဖွင့်လှစ်မည်ဆိုလျှင် လာရောက်လည်ပတ်သူများအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဝတ်စုံများဖြင့် ချက်ပြုတ်နေမှုကို အနီးကပ်လေ့လာနိုင်ပြီး အစားအစာဟင်းလျာများ မှာယူစားသောက်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရုံးတာဝန်ခံရုံးမှ သိရသည်။

"ဒီ ကိုဗစ်ကာလအတွင်းမှာပဲရအောင် အကောင်အထည်ဖော် စီစဉ်သွားမယ်။ ကျွန်တော်တို့တိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှာ ဘယ်သူမှလည်းမရိုက်ဖူးသေးတဲ့ တိုင်းရင်းသားရိုးရာအစားအစာစစ်စစ်ပါ။ ချက်ပြုတ်မှုပုံစံတွေနဲ့ရိုက်ကူးတဲ့ တီဗွီအစီအစဉ်ကို အကောင်အထည်ဖော်သွားမယ်။ တိုင်းရင်းသားတွေက သူတို့ရဲ့ ရိုးရာဝတ်စုံတွေ ဝတ်ဆင်ပြီး လူမျိုးအလိုက်ပေါ့ တိုင်းရင်းသားတွေရဲ့ ရိုးရာအစားအစာတွေ ချက်ပြုတ်တာတွေ ရိုးရာစစ်စစ် ချက်ပြုတ်နည်းတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိအောင်နဲ့ တိမ်မြုပ်ပျောက်ကွယ်မှုမရှိအောင် အသိပေးနိုင်ဖို့ ဒီ တီဗွီအစီအစဉ်ကို အကောင်အထည်ဖော်တာပါ။ ရိုက်ကူးမှုတွေလုပ်ပြီးရင်လည်း ရုပ်သံလိုင်းတွေမှာ လွှင့်ပေးသွားမယ်။ တိုင်းရင်းသားကျေးရွာ ပြန်ဖွင့်ပြီဆိုရင် လာရောက်တဲ့သူတွေအနေနဲ့ လူမျိုးအလိုက် ရိုးရာဝတ်စုံတွေနဲ့ ရိုးရာဟင်းလျာအစားအစာတွေ ချက်ပြုတ်တာကို လက်တွေ့မြင်ရမယ်။ စားရပါမယ်။ ဒီအစီအစဉ်တွေကို လက်ရှိမှာတော့ ဆောင်ရွက်နိုင်ဖို့လုပ်နေပါတယ်" ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရုံးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးပြည့်ဟိန်းနိုင်က ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ယခုကိုဗစ်ကာလအတွင်း မွန်ရိုးရာအစားအစာများဖြစ်သော ကြက်သောက်ဆမ်း၊ ငါးစိမ်းကော၊ ငါးနှပ်ချက်၊ သစ်တိုသီးဝက်သားချက်၊ ငါးကြက်ပေါင်းသီးချက်စသော ဟင်းလျာများ၊ ရခိုင်ရိုးရာအစားအစာဖြစ်သော သနပ်သုပ်/ငါးသောက်ဆမ်း၊ ပဲကြာဆံသုပ်ဟင်းလျာများ၊ ရှမ်းရိုးရာအစားအစာများဖြစ်သော မုန့်ညင်းစော၊ ရှမ်းထမင်းဝါ၊ ရှမ်းခေါ်ပုတ်ဟင်းလျာများ၊ ကချင်ရိုးရာအစားအစာဖြစ်သော ဝက်သားကျောက်ဖရုံလီဆူးဟင်းလျာ၊ အမဲသားထောင်း၊ အမဲသားကချင်ချက်ဟင်းလျာများ၊ ဗမာရိုးရာအစားအစာများဖြစ်သော အညာသခွတ်ပွင့်သုပ်၊ မြန်မာဘိန်းမုန့်၊ အညာဝက်သားပုန်းရည်ကြီးချက်ဟင်းလျာများ၊ ချင်းရိုးရာအစားအစာများဖြစ်သော ဆာဘူးသီး၊ နွားနောက်သုပ်ဟင်းလျာ၊ ကရင်ရိုးရာအစားအစာများဖြစ်သော ပိန်းဥမျှစ်ချဉ်ဟင်း၊ ကရင်ရိုးရာငါးပေါင်းထုပ်ဟင်းလျာ၊ ကယားရိုးရာအစားအစာဖြစ်သော ကယားဟင်းထုပ်၊ ငါးထမင်းနယ်၊ ဝက်ရိုးမျှစ်ချဉ်ဟင်းရည်၊ ငါးသောက်ဆမ်း၊ ဝက်သားစင်းကောကြော်စသော ရိုးရာဟင်းလျာများကို တိုင်းရင်းသားလူမျိုးများက ရိုးရာဝတ်စုံများဝတ်ဆင်ပြီး ချက်ပြုတ်သွားမည့် တီဗွီအစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။ ထို့ပြင် ကိုဗစ်ကာလလွန်မြောက် ပြီး တိုင်းရင်းသားကျေးရွာ ပြန်လည်ဖွင့်လှစ်မည်ဆိုလျှင်လည်း လာရောက်လည်ပတ်သူများ အနီးကပ်လေ့လာကာရိုးရာအစားအစာဟင်းပွဲများ မှာယူစားသောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်ကာလမတိုင်မီက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ လာရောက်လေ့လာသူများကို တွေ့ရစဉ်။

မြင့်မောင်

ဂျပ်ခုတ်ပညာကို မိန်းကလေးတစ်ဦး မဖြစ်မနေတတ်မြောက်ရမည့် ပညာအဖြစ် အရှိချင်းဒေသ၌ လက်ဆင့်ကမ်းပေးနေ

မကွေးတိုင်းဒေသကြီး ဇဖဲမြို့နယ် နတ်ရေကန်တောင်ဒေသဝန်းကျင်တွင် အခြေချနေထိုင်ကြသော အရှိုချင်းတိုင်းရင်းသား မျိုးနွယ်စုတွင် ဂျပ်ခုတ်ပညာကို မိန်းကလေးတစ်ဦး မဖြစ်မနေ တတ်မြောက်ရမည့်ပညာအဖြစ် လက်ဆင့်ကမ်းသင်ကြားပေးကာ ထိန်းသိမ်းနေကြောင်း အဆိုပါဒေသမှ သိရသည်။

" ငယ်ငယ်ကတည်းက ကလေးတွေကစားရင် ဂျပ်ခုတ်တမ်းကစားအောင်သင်ပေးတယ်။ ဆယ်ကျော်သက်အရွယ်ရောက်ရင် အကုန်လုပ်တတ်ကုန်ကြပြီ။ ကျောင်းသူလေးတွေ ကျောင်းပိတ်ရက်ဆိုရင် အခြားတောင်ယာအလုပ်ကို မလုပ်ခိုင်းဘဲနဲ့ ဂျပ်ခုတ်လုပ်တာကိုပဲ မိဘတွေက သင်ပေးတယ်။ ချင်းရိုးရာမှာ ဂျပ်ခုတ်ဆိုတာ မိန်းကလေးတစ်ယောက် မဖြစ်မနေတတ်ရမယ့် အလုပ်တစ်ခုပေါ့။ အဲဒါကြောင့် အတော်များများက တတ်ကြတယ်" ဟု အရှိုချင်းအမျိုးသမီးတစ်ဦးဖြစ်သူ မသင်းသင်းမော်က ပြောသည်။

အရှိုချင်းတို့၏ ဂျပ်ခုတ်လုပ်ငန်းတွင် မိန်းကလေးများက ခြေဆင်းထိုင်ကာ တန်းတစ်ခုချိတ်ဆက်ထားသည့် ချည်ငင်များကို ခါးတွင်ခါးပတ်ပတ်၍ ဆက်သွယ်ချိတ်တန်းကြောင်း၊ ခြေထောက်ဖြင့် ပွဲထိန်းသကဲ့သို့ပြု၍ လိုရာရောက်အောင် ဂျပ်ခုတ်ထည်များကို အကွက်ဖော်ရက်လုပ်ကြလေ့ရှိကြောင်း သိရသည်။

အရှိုချင်းဒေသ အမျိုးသမီးများသည် တဘက်၊ ခေါင်းပေါင်း၊ အိတ်၊ ရိုးရာစောင်နှင့် အဝတ်အထည်များကို ကိုယ့်လူမျိုးစု အသုံးပြုရန်သာ ရက်လုပ်ကြပြီး ခေတ္တကင်းလွတ်သစ်ခေါက်ဆေးများဆိုးကာ ဝတ်ဆင်ကြကြောင်း၊ စတိုးဆိုင်များမှ အဝတ်အထည် ဝယ်ယူဝတ်ဆင်မှုနည်းပါးပြီး ရိုးရာဂျပ်ခုတ်ထည်များကိုသာ ခေတ်နှင့်အညီ ဒီဇိုင်းများတီထွင်ရက်လုပ်ကာ ပွဲလမ်းသဘင်များတွင် ဝတ်ဆင်ကြကြောင်း အရှိုချင်းအဘွားအို အပုတ်ပခလွန်ထံမှ သိရသည်။

ဇေယျာတု(မကွေး)

အညာစာ. . . . မျှစ်ခြောက်

စံလွင်(ငါးဦးစီး)

မျှစ်ကိုဟင်းလျာအဖြစ် အမျိုးမျိုးအဖုံဖုံ ချက်ပြုတ်ကြော်လှော် စားသုံးကြသည်။ ကျေးလက်ဒေသများတွင် မိုးဦးကျ မျှစ်စို့များထွက်ချိန်၌ မျှစ်ချိုးထွက်လေ့ရှိကြ၏။ မျှစ်ကို အစိမ်းအတိုင်း မျှစ်ဆတ်အဖြစ်စားကြသလို အချဉ်တည်၍ မျှစ်ချဉ်အဖြစ်လည်း စားသုံးကြပါ၏။ မြန်မာနိုင်ငံ၌ ဝါးအမျိုးပေါင်း ရာကျော်ရှိသည်ဖြစ်ရာ မျှစ်ကို စားကုန်အဖြစ် သာမက ရောင်းကုန်အဖြစ်ပါ စီးပွားဖြစ် လုပ်ကိုင်ကြ၏။

ပျဉ်းမနားနှင့် မိုးကုတ်ဒေသထွက် မျှစ်ချဉ်များမှာ နာမည်ကြီး မျှစ်ချဉ်များဖြစ်သည်။ တင်းဝါး၊ မျှင်ဝါး၊ ဝါးစိမ်း၊ ကြခတ်စသော ဝါးအမျိုးများထက် ဝါးဘိုးဝါးမျှစ်စို့ကို အချဉ်စိမ်၍ လုပ်ရသော ဝါးဘိုးမျှစ်ချဉ်ကို ပို၍ လူကြိုက်များကြ၏။

မျှစ်ကို မျှစ်စိမ်း၊ မျှစ်ချဉ်အပြင် အခြောက်လှန်း၍လည်း မျှစ်ခြောက်အဖြစ် နှစ်ပေါက်ထားကာ စားသုံးကြပါသည်။ မြန်မာပြည်အလယ်ပိုင်း ရွှေစက်တော်ဘုရားပွဲ၌ မျှစ်ခြောက် များကို အညာကုန်အဖြစ် အများအပြားရောင်းချကြသည်ကို တွေ့ဖူးသည်။ မျှစ်ခြောက်အချို့တွင် မျှစ်အရင့်များ ရောနှောပါလာတတ်၍ သတိပြုဝယ်ယူသင့်ပါသည်။

မျှစ်ခြောက်များတွင် ယောနှင့် ဆောနယ်ဘက်က ထွက်သည့် မျှစ်ခြောက်များမှာ နာမည်ကြီးသည်။ အကြောင်းရင်းမှာ မျှစ်အရင့်များမပါဘဲ နူးညံ့သော မျှစ်နုလေးများနှင့်သာ ပြုလုပ်ထားကြ၍ ဖြစ်သည်။ မျှစ်၏ ဂုဏ်ကို ဒဗ္ဗဂုဏ ပကာသနီဆေးကျမ်း၌ မျှစ်နုသည် ဖန်သောအရသာ၊ ချိုသော အရသာရှိ၏။ ပူ၏၊ သလိပ်ကို နိုင်၏ဟု ဆိုထားပါသည်။

မျှစ်ခြောက်ကို စားသုံးရာ၌ အရည်သောက်ထက် မျှစ်ကြော်အဖြစ် စားသုံးရန် အကြိုက်များသည်။ မျှစ်ခြောက်ကို မကြော်မီ ရေတစ်နာရီခန့် စိမ်ရသည်။ ရေစိမ်လိုက်ပါက ပွလာပြီး မျှစ်ဖတ်ကလေးများ နူးညံ့လာသည်။ မျှစ်ကို သူ့ချည်းသက်သက် ကြော်စားနိုင်သလို အသားတစ်မျိုးမျိုးဖြင့်လည်း ကြော်စားကြသည်။ ရေစိမ်ပြီးသော မျှစ်ခြောက်ကို ကြော်ရန်ရေစစ်ထားပါ။ ကြက်သွန်နီကို ပါးပါးလှီးထားပါ။

အသင့်ဖြစ်က ဒယ်အိုးတွင် ကြက်သွန်နီဆီသတ်ပြီး မျှစ်ခြောက်များထည့်ကာ ကြော်နိုင်ပါသည်။ အသားတစ်မျိုးမျိုးနှင့် ကြော်မည်ဆိုက ကြက်သွန်နီဆီသတ်ပြီး အသားထည့်ကာ အသားနူးအောင် ရေထည့်ပြီး အဖုံးအုပ်တည်ပါ။ ဆီပြန်၍ အသားနူးလာပါက မျှစ်များထည့်ပြီး အချို့ အငန် မြည်းပါ။ မျှစ်ခြောက်များအတွင်း ဆားပါပြီးဖြစ်၍ သတိပြုရန် လိုပါသည်။ မျှစ်များနူးရန် ရေအနည်းငယ် ထည့်ပါ။ ရေခန်း၍ ဆီပြန်လာက နူးနူးအိအိ မျှစ်ကြော် ပူပူနွေးနွေးစားသုံးနိုင်ပါပြီ။ ကြက်ဥ၊ ဘဲဥဖြင့် လည်းကောင်း၊ ပဲပြုတ်ဖြင့် လည်းကောင်း ရောနှောကြော်လှော်၍ စားသုံး ကြပါသည်။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

အင်းဝဒေသရောက်သူတိုင်း အားထားလေ့လာသည့် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းနန်းမြင့်မျှော်စင်

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝ အလှတရားများနှင့် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်း မင်းနေပြည်တော်များ၊ ရှေးဟောင်းဇုန်များဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နိုင်ပေသည်။ အင်းဝဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာတည်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသည့်နေရာ ဖြစ်သည်။

အင်းဝဒေသသည်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာတည်ရှိပြီး ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များ အထူးစိတ်ဝင်စားသည့်နေရာ ဖြစ်သည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များသည် မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းသို့ နေချင်းပြန် သွားရောက်လေ့လာလေ့ရှိကြသည်။ အင်းဝဒေသသည် နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသော နေရာအဖြစ် ယနေ့တိုင်တည်ရှိပြီး လေ့လာစရာများစွာရှိသော ရှေးဟောင်းဇုန် တစ်ခုပင်ဖြစ်

မန္တလေးမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များသည် မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းသို့ နေချင်းပြန် သွားရောက်လေ့လာလေ့ရှိကြသည်။ အင်းဝဒေသသည် နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသောနေရာအဖြစ် ယနေ့တိုင်တည်ရှိပြီး လေ့လာစရာများစွာရှိသော ရှေးဟောင်းဇုန်တစ်ခုပင်ဖြစ်သည်။ အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျား(အေဒီ ၁၃၆၄-၁၃၆၈)က စတင်တည်ထောင်ခဲ့ပြီး ကုန်းဘောင်မင်းဆက်ဘကြီးတော်(အေဒီ ၁၈၁၉-၁၈၃၇)အထိ ထီးနန်းစိုက်ခဲ့သဖြင့် နှစ်ပေါင်း ၄၀၀ ကြာ တည်ရှိခဲ့သော မြို့ဟောင်းတစ်ခုဖြစ်သည်။ စာပေအထောက်အထားများနှင့် မှတ်တမ်းများအရ ခေတ်ကာလ လေးခုပိုင်းခြားထားပြီး မင်းဆက် ၃၁ ဆက်စိုးစံခဲ့သော စိတ်ဝင်စားဖွယ်ရာမြို့တစ်မြို့ဖြစ်သည်။

အင်းဝမြို့သည် သက်တမ်း ၄၀၀ ကြာမြင့်သည့်အလျောက် မတူကွဲပြားထူးခြားသော ဗိသုကာလက်ရာမျိုးစုံနှင့် အမွမ်းပန်းလက်ရာများစွာကို လေ့လာနိုင်သည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရားခုနစ်ဆူ၊ ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူ အပါအဝင် ရှေးဟောင်းအဆောက်အအုံပေါင်း ၆၂၄ ခုရှိသည်။

လေ့လာစရာများစွာရှိနေသော အင်းဝ မြို့တွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တိုင်း သွားရောက်လေ့လာသော နေရာများတွင် နန်းမြင့်မျှော်စင်လည်း ပါဝင်သည်။ နန်းမြင့်မျှော်စင်သည် အင်းဝမြို့ စည်တိုပုံမြို့ရိုးအတွင်း နန်းတော်နေရာ၏ အရှေ့မြောက်ထောင့်တွင် တည်ရှိသည်။ စတုတ္ထ အင်းဝမြို့တည် ဘကြီးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၈၄ ခုနှစ် (အေဒီ ၁၈၂၂)တွင် တည်ဆောက်ခဲ့သည်။ အလျားပေ ၃၀၊ အမြင့်ပေ ၆၀ ရှိ၍ အင်္ဂတေနှင့် သစ်သားပေါင်းစပ်တည်ဆောက်ထားသည်။ စတုတ္ထအင်းဝခေတ် ပန်းရန်လက်မှုပညာကို လေ့လာတွေ့ရှိနိုင်သည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်(အေဒီ၁၈၃၈)တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများရှိခဲ့သော်လည်း မျှော်စင်၏ အဓိကကိုယ်ထည်များမှာ မြောက်ဘက်သို့ တိမ်းစောင်း၍ ယခုတိုင်တည်ငြိမ်ကြံ့ခိုင်လျက်ရှိသည်။ နန်းမြင့်မျှော်စင်ကို ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်နှင့် ၁၉၉၁-၁၉၉၂ ဘဏ္ဍာနှစ်များတွင် အပေါ်သို့တက်နိုင်ရန် သစ်သားလှေကားပြုလုပ်တပ်ဆင်ခြင်း ပြုပြင်ထိန်းသိမ်းခြင်း၊ အပေါ်ပိုင်းပြာသာဒ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ထိန်းသိမ်းခဲ့သည်။ ယခုအခါ အင်းဝဒေသသို့ လာရောက်လေ့လာသောနိုင်ငံတကာခရီးသွား ဧည့်သည်များမှာ အင်းဝ နန်းမြင့်မျှော်စင်ကို စိတ်ဝင်တစား သွားရောက်လေ့လာသူ များပြားလာကြောင်း သိရသည်။

နွေနဒီ(မြစ်ငယ်)

ရိုးရာပွဲတော်များကို မြတ်နိုးစွာကျင်းပလေ့ရှိသည့် မြန်မာပြည်အရှေ့ဖျားမှ မိုင်းယောင်းဒေသ

■ အားချ(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်သည် အမြဲစိမ်းစိုလန်းဆန်းနေသော တောင်အသွယ်သွယ် ဝန်းရံထားကာ စိမ့်စမ်းရေတံခွန်များဖြင့် ကြည့်တိုင်းလှနေပြီး ဆယ့်နှစ်လရာသီပွဲတော်များကို လအလိုက် ဒေသ၏ဓလေ့ထုံးတမ်း ရိုးရာအစဉ်အလာများအရ ခေတ်နှင့်အညီ ဆန်းသစ်၍ ဆင်နွဲကျင်းပလေ့ရှိသည်။

မိုင်းယောင်းဒေသနေ တိုင်းရင်းသားများသည် ရာသီအလိုက် ပွဲတော်များကို မြတ်နိုးတန်ဖိုးထားပြီး ကျင်းပလေ့ရှိရာ ပွဲပန်းမုန်း (နတ်ပွဲ)၊ ပွဲဆန်းခန်း(သင်္ကြန်) ပွဲ၊ ပွဲအော်ဝါ (သီတင်းကျွတ်)ပွဲ၊ ပွဲတန်းထမ်း (ဝေဿန္တရာဇာတ်တော်ခင်း)ပွဲ၊တန်းထပ်ဆိုက်(သဲပုံစေတီ)ပွဲ၊ တန်းအော်ဆလပ်(ဆင်ဆွဲ)ပွဲ၊ ပွဲဒေါက်ဖိုင်း (မီးရှူးမီးပန်း)ပွဲ၊ ပွဲပီးမိုင်(နှစ်သစ်ကူး)ပွဲ၊ ကင်ခေါက်မိုင်(ကောက်သစ်စား)ပွဲ၊ ပွဲခရစ္စမတ်(ခရစ္စမတ်)ပွဲ၊ ပွဲထပ်လုံ(တန်ဆောင်တိုင်)ပွဲနှင့် လွဲကထုံ(ဆီမီးမျှော)ပွဲ အစရှိသည့် မရိုးနိုင်သောပွဲတော်များဖြင့် ဖော်ရွေရွှင်ပျလွန်းလှသည့် ဧည့်ဝတ်ကျေတတ်မှုများကြောင့် မိုင်းယောင်းမြေသို့ ရောက်လာကြသူများသည်လည်း အထူးကျေနပ်နှစ်သက်ပျော်ရွှင်ကြသည်။

ဒေသနေတိုင်းရင်းသားတို့၏ စေတနာရက်ရောလွန်းလှသည့် လှူဒါန်းမှုအစုစုမှာလည်း မြင်ရကြားရသူတိုင်း မုဒိတာပွား ဝမ်းသာပီတိဖြစ်စရာကောင်းလှပြီး ရိုးရှင်း၍ယဉ်ကျေးလှသည့် ရှမ်းရိုးရာဝတ်စုံများနှင့် မိုင်းယောင်းသူ ရှမ်းပျိုဖြူလေးများ၏ နေထိုင်မှု ယဉ်ကျေးမှုဓလေ့များသည်လည်း ချစ်စဖွယ်ကောင်းလှသည်။

မိုင်းယောင်းတွင် ရှမ်းတိုင်းရင်းသားများနှင့်အတူ ဌာနေဒေသခံညီနောင်တိုင်းရင်းသားများဖြစ်သည့် အာခါ၊ လားဟူ၊ လွယ်၊ ဗမာနှင့် အခြားလူမျိုးစုများ စုပေါင်းမီတင်းနေထိုင်လျက်ရှိကြသည်။ နေရာအနှံ့တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များ ဌာပနာထားရာ စေတီပုထိုးများကို မျက်စိတစ်ဆုံး သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်သည်။

ပွင့်လင်းရာသီ အခါသမယတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ တန်ခိုးကြီးပြီး ထင်ရှားကျော်ကြားသည့် ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစွမ်ယောင်း(ထပ်လုံ)စေတီတော်၊ လျှောင်းတော်မူဘုရား၊ ရွှေညောင်ပင်(ဝမ်မိုင်ဆလီမွန်း)နှင့် ဖပီလုံပါဝုန်း(ဈာန်ရကိုရင်ကြီး) တောရကျောင်းတော်၊ မြို့လယ်မှ မဟာမြတ်မုနိဘုရားကြီး၊ မြို့ဦးစေတီတော်၊ ရွှေစည်းခုံပုံတူစေတီတော်နှင့် ဗုဗ္ဗဝိဇယစေတီတော်တို့ကိုလည်း လာရောက်ဖူးမြော်နိုင်ပြီး တာပေါက်ရွာမှ ကြာကန်နှင့် မိုင်းယောင်း-မိုင်းယု အဝေးပြေးကားလမ်းမကြီးပေါ်ရှိ ဝမ်ပုံရေပူစမ်းသို့လည်း လာရောက်လည်ပတ် လေ့လာနိုင်ကြပါရန် မိုင်းယောင်းမြေမှ အမြဲကြိုဆို ဖိတ်ခေါ်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

မိုင်းယောင်းတွင် ရှမ်းတိုင်းရင်းသားများနှင့်အတူ ဌာနေဒေသခံညီနောင်တိုင်းရင်းသားများဖြစ်သည့် အာခါ၊ လားဟူ၊ လွယ်၊ ဗမာနှင့် အခြားလူမျိုးစုများ စုပေါင်းမီတင်းနေထိုင်လျက်ရှိကြသည်။ နေရာအနှံ့တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များ ဌာပနာထားရာ စေတီပုထိုးများကို မျက်စိတစ်ဆုံး သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်

ပုဂံခေတ်ဘုရားစေတီများနှင့် နံရံဆေးရေးပန်းချီများရှိရာ ဆားလယ်ဒေသအား ထိန်းသိမ်းမှုများလုပ်ဆောင်

ဇေယျာတု(မကွေး)

ချောက်မြို့နယ် ဆားလယ်ကျေးရွာအုပ်စုရှိ ပုဂံခေတ်ရှေးဟောင်းဘုရားစေတီ ၄၁ ဆူနှင့် ကျောက်စာများ၊ နံရံဆေးရေးပန်းချီများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မကွေးဌာနခွဲ)က ထိန်းသိမ်းမှုများ လုပ်ဆောင်နေကြောင်း ဌာနတာဝန်ရှိသူထံမှ သိရသည်။ ဘုရားစေတီများမှာ ၁၂ ရာစုနှင့် ၁၃ ရာစုနှောင်းပိုင်းလက်ရာများဖြစ်ပြီး အတွင်းနံရံများတွင် ၅၅၀ နိပါတ်တော်ပုံများ၊ ဆင်းတုတော်၏လက်ဝဲ၊ လက်ယာများတွင် အဂ္ဂသာဝက၊ မဟာသာဝက ပုံတော်များ၊ ဂူဘုရား အမှတ်(၁၃)တွင် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရား၏ပုံတော်၊ ဆွယ်တော်လေးဆူပုံများ၊ ပုဂံခေတ် တူရိယာတီးခတ်သည့်ပုံများ၊ ခေတ်၌ မြင်တွေ့ရသည့် တိရစ္ဆာန်ပုံများ၊ ပုဂံသားတို့ ဝတ်စားဆင်ယင်မှုပုံများ၏ ဆေးရေးပန်းချီများ ရှိနေသည်။

"အရင်တုန်းက ဘုရားစေတီအလွန်ပေါများတဲ့ ဒေသကြီးပါ။ သဘာဝဘေးဒဏ်တွေကြောင့် ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့တဲ့ငလျင်ကြောင့် ဘုရား ၁၄ ဆူ ထိခိုက်ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာ သဘာဝဘေးအန္တရာယ်ရန်ပုံငွေနဲ့ ပြန်လည်ထိန်းသိမ်းခဲ့သလို ကျွမ်းကျင်အင်ဂျင်နီယာတွေနဲ့ နှစ်စဉ် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနေပါတယ်။ အင်ဂျင်နီယာတွေက ကြီးကြပ်ပြီး ဂူဘုရားတည်တာ ကျွမ်းကျင်တဲ့ ပန်းရန်ပညာရှင်တွေနဲ့ ပြုပြင်ထိန်းသိမ်းနေတာပါ "ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သုတေသနလက်ထောက်(၄) ဦးမြင့်ဆွေက ရှင်းပြသည်။

ဆားလယ်ရွာနှင့် အနီးကပ်ဆုံး စေတီဘုရားများမှာ ရွာအဝင်ဝ၌ ဘုရားအမှတ်(၂)၊ (၃)နှင့် (၅)၊ ရွာအတွင်းရှိ ဓမ္မသေနကျောင်းတိုက်ထဲ၌ ဘုရားအမှတ်(၁၆) နှင့် ကျောက်စာတိုက်၊ ရွာ၏မြောက်ဘက်မြောက်ချောင်းအနီးတွင် ဘုရားအမှတ်(၁)၊ ရွာ၏တောင်ဘက်တွင် ဘုရားလေးဆူတို့ရှိပြီး ကျန်ဘုရားများမှာ ရွာ၏တောင်ဘက်ရှိ တောင်ကုန်းများတွင် တည်ရှိနေသည်။

"ထိန်းသိမ်းတဲ့အပိုင်းမှာ ပထမဦးဆုံးအဆင့်က စာရင်းကောက်မှတ်တမ်းတင်ရပါတယ်။ ဘယ်လိုထိန်းသိမ်းမယ်ဆိုတဲ့ နည်းစနစ်ရှာဖွေရပါတယ်။ ခန့်မှန်းခြေ ကုန်ကျငွေစာရင်းတွေ တွက်ချက်တင်ပြရပါတယ်။ ခွင့်ပြုချက်နဲ့အညီ လုပ်ဆောင်ရပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ)တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

ချောက်မြို့နယ်အတွင်း တည်ရှိသော ဆားလယ်ဒေသကို ရေနံချောင်းမြို့၊ ၃၆ ရွာ အထက်တန်းကျောင်းဘေးလမ်းမှ အတွင်းသို့ မြေသားလမ်းအတိုင်း ၆ မိုင်ခန့်ဝင်ရကြောင်း၊ ၁၉၆၂ ခုနှစ်ကတည်းက စတင်ထိန်းသိမ်းလာခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုဒေသသစ်တစ်ခုဖြစ်၍ သုတေသနပြုသူများ၊ ပြည်တွင်း၊ ပြည်ပခရီးသည်များ လာရောက်လည်ပတ်မှုများနေကြောင်း ဆားလယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထံမှ သိရသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ ရိုးရာဓလေ့သုံး နွားလှည်းယဉ်များ တိမ်ငုပ်ပျောက်ကွယ်မသွားရန် ထိန်းသိမ်းရန်လိုအပ်

မြန်မာတို့၏ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသတောရွာများတွင် အသုံးပြုသော နွားလှည်းများမှာ လှည်းယဉ်၊ ခြံအိမ်လှည်း၊ ပေါင်းမိုးလှည်း၊ လှည်းမြီးတို၊ ရေစည်လှည်း၊ ဘုံလျှိုလှည်း၊ မယားကန်လှည်းဟူ၍ နွားလှည်းခုနစ်မျိုးရှိသည့်အနက် လှည်းယဉ် (ခေါ်)နွားလှည်းယဉ်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ နွားလှည်းယဉ်ဆိုသည်မှာ ခြောက်စတောင် ပွတ်လုံးရုံတိုင်ကဲ့သို့ လှည်းအိမ်ကို အလှအပများနှင့် ပြင်ဆင်မွမ်းမံထားသော အလှစီးလှည်းတစ်မျိုးဖြစ်သည်။

နွားလှည်းယဉ်တွင် ဆင်စွယ်ညွှတ်၊ စင်ရော်တောင်၊ မွန်းတည့်ကောက်ဟူ၍ သုံးမျိုးသုံးစားရှိသည်။ ထိုလှည်းယဉ်ကို အလှူမင်္ဂလာ ပွဲလမ်းသဘင်များတွင် အသုံးများပြီး ပွဲများရှိ၍ ဘုန်းတော်ကြီးများ ပင့်ဆောင်ရာတွင်လည်း နွားလှည်းယဉ်ကို အသုံးပြုကြသည်။ တချို့ကျေးရွာများက မိမိတို့ကိုးကွယ်ဆည်းကပ်သည့် ဆရာတော်၊ သံဃာတော်များ သွားရေးလာရေး အဆင်ပြေစေရန် လှည်းယဉ်ကြော့ကို လှူဒါန်းကြသည်။ နွားလှည်းယဉ်သည် အလှစီးသက်သက်ဖြစ်ပြီး လူငါးဦးသာ စီးနိုင်သည်။ ရှေးအခါက ရှင်လောင်းလှည့်သည့်အခါ မောင်ရှင်လောင်းများကို နွားလှည်းယဉ်ပေါ်တင်ပြီး လှည့်ကြရာ ကြည်နူးဖွယ်ဖြစ်ရသည်။ နွားလှည်းယဉ်ကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည်ဖြင့် ခေတ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုကြသော်လည်း နှောင်းခေတ်ကာလတွင် တောဓလေ့သဘာဝနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်တည်ဆောက် အသုံးပြုလာကြသည်။

ယခုခေတ်တွင် ပြည်ပမှ နည်းပညာအတတ်ပညာများဖြင့်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်စသည်ဖြင့် ဝင်ရောက်ထိုးဖောက် နေရာယူကြသော်လည်း ကျေးလက်ဒေသရိုးရာသုံး နွားလှည်းယဉ်များကို ဆက်လက်တွင်ကျယ်စွာ လုပ်ကိုင်အသုံးပြုနေကြသည့်အတွက် အားရစရာတစ်ခု ဖြစ်လာရသည်။ ထိုကဲ့သို့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အမွေအနှစ် အမှတ်တရများကို ယနေ့ထိတိုင် တွေ့မြင်နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ရှေးယခင်ကတည်းက ခိုင်မာစွာတည်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ ရိုးရာဓလေ့များကို ဖော်ဆောင်ပေးသော လှည်းယဉ်ကြော့ (ခေါ်) နွားလှည်းယဉ်များ တိမ်ငုပ်ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပေသည်။

ဇေယျာထက် (မင်းဘူး)

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးဂဏ္ဍ

ဩဂုတ် ၂၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

လေရူးဟန်

အခန်း(၁)

ကောင်းကင်တစ်ခွင်လုံး ညိုမှိုင်းပြီး မိုးဖွဲလေးများကျနေသည်။ လေအေးလေးရဲ့အထိအတွေ့ကြောင့် ကျွန်မမျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ရောက်နေတာက ကွင်းပြင်ကျယ်ကြီး။ မြက်ပင်စိမ်းစိမ်းလေးတွေ လွှဲ၍ သစ်ပင်ဆိုလို့တစ်ပင်မှမရှိသော ကွင်းပြင်ကြီး။

"ဟာ ငါအခု ဘယ်ရောက်နေတာလဲ။ ငါ့အိမ်ရော၊ ငါ့ပိုက်ဆံတွေရော ဘယ်မှာလဲ။ " လဲပေါင်းများစွာနှင့် ကိုယ့်ကိုယ်ကိုပြန်ပြီး မေးခွန်းထုတ်နေစဉ်မှာပင်

" ဒိန်း ဂျလိမ်း"

မိုးခြိမ်းသံလိုလို အသံနက်ကြီးကြားလိုက်ရပြီး လူကလည်း ချောက်ကမ်းပါးအစွန်းကနေ ပြုတ်ကျသကဲ့သို့ ခံစားလိုက်ရပြီး စိတ်ထဲအေးခနဲ ဖြစ်သွားသည်။ ကြောက်ရွံ့ထိတ်လန့်မှုနှင့် စိုးရိမ်မှုတို့ပေါင်းကာ မျက်လုံးကိုစုံမှိတ်ထားလိုက်မိသည်။

အခန်း (၂)

မတ်လ၏ နေသည် ချစ်ချစ်တောက်ပူပြင်းလွန်းလှသည်။ ကျွန်မတို့ အလုပ်လုပ်နေသော ပွဲရုံ၏ ကျောက်ခင်းကြမ်းပြင်သည်ပင် ပူပြီး လူတိုင်း ချွေးဒီးဒီးကျနေကြ၏။ ကျွန်မနာမည်က ထွေးသီ။ ဒီပွဲရုံကြီးတွင် အလုပ်လုပ်လာသည်က ဆယ်စုနှစ်နှစ်ခုကိုပင် ကျော်လွန်ခဲ့ပေပြီ။ ကျွန်မငယ်ရွယ်စဉ်ကတည်းက ယခုမိဘများ မရှိတော့သည့်တိုင် ဒီပွဲရုံတွင် အလုပ်သမအဖြစ် လုပ်လာခဲ့သည်မှာ ကြာပြီပင်။ ကျွန်မ တစ်ယောက်တည်းမို့ အဖော်ရအောင် ရွာနီးချုပ်စပ်မှ တူမလေးတစ်ယောက်ကို ခေါ်ထားပြီး ပွဲရုံနှင့်အိမ် ကူးချည်သန်းချည်သွားကာ အလုပ်လုပ်သည်။ ပိုင်ရှင်သူဌေးလင်မယားကလည်း ရှေ့မီနောက်မီ ကျွန်မကိုပင် အလုပ်သမားခေါင်းအဖြစ်ခန့်ကာ ပွဲရုံကိုဦးစီးစေသည်။ ပွဲရုံမှာလည်း ကုန်စုံဆိုင်နှင့် တွဲဖွင့်ထားသောကြောင့် ရောင်းသူဝယ်သူမပြတ်လှပေ။ ကျွန်မတို့ နယ်မြို့လေးသို့ နီးစပ်ရာရွာများမှ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းတို့ လာရောက်ရောင်းချကြသည်။ ထိုနေ့မျိုးတွင်တော့ လူတအုန်းအုန်း၊ ချွေးတရုန်းရုန်းနှင့်ပင်။ ကျွန်မမှာတော့ နေ့တိုင်း မနက် ၅ နာရီလောက်ထ၊ ပွဲရုံသွား၊ အလုပ်သမားများအတွက် ချက်ပြုတ်ပြင်ဆင်၊ ပွဲရုံရှိအလုပ်သမားများ၏ ကုန်ထမ်းခြင်း၊ ပဲရွေးခြင်း၊ ဆန်ပြာခြင်းတို့မှအစ ပွဲရုံအဝင်အထွက်စာရင်း၊ အလုပ်သမားများအား နေ့စားခတွက်ချက်ပြီး ပေးရတာကအဆုံး ကြီးကြပ်ကွပ်ကဲပေးရသည်က ကျွန်မတာဝန်။

ပြောရင်းဆိုရင်နှင့်ပင် " ဟင် ဟိုနားလေးမှာ ထောင့်ကပ်ပြီးအိပ်နေတာ ဘယ်သူပါလိမ့်" ကျွန်မစိတ်ထဲတွေးရင်း အနီးကပ်ပြီး သေချာကြည့်မိတော့မှ ပဲရွေးသမား မခင်အေး။

"ဟဲ့ ခင်အေး" ကျွန်မလက်နဲ့ဆတ်ခနဲ ပုတ်ပြီး ခေါ်လိုက်သည်။

"ရှင် ဒေါ်ကြီး "

"ညည်းက ဒီမှာ ဘာလို့အိပ်နေတာလဲ။ ဟိုမှာ တခြားသူတွေ အလုပ်လုပ်နေတာမြင်လား။ ဘာလဲ ညည်းက အလုပ်မလုပ်ဘဲနဲ့ အချောင်ခိုချင်တာလား။"

ကျွန်မ ပြောလည်းပြော၊ ခင်အေးလက်မောင်းကို ကိုင်ပြီးဆွဲလှည့်လိုက်သည်။ ထိုအခါ မခင်အေးက အသနားခံသော မျက်ဝန်းများဖြင့်ကြည့်ကာ

"မဟုတ် မဟုတ်ပါဘူး ဒေါ်ကြီးရယ်။ ကျွန်မ နေမကောင်းလို့ပါ။ ပြီးတော့လေ ညနေအလုပ်ဆင်းချိန်လဲ ရောက်တော့မှာမို့လို့ ခဏလေးမှေးနေမိတာပါ။"

"ဘာ နေမကောင်းလို့ ဟုတ်လား။ နေမကောင်းရင်အစကတည်းက အလုပ်မလာနဲ့လေ။ ညည်းတို့က လုပ်အားခကျလိုချင်တယ်။ အလုပ်ကျ အချောင်ခိုချင်တယ်ပေါ့။ သွားပြန်တော့။ ဒီနေ့အတွက် နေ့စားရှင်းမပေးနိုင်ဘူး။"

ကျွန်မဆူပြီး ပွဲရုံထဲကနေ တွန်းထုတ်တော့ သူမျက်ရည်လေးစမ်းစမ်းနှင့် ပြန်သွားသည်။ ဘေးကအလုပ်သမတွေကတော့ တိုးတိုးတိုးတိုးနှင့် "မခင်အေးက တကယ်ဖျားနေတာပါအေ။ မုဆိုးမဆိုတော့ သူ့အိမ်ကကလေးတွေ စားဝတ်နေရေးကြောင့်သာ ဖျားနေတဲ့ကြားထဲက အလုပ်လာရတာတဲ့။ မနက်က ငါ့ကိုပြောပြရှာတယ်။ အခုလို ဒေါ်ကြီးထွေးသီက နေ့စားခမပေးလိုက်တော့ သူတို့သားအမိတွေ ဘယ်လိုစားသောက်ကြမယ်မသိဘူး။ သူ့ခမျာ သနားပါတယ်အေ။"

"ဟုတ်ပတော်။ ဒီအပျိုကြီးက လွန်ကိုလွန်လွန်းတယ်။ စာနာစိတ်ကိုမရှိဘူး။"

ကျွန်မ မကြားလောက်ဘူးအထင်နှင့် အတင်းပြောနေကြခြင်းပင်။

"ဘာလဲ ညည်းတို့ပါ အကုန်လုံးနေ့စားမရချင်ကြဘူးလား။ ငါ လုပ်လိုက်ရ"

ကျွန်မပြောရင်း လက်တစ်ဖက်ကို မြှောက်လိုက်သည်။ ထိုအခါမှသာ အတင်းပြောရပ်သွားကြသည်။

နောက်တစ်နေ့မနက်တွင် "မခင်အေး ညက အဖျားကြီးပြီး သတိလစ်သွားလို့ဆေးရုံတင်လိုက်ရပြီ" ဆိုတဲ့သတင်း ကြားလိုက်ရသည်။ ကျွန်မ တစ်ချက်ပြုံးလိုက်မိသည်။ သူတို့က တစ်နေ့ကို နေ့စားခ ၅၅၀၀၊ ကျွန်မက တစ်နေ့ တစ်သောင်းခွဲ၊ ပြီးတော့ချွေချွေတာတာလည်းသုံးတော့ လက်ထဲငွေမပြတ်လှ။ သူတို့ဆေးကုစရိတ်မရှိလျှင် ကျွန်မဆီပင် နေ့ပြန်တိုးဖြင့် ငွေလာချေးပေလိမ့်မည်။

ထင်သည့်အတိုင်းပင်။ နောက်နေ့ဆေးရုံကို ကိတ်မုန့်တစ်လုံးဝယ်ကာ သတင်းသွားမေးတော့ "ဒေါ်ကြီးရယ် ကျွန်မ ဆေးဖိုးလေးလိုနေလို့ ပိုက်ဆံတစ်သိန်းလောက်ချေးပါ" တဲ့ ကျွန်မအကွက်ထဲဝင်လာပြီဆိုတော့ ကျွန်မကလည်း "ညည်း နေ့ပြန်တိုးနဲ့ပဲ ချေးမှာမလား" လို့မေးရင်း ငွေတစ်သိန်းကို ထုတ်ပေးလိုက်သည်။ သူ့မျက်နှာတွင်တော့ သိမ်ငယ်ခြင်း၊ ရှက်ရွံ့ခြင်းတို့ ရောထွေးနေပြီး ငွေတစ်သိန်းကို လှမ်းယူကာ ကျေးဇူးတင်ကြောင်းပြောသည်။ ကျွန်မထိုနေရာမှ လှည့်ထွက်လာခဲ့လိုက်သည်။ ကျွန်မကို အလုပ်သမားအချင်းချင်း အမြတ်ကြီးစားသူဟု ထင်မြင်ကြတော့မည်မှာ မလွဲ။ အို ကျွန်မက ဘာလို့ဂရုစိုက်ရမှာလဲ။ ကြိုက်သလိုထင်ကြပစေပေါ့။ လောကမှာ အမြဲတမ်း လူကောင်းအဖြစ်နေရင် ကျွန်မကို အထင်သေးကုန်ကြမှာပေါ့။

အခန်း (၃)

ဒီရက်ပိုင်းတွင် မနက်ခင်း အလုပ်တစ်ခု ပိုတိုးလာသည်။ သူဌေးကတော် မကျန်းမာသည်မို့ ကျွန်မက သူ့အစား တန်းဆွမ်းလောင်းပေးရသည်။ ကျွန်မကလည်း ငယ်ငယ်ကတည်းက ဘုရား၊ တရား လုပ်ရမည်ကို ဝါသနာမပါ၊ ဆွမ်းလောင်းဖို့ဆိုဝေးစွ၊ ဥပုသ်ကျောင်းကိုပင် တစ်နှစ်ကိုတစ်ခေါက် မရောက်စဖူး။ ထို့ကြောင့် ဆွမ်းလောင်းရသည်ကို အပိုအလုပ်တွေဟုသာ မြင်မိသည်။ အလုပ်သမားတွေကတစ်ဖက်၊ မီးဖိုချောင်အလုပ်တွေက တစ်ဖက်၊ ဆွမ်းလောင်းရတာက တစ်ဖက်နှင့် အလွန်ကသီလှသည်။

အခန်း (၄)

နေ့တိုင်း လုပ်ရိုးလုပ်စဉ်အလုပ်များ ပွဲရုံတွင် လုပ်ကိုင်နေရင်း " ဒီရက်ပိုင်း သူခိုးတွေ သောင်းကျန်းပြီး ဆိုင်ကယ်၊ ဖုန်း၊ ကား၊ ပိုက်ဆံတွေ ခဏတိုင်းအခိုးခံရတယ်" ဟုကြားမိတော့ ကျွန်မအိမ်က ပိုက်ဆံသေတ္တာကို သတိရသွားသည်။ "အားလုံးပေါင်း သိန်း ၃၀ လောက်တော့ ရှိပြီ။ အခိုးမခံရလောက်ပါဘူးလေ။ ငါအိမ်တံခါးသေချာပိတ်ထားတာပဲ" ကျွန်မတွေးလက်စအတွေးကိုဖျောက်ပြီး အလုပ်သာဆက်လုပ်နေမိသည်။

ညနေအလုပ်ကပြန်လာသော ကျွန်မ တူမလေးကိုလည်း ရွာသို့ပြန်လွှတ်လိုက်ရသည်။ "ကိုယ်ကကျူး ဒူးမယုံရ"တဲ့ စကားပုံတောင်ရှိသေး။ သူငြင်းတော့ မငြင်းရှာ။ မျက်နှာတော့မကောင်းပေ။

"အော် ငါကလည်း ဘယ်သူ့ကိုမှ မသနားတာ အကျင့်တစ်ခုလိုဖြစ်နေပြီ။ အဲဒါကြောင့်ပဲ အလုပ်သမားတွေ ငါ့စကားဆို အတွန့်မတက်ရဲတာပေါ့။"

ကျွန်မ ပါးစပ်က ပြောရင်းတစ်ယောက်တည်း ကျေနပ်ပြုံး ပြုံးလိုက်မိသည်။

ဒီနေ့ပွဲရုံနားရက်မို့ ဈေးကဝယ်လာသော ကြက်သားကို ဆား၊ နနွင်းနယ်ပြီး ကြော်နေလိုက်သည်။ ကြက်သားကြော်အအေးခံထားပြီး အိမ်ရှေ့ညှော်ခန်းသို့ထွက်ကာ အမောဖြေနေမိသည်။ ပူလိုက်သည့်နေ၊ ကဆုန်လဆန်းပိုင်းတောင်ရောက်နေပြီကို။ ကျွန်မ ခဏမှေးခနဲ အိပ်ပျော်သွားမိသည်။

"ခွမ်း ချလွမ်း" မီးဖိုချောင်ထဲမှ ပန်းကန်ပြားကျကွဲသံကြားလိုက်ရတော့ လန့်နိုးလာသည်။ မီးဖိုချောင်ထဲမှာတော့ ကြော်ထားသော ကြက်သားတုံးများမှာ ပန်းကန်ကွဲစများနှင့်အတူ ပြန့်ကြဲလျက်။ ကြောင်တစ်ကောင်က ကြက်သားတစ်တုံးကို ကိုက်ဝါးနေသည်။ ကျွန်မ ဘေးမှာတွေ့သည့်တုတ်ဆွဲကာ ကြောင်ကို ရိုက်လိုက်သည်။ ရိုက်ချက်လွဲပြီး ထွက်ပြေးသွားသည်။ ကြောင်က အိမ်ရှေ့လမ်းမပေါ်အထိ ဖြတ်ပြေးသည်။

ကျွန်မထောင်းခနဲ ဒေါသထွက်သွားပြီး ထိုကြောင်နောက်သာ အပြေးလိုက်မိသည်။ ကျွန်မမျက်လုံးထဲ ဘာမှမမြင်တော့။ ကြောင်နောက်သာ တစ်ရှိန်ထိုးပြေးလိုက်မိရာမှ

"တီ တီ" ကားဟွန်းသံနှင့်အတူ "ကျွီ ဒုန်း" ကားဘရိတ်အုပ်သံနှင့် တစ်ဆက်တည်း ကျွန်မခန္ဓာကိုယ် လေပေါ်မြောက်သွားပြီး ပြန်ကျလာသည်။ တစ်ကိုယ်လုံးရှိ အရိုးများ ကွဲကြေလုမတတ် နာကျင်မှုနှင့်အတူ သွေးများ ဒလဟောအန်လာသည်။ ဒီနာကျင်မှုကို ဆက်ခံစားနိုင်စွမ်းမရှိတော့။ သို့သော် ခဏအကြာ ကျွန်မကိုယ်ပေါ်ရှိ ဝေဒနာများ ပျောက်သွားသည်။ ထို့နောက် အဝေးတစ်တစ်နေရာသို့ လွင့်သွားသည်ကို ခံစားလိုက်ရသည်။

အခန်း (၅)

ပထမတစ်ခါ မျက်စိဖွင့်ကြည့်လိုက်တော့ ကွင်းပြင်ကျယ်ကြီး တစ်ခု။ ရင်ထဲ အေးခနဲ ဖြစ်ကာ ထိုနေရာမှ ပြုတ်ကျသွားသည်။ ယခုတစ်ခေါက် မျက်စိဖွင့်ကြည့်လိုက်မိတော့ ပထမဆုံးခံစားမိတာက ပူလောင်မှုဝေဒနာ။

ကျွန်မ ထခုန်လိုက်မိသည်။ အခုမှ သတိထားမိတာတော့ ကျွန်မရပ်နေသည့်နေရာက မီးရဲရဲတောက်နေသော အဆုံးအစမရှိသည့် သံပူပြင်ကြီး။ ကျွန်မခေါင်းကို ဘယ်ညာလှည့်ပြီး ကြည့်လိုက်မိတော့ ထိတ်လန့်သွားသည်။ အရပ်လေးမျက်နှာမှ ပေါက်ကွဲထွက်မည့်အလား မီးဟုန်းဟုန်းတောက်နေသော သံတောင်ကြီးများ။ တဖြည်းဖြည်းနှင့် ကျွန်မဆီနီးကပ်လာသည်။ နောက်ဆုံး နီးသည်ထက်နီးလာချိန်မှာတော့ ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးများခန်းခြောက်သွားပြီး အသားများပါ ကျက်သွားပြီဟု ထင်ရလောက်အောင် ပူလောင်နာကျင်လွန်းလှသည်။ ကျွန်မ တစ်ကိုယ်လုံး မီးတွေလောင်ကျွမ်းနေပြီပဲ။

ဤနေရာသည် ငရဲဖြစ်မည်ဟု ကျွန်မ သိလိုက်သည်။ "ဒါဆို ငါသေဆုံးသွားပြီလား။ ငါ စုထားတဲ့ ပိုက်ဆံတွေရော၊ နေ့ပြန်တိုးတွေ ငါ ယူလို့မရတော့ဘူး၊ ငါ ငါ့မှာ ငါ့မှာ အခု ဘာမှမရှိတော့ဘူး" ဟု ကယောင်ကတမ်း ရေရွတ်မိရင်း "ငါ့မှာ ဒီလိုငရဲခံရလောက်အောင် ဘာအပြစ် ကြီးကြီးမားမားမှလည်း မလုပ်ခဲ့ဘဲနဲ့၊ ထားပါလေ၊ ရှိစေတော့၊ အခု ဒီဒုက္ခကြီးပြီးသွားတဲ့ သေဆုံးခြင်း၊ ငရဲရဲ့ အခြားတစ်ဖက်မှာရော ဘာတွေရှိမှာလဲ" ကျွန်မတွေးရင်း သံတောင်ကြီးတွေ၏ ဖိကြိတ်ခံထားရသော ပူလောင်တဲ့ ဝေဒနာကို မခံစားနိုင်တော့ဘဲ အသားတွေ တစ်စစီပေါက်ကွဲသွားမည်ထင်ရသည်။

အဆုံးစွန်သောနာကျင်မှုကို ခံစားရပြီး နောက်မှာတော့ ကျွန်မစိတ်ကို လျှော့ချလိုက်သည်။ ပူလောင်မှုတွေ အဆုံးသတ်ပြီဟု ထင်လိုက်သည်။

သို့သော် ကျွန်မသာ ဤငရဲ၏ သံသရာကို နားလည်ခဲ့မိလျှင် ဘဝတစ်လျှောက်လုံး တစ်ကိုယ်ကောင်းဆန်စိတ်နှင့် အသက်ဆက်မိပါမည်လော။ ။

မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ဆောင်းပါး

■ ဆုဝေ(စစ်ကိုင်း)

ဘဝမြေပုံ

တစ်နေ့က အမျိုးသမီးတစ်ယောက်ရဲ့စကားသံကို ကြားလိုက်ရတော့ အတော်လေးအံ့အားသင့်ခဲ့ရသလို စိတ်မကောင်းဖြစ်မိတယ်။ သူငယ်ချင်းက သုတ၊ ရသ စာအုပ်လေးတွေ ဝယ်ယူအားပေးဖို့ ရောင်းချတယ်။ သူပြန်ပြောပုံက “ကျွန်မမှာ စာဖတ်ဖို့အချိန်မရှိဘူး။ မအားဘူး။ အိမ်က ကလေးတွေလည်း စာမဖတ်ကြဘူး။ အလုပ်မရှိ အားနေတဲ့သူတွေပဲ စာဖတ်နိုင်တာ။ ကျွန်မမှာ အားတဲ့အချိန်ကိုမရှိလို့မဝယ်ချင်ပါဘူးတဲ့”။ ဒီစကားတွေကိုကြားလိုက်ရတဲ့ စာရေးသူအတွက် တကယ်စိတ်မကောင်း ဖြစ်ခဲ့ရတာပါ။ အားတဲ့သူတွေပဲ စာဖတ်နိုင်တယ်။ အလုပ်မရှိတဲ့သူတွေပဲ စာဖတ်ကြသတဲ့။ သူတို့တစ်အိမ်လုံး စာမဖတ်ကြဘူးတဲ့။

စာအုပ်ဝယ်တာ မဝယ်တာကို ဘာမှမပြောလိုပါဘူး။ ဒါပေမယ့် အလုပ်မရှိသူ၊ အားနေသူတွေပဲ စာဖတ်နိုင်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ သူ့မှာအလုပ်လုပ်နေရလို့ စာမဖတ်ပါဘူးဆိုတဲ့ ရှောင်လွှဲချက်တွေကိုတော့ သဘောမကျမိတာ အမှန်ပါပဲ။ စာဖတ်ခြင်းနဲ့ပတ်သက်လို့ တက္ကသိုလ်တက်နေကြတဲ့ စာရေးသူရဲ့ ညီလေးညီမလေးတွေကို ကြုံဆုံတဲ့အခါတိုင်း ကျောင်းစာမဟုတ်တဲ့ သုတ၊ ရသ၊ အတ္ထုပ္ပတ္တိစာပေတွေကို လေ့လာဖတ်ရှုကြဖို့ အမြဲတိုက်တွန်းဖြစ်တယ်။ “ဘာဖြစ်လို့ အပြင်စာပေဖြစ်တဲ့ သုတ၊ ရသ၊ အတ္ထုပ္ပတ္တိစာအုပ်တွေကို လေ့လာဖတ်ရှုခိုင်းရတာလဲဆိုရင် ကမ္ဘာမှာ အောင်မြင်ကျော်ကြားသူတွေ၊ ထူးချွန်ထက်မြက်သူတွေ၊ ချမ်းသာကြီးပွားသူတွေအားလုံးဟာ စာဖတ်ကြပြီး ဘဝမြေပုံကားချပ်ကို ပိုင်ဆိုင်ထားသူတွေ ဖြစ်နေလို့ပါပဲ”။

လူငယ်တွေဟာ တက္ကသိုလ်ဘွဲ့ရပြီးရင် ဝင်ငွေရှာဖို့ လုပ်ငန်းခွင်ထဲ ဝင်ကြရလိမ့်မယ်။ လုပ်ငန်းခွင်ထဲရောက်လို့ သိပ်မကြာခင်အချိန်အတွင်းမှာ လူငယ်တော်တော်များများဟာ အိမ်ထောင်ကျပြီး မိသားစုစားဝတ်နေရေးကိစ္စတွေအတွက် ဘဝကိုမြှုပ်နှံနေကြတယ်။ “လူတွေအကြောင်း၊ လောကအကြောင်းကို ပီပီပြင်ပြင် မသိလိုက်ခင်မှာ သူတို့ဘဝကို ကိုယ်ပိုင်မိသားစုအဝန်းအဝိုင်းထဲ ထည့်လိုက်ကြတာကြောင့် သဘာဝလောကရဲ့ အတက်အကျတွေ၊ တွန်းအားဆွဲအားတွေ၊ ဘဝရဲ့အနေအထားတွေကို နားလည်သဘောပေါက်ဖို့ခက်ခဲသွားကြတယ်။ သူတို့လေးတွေ အရွယ်ကြီးလို့ သဘောပေါက်လာတဲ့အခါ အခွင့်အခါတွေက နှောင်းသွားခဲ့ပြီဖြစ်လို့ ပြင်ဆင်ခွင့်မရှိတော့တဲ့ ဘဝထဲမှာ နောင်တတွေနဲ့ အထီးကျန်ဆန်သွားကြရတယ်”။ ပြောချင်တာက ကိုယ့်ဘဝအတွက် လွတ်လွတ်လပ်လပ်နဲ့ ကိုယ်တိုင်ဖန်တီးပုံဖော်ခွင့်၊ လေ့လာသင်ယူခွင့်တွေရရှိနေတဲ့အချိန်မှာ လေ့လာသင်ယူမှုတွေ ပျက်ကွက်ခဲ့တာကြောင့်မို့ ဆုံးရှုံးနစ်နာသွားရတာတွေက ဘယ်အရာနဲ့မှ အစားထိုးမရအောင် ဖြစ်လာခဲ့ရတယ်။

စာရေးဆရာကြီး မြသန်းတင့်ဘာသာပြန်ထားတဲ့ “လူလေးသို့ပေးစာများ”ဆိုတဲ့စာအုပ်ရှိတယ်။ အဲဒီစာအုပ်ထဲမှာဘယ်လိုရေးထားလဲဆိုတော့ “လောကကြီးအကြောင်းကို ကျောင်းဆရာတွေကရော မိဘတွေကပါ သင်မပေးလိုက်ကြပါဘူး။ လောကကြီးထဲကို တွန်းပို့လိုက်ရင် လောကကြီးက သင်ပေးသွားလိမ့်မယ်လို့များ ထင်နေကြလားတော့ မပြောတတ်ဘူး။ လောကကြီးက သင်ပေးလိမ့်မယ်ဆိုတာ မှန်တော့မှန်ပါတယ်။ လောကကြီးရဲ့အကြောင်းဆိုတာ သဘောတရားအရ သိရုံခန့်မှန်းရုံနဲ့ ရမှမရဘဲကိုး။ ဒီတော့ လက်တွေ့ကြည့်ဖို့ လုံးဝလိုအပ်တယ်။ ဒါပေမယ့် ဝက်ဘာတွေ၊ အကွေ့အကောက်တွေ အချိုးအဆစ်များတဲ့ နယ်မြေထဲကို ခရီးမထွက်ခင်မှာ အတွေ့အကြုံရှိပြီးဖြစ်တဲ့ ခရီးသည်တွေရေးဆွဲခဲ့တဲ့ မြေပုံကျမ်းတစ်ချပ်ရှိရင်တော့ လူငယ်တွေအဖို့ အလွန်အသုံးကျတာပေ့ါ”လို့ ရေးထားတယ်။ ဆရာကြီးရဲ့ဆိုလိုရင်းက ကိုယ့်ရဲ့ရှေ့မှာ လောကကြီးထဲကို ဖြတ်သန်းသွားလာခဲ့တဲ့ လူတွေရှိတယ်။ သူတို့တွေ တွေ့ကြုံခဲ့ရတဲ့လောကဓံတွေ၊ အခက်အခဲတွေ၊ လူမှုပေါင်းသင်းဆက်ဆံရေးတွေ၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အောင်မြင်ရေးတွေ၊ ခေါင်းဆောင်နိုင်မှု အရည်အချင်းစတဲ့ အတွေ့အကြုံတွေထဲက သူတို့ခံစား သိမြင်ထားတာတွေ၊ အတွေးအကြုံတွေကို မှတ်တမ်းတင်ထားတဲ့ သုတ၊ ရသ၊အတ္ထုပ္ပတ္တိစာအုပ်စာပေတွေဟာနောင်လာနောက်သား လူကြီးလူငယ်တွေအတွက် ဘဝခရီးမှာ အဆင်ပြေချောမွေ့နိုင်တဲ့ မြေပုံကားချပ်ဖြစ်တယ်လို့ ဆိုချင်တာပါပဲ။ လူကြီးတွေအနေနဲ့ရော လူငယ်တွေအနေနဲ့ပါ စာအုပ်စာပေကို ဖတ်ရှုလေ့လာခြင်းဟာ ဘဝရဲ့အောင်မြင်မှုပန်းတိုင်ကို လွယ်လွယ်ကူကူ လှမ်းယူနိုင်ပြီး ကိုယ့်ဘဝ၊ ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံအတွက် အားကိုးအားထားပြုနိုင်တဲ့ လူတော်လူကောင်း ခေါင်းဆောင်ကောင်းတွေ ဖြစ်လာနိုင်ပါတယ်လို့ ညွှန်းဆိုသွားခဲ့တာပဲဖြစ်ပါတယ်။

မှန်ပါတယ်။ ဆရာကြီးမြသန်းတင့်ပြောသလို “စာဖတ်ခြင်းဟာ ကိုယ့်ဘဝ၊ ကိုယ့်လောက၊ ကိုယ့်ခရီးလမ်းမှာ မမှားသင့်တာ မမှားရလေအောင် ကြိုတင်သိခွင့်ပေးထားတဲ့ လူတိုင်းအတွက် ဘဝမြေပုံ။ ကိုယ်လျှောက်နေတဲ့ လောကခရီးလမ်းမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေကို ဖွင့်ဆိုပြသထားတဲ့ ဘဝမြေပုံ။ ကိုယ့်ဘဝခရီးလမ်းမှာ အောင်မြင်ခြင်းတွေကို မြန်မြန်ဆန်ဆန်ရရှိဖို့၊ ရရှိထားတဲ့အောင်မြင်ခြင်းတွေကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ဖို့ညွှန်ပြပေးထားတဲ့ ဘဝမြေပုံဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ ရှိပါသေးတယ်။

ဆရာဇန်းမော်သိန်းဖေရဲ့ မျှဝေလိုသောအတွေးများ စာအုပ်ထဲမှာ စာဖတ်တဲ့သူတွေဟာ

(၁) Mental Simulation.စိတ်ခံတွက်လှုံ့ဆော်ပေးနိုင်ခြင်း။

အောင်မြင်တိုးတက်သူတွေရဲ့ အတ္ထုပ္ပတ္တိစာပေမျိုးကို ဖတ်တဲ့အခါ အောင်မြင်သူတို့ရဲ့နည်းစနစ်တွေ၊ အောင်မြင်ခြင်းတွေရှိရာကို ရောက်ရှိနိုင်တဲ့လမ်းခရီး၊ အောင်မြင်ခြင်းရဲ့အသီးအပွင့်တွေကို သိမြင်လိုက်ရတဲ့အတွက် ကိုယ့်ရဲ့စိတ်ဟာ လှုံ့ဆော်တက်ကြွလာမယ်။ သူတို့အောင်မြင်သလို ကိုယ်လည်းအောင်မြင်ချင်လာတယ်။ သူတို့တော်သလို ကိုယ်လည်းတော်ချင်လာတယ်။ သူတို့တွေထူးချွန်ထက်မြက်သလို ကိုယ်လည်း ထူးချွန်ထက်မြတ်ချင်လာတယ်။ ဒါဟာ စာပေကနေတစ်ဆင့် ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ရဲ့စိတ်ကို တက်ကြွလာအောင် အောင်မြင်မှုတွေကို ဆာလောင်လာအောင် လှုံ့ဆော်ပေးခြင်းဖြစ်ပါတယ်။

(၂) Knowledge

ဗဟုသုတတိုးပွားခြင်း။

စာဖတ်ခြင်းဟာ ကမ္ဘာကြီးကို နေရာတစ်ခုတည်းကနေ ကြည့်နေခြင်းမျိုးဖြစ်သလို လူတွေကြားမှာ သွားလာစရာမလိုဘဲ လူ့သဘော လူ့မနော လူတွေအကြောင်းကို သိရှိနိုင်ပါတယ်။ စာရေးဆရာတွေဟာ သူတို့ရဲ့အတွေ့အကြုံတွေ၊ ခံစားချက်တွေ ရောက်ရှိခဲ့တဲ့ဒေသန္တရ အကြောင်းအရာတွေကို ရေးသားဖွဲ့ဆိုတတ်ကြတယ်။ ကိုယ်သိချင်တဲ့ အကြောင်းအရာအားလုံးကို ကိုယ့်ဖတ်နေတဲ့စာအုပ်ထဲကနေ ရှာဖွေလို့ရရှိနိုင်တာမို့ စာဖတ်ခြင်းဟာ ဗဟုသုတများစွာကို ပေးစွမ်းနိုင်ပါတယ်ဆိုတာ အမှန်ပါပဲ။

(၃) Vocabulary Expansion.စကားလုံးကြွယ်ဝခြင်း။

စာဖတ်သူနဲ့ စာမဖတ်သူ စကားပြောကြည့်လိုက်ရင် ကွာခြားမှုရှိနေတာကို သိနိုင်ပါတယ်။ အကြောင်းအရာ အတူတူ မှန်ကန်တာကို ပြောကြတာခြင်းအတူတူ စာဖတ်တဲ့သူပြောတာက ပိုမိုထိရောက်စေတယ်။ လက်ခံတယ်။ လိုက်နာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က စာဖတ်ထားတဲ့အတွက်ကြောင့် ပြောလိုတဲ့အကြောင်းအရာကို စိတ်ဝင်စားအောင်၊ နားဝင်အောင် ရွေးချယ်ပြောဆိုနိုင်ပါတယ်။ ဘယ်လိုစကားလုံးတွေနဲ့ ဘယ်ပုံဘယ်နည်း ပြောမှဆိုမှရမယ်ဆိုတာကို နားလည်သဘောပေါက်ထားတဲ့အတွက် ကြွယ်ဝသောဝေါဟာရစကားလုံးများကို အသုံးချပြီး လိုက်နာကျင့်သုံးအောင် အကြောင်းအကျိုးပြကာ ဆုံးမပြောပြတတ်ပါတယ်။

(၄) Memory Improvement.မှတ်ဉာဏ်တိုးတက်ခြင်း။

စာအုပ်စာပေတွေကို စိတ်ဝင်တစားနဲ့ဖတ်တဲ့အခါ စာပေထဲကအကြောင်းအရာတွေကို မှတ်သားထားတတ်ကြသလို မှတ်မိနေတာတွေလည်း များကြပါတယ်။ အထူးသဖြင့်တော့ ရသစာပေအမျိုးအစားဖြစ်တဲ့ ဝတ္ထုစာအုပ်တွေထဲမှာ ဇာတ်ကောင်တွေ၊ သူတို့ရဲ့ စရိုက်လက္ခဏာတွေ၊ သူတို့နဲ့ပတ်သက်နေတဲ့ နေရာဒေသတွေကို မှတ်မိနေကြတယ်။ ဒါတွေဟာ ကိုယ့်ရဲ့မှတ်ဉာဏ် ကိုယ့်ရဲ့သတိရတတ်တဲ့စိတ်ကို နိုးထလာအောင် စေ့ဆော်ပေးနေခြင်းဖြစ်ပြီး မေ့လျော့တတ်တဲ့စိတ်ကိုလည်း ဖျောက်ဖျက်နေခြင်းမျိုးပါ။ စိတ်ပညာရှင်များက မေ့လျော့တတ်တဲ့သူတွေကို မမေ့တတ်အောင်၊ နောက်ပြီး အသက်ကြီးလာတဲ့အခါ မေ့လျော့တတ်တဲ့အကျင့်မျိုးတွေ ကင်းဝေးဖို့ ဝတ္ထုစာအုပ်များကိုဖတ်ရှုဖို့ တိုက်တွန်းကြပါတယ်။

(၅) Analytical Thinking Skill

တွေးခေါ်ဆင်ခြင်တတ်ခြင်း။

ဝတ္ထုပဲဖတ်ဖတ် ဆောင်းပါးပဲဖတ်ဖတ် စာပေထဲက အကြောင်းအရာ အချက်အလက်တွေကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်တတ်လာတယ်။ ဆက်စပ်မှုရှိ၊ မရှိဆိုတာ တွေးလာနိုင်တယ်။ ဖတ်နေတဲ့စာပေထဲမှာ ကိုယ့်အမြင် ကိုယ့်အတွေးတွေ ရောစပ်ပြီး ခံစားလာတတ်တယ်။ ဒီလိုအကျင့်တွေကနေ ကိုယ့်ဘဝ၊ ကိုယ့်အကြောင်း ကိုယ့်ပတ်ဝန်းကျင်က အဖြစ်အပျက်တွေကို အမှားအမှန်ခွဲခြားနိုင်စွမ်းရှိလာတယ်။ ဖြစ်သင့်တာနဲ့ မဖြစ်သင့်တာ ပိုင်းခြားလာနိုင်တယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို တွေးခေါ်မြော်မြင်ပြီး စိစစ်လာနိုင်ပါတယ်။

(၆) Improved Focus and Concentration

အာရုံစူးစိုက်မှု ကောင်းလာခြင်း။

ဒါက အတော်လေးရှင်းပါတယ်။ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားမှုနဲ့ ဖတ်နေတဲ့အခါ တခြားအာရုံတွေ၊ စိတ်ခံစားမှုတွေဆိုတာ မေ့မေ့ပျောက်ပျောက် ဖြစ်သွားရတာပါပဲ။ ကိုယ့်ရဲ့စိတ်ကို အာရုံမများအောင် ခံစားချက်တွေ ကသောင်းကနင်းမဖြစ်အောင် စာဖတ်ခြင်းနဲ့ ထိန်းချုပ်လာနိုင်တယ်ဆိုတာ သိသာထင်ရှားနေပါတယ်။ ပြောရရင် ကိုယ့်စိတ်လေးတည်ငြိမ်အောင်၊ ငြိမ်းချမ်းအောင်၊ အာရုံမများရလေအောင် စာဖတ်ခြင်းက အထောက်အကူပြုပေးနိုင်ပါတယ်။

(၇) Better Writing Skill

စာအရေးအသား ကောင်းလာခြင်း။

စာဖတ်တဲ့သူတွေဟာ စာပေအရေးအသား၊ စာပေအဖွဲ့အနွဲ့ကောင်းကြတာလည်း အမှန်ပါပဲ။ စာရေးဆရာတွေဟာ စာဖတ်အားကောင်းကြသူတွေ ဖြစ်ပါတယ်။ စာပေပေါင်းစုံ၊ စာရေးဆရာပေါင်းစုံရဲ့ ရေးသားပြုစုထားတဲ့ စာပေတွေကို ဖတ်ရှုကြတာကြောင့် ကိုယ်တိုင်စာရေးတဲ့အခါ ဘယ်ပုံစံရေးမယ်။ ဘယ်ရှုထောင့်ကနေတင်ပြမယ်။ ဇာတ်အိမ်နဲ့ အကြောင်းအရာကို ဘယ်လိုစပြီး ဘယ်လိုအဆုံးသတ်မယ်။ ဘယ်လိုစကားလုံးကို သုံးစွဲမယ်ဆိုတာမျိုးတွေ ကြိုတင်တွေးဆနိုင်တာကြောင့် ကိုယ်ရေးသားတဲ့စာမှာလည်း အစီအစဉ်တကျဖြစ်ပြီး လှပသပ်ရပ်နေပါတယ်။ ကျောင်းသူကျောင်းသားလေးတွေ စာစီစာကုံးရေးတဲ့အခါ စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့သူရဲ့ အရေးအသားဟာ အတော်လေးကွာခြားနေတာ တွေ့နိုင်ပါတယ်။ အကြောင်းအရာအပိုင်း၊ တင်ပြမှုအပိုင်း၊ သုံးစွဲသွားတဲ့စကားလုံးတွေ ကြွယ်ဝတဲ့ ဝေါဟာရတွေကအစ ထင်ထင်ရှားရှားကို သိသာနေတာ ဖြစ်ပါတယ်။

(၈) Tranquility

စိတ်အေးချမ်းမှုရရှိခြင်း။

နတ်တွေပဲဖြစ်ဖြစ် လူသားတွေပဲဖြစ်ဖြစ် ခံစားတတ်တဲ့ သတ္တဝါတွေတိုင်း အေးချမ်းမှုလိုချင်ကြပါတယ်။ စာဖတ်ခြင်းဟာ စိတ်ရဲ့အေးချမ်းမှုကို ရှာဖွေပေးနိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ဆိုပါစို့ မိသားစုစားဝတ်နေရေးအတွက်နဲ့ အလုပ်ထဲမှာ ပင်ပင်ပန်းပန်းဖြစ်နေရတဲ့ ကိုယ့်ရဲ့စိတ်လေး၊ စိတ်ရှုပ်စရာအကြောင်းအရာတွေနဲ့ နွမ်းနယ်နေတဲ့ ကိုယ့်စိတ်လေးကို အားလပ်တဲ့အချိန်၊ အနားယူတဲ့အချိန်လေးမှာ စာအုပ်လေးဖတ်နေလိုက်မယ်ဆိုရင် စာအုပ်ထဲက စိတ်ဝင်စားစရာ ဇာတ်လမ်းဇာတ်ကောင်တွေက ဆွဲခေါ်သွားပါလိမ့်မယ်။ ပင်ပန်းစေတဲ့နေရာ၊ ရှုပ်ထွေးနေတဲ့နေရာကနေ လွတ်မြောက်ရာကို ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ စိတ်ခံတွက်တွေကျနေရင်လည်း ခွန်အားဖြစ်စေမယ့် အတွေးအခေါ်တွေ၊ နည်းစနစ်တွေက စိတ်ခံတွက်ကျခြင်း ကင်းဝေးအောင် ပြုလုပ်ပေးနိုင်ပါလိမ့်မယ်။ လောကုတ္တရာစာပေခေါ်တဲ့ တရားစာအုပ်လေးတွေ ဖတ်တဲ့အခါ ဘဝမှာ တွေ့ဆုံလာတဲ့ လောကဓံတွေကြားမှာ မယိမ်းယိုင်တဲ့ စိတ်ထား၊ မတုန်လှုပ်တဲ့စိတ်ခံတွက်တွေနဲ့ ရင်ဆိုင်ဖြတ်ကျော်နိုင်ဖို့ အကူအညီပေးမှာ ဖြစ်ပါတယ်။

(၉) Entertainment.ဖျော်ဖြေမှုကိုရရှိခြင်း။

စာအုပ်စာပေဆိုတာ လူသားတို့ဖန်တီးထားတဲ့ အနုပညာဖြစ်ပါတယ်။ စာပေအနုပညာထဲမှာ ဟာသ၊ အချစ်၊ အလွမ်း၊ ဆန်းကြယ်မှုစတဲ့ ရသကိုးမျိုးစီးဆင်းနေတာမို့ စာဖတ်သူအတွက် အသိပညာ အတတ်ပညာတွေအပြင် စိတ်ကိုပျော်ရွှင်ကြည်နူးစေမယ့် ဖျော်ဖြေခြင်းအနုပညာကို ခံစားရပါတယ်။

(၁၀) Taking Journey.ခရီးသွားအတွေ့အကြုံ ရရှိခြင်း။

အိမ်မှာနေရင်း အလုပ်လုပ်နေရင်း စာဖတ်ခြင်းနဲ့ ခရီးသွားအတွေ့အကြုံကို ရရှိစေပါတယ်။ ရွှေတိဂုံစေတီကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး မဖူးမြော်နိုင်ခဲ့ရင်တောင် ရွှေတိဂုံနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုဖတ်ရှုပြီး တကယ်ရောက်ရှိနေသလို သိမြင်နိုင်တယ်။ ကမ္ဘာ့နိုင်ငံများအကြောင်း၊ အတိတ်သမိုင်းများအကြောင်း၊ အာကာသအကြောင်းစတဲ့ ကိုယ်မသိသေး မရောက်နိုင်သေးတဲ့နေရာဒေသတွေကို တကယ်ရောက်ရှိနေသလို အသိအမြင်တွေ တိုးပွားလာနိုင်ခြင်းဟာ စာဖတ်ခြင်းကနေရရှိလိုက်တဲ့ စာပေခရီးသွား အတွေ့အကြုံတွေပဲဖြစ်ပါတယ်။

(11) Boost Creativity တီထွင်ကြံဆမှု တိုးတက်လာခြင်း။

ကိုယ်မသိနားမလည်သေးတဲ့ သိပ္ပံသဘောတရားတွေ၊ ဆေးပညာရပ်တွေ၊ သုတေသနဆိုင်ရာ အချက်အလက်တွေ၊ ကို လေ့လာဖတ်ရှုတဲ့အခါ ကိုယ်တိုင် တီထွင်ကြံဆလိုတဲ့ စိတ်တွေ ဖြစ်လာပါလိမ့်မယ်။ ဒီနေ့ခေတ်လူသားတွေ အားကိုးတကြီးအသုံးပြုနေရတဲ့ ဟန်းဆက်၊ ကွန်ပျူတာ၊ ကား၊ လေယာဉ်၊ လျှပ်စစ်အပြင် လူတို့အတွက် မရှိမဖြစ် ဆေးဝါးပစ္စည်းစတာတွေဟာ ရှေးကတီထွင်ကြံဆအားတွေရဲ့ အကျိုးသက်ရောက်ခွင့်တွေ ဖြစ်ပါတယ်။ တီထွင်ကြံဆ နိုင်ဖို့ဆိုတာ သိဖို့လိုပါတယ်။ သိဖို့အတွက် စနစ်တကျပြုစုရေးသားတဲ့ စာအုပ်စာပေတွေကို ဖတ်ရှုခြင်းက အကြံကောင်း ဉာဏ်ကောင်းအဖြစ် အထောက်အကူပေးပါလိမ့်မယ်။

(12) Gentleness and Mature

(စိတ်ထားသိမ်မွေ့နူးညံ့ပြီး တည်ငြိမ်ရင့်ကျက်လာခြင်း။)

ဒေါသဖြစ်နေတဲ့အခါ ဒေါသကင်းတဲ့စာကိုဖတ်လို့ ပူလောင်နေတဲ့အခါ ငြိမ်းချမ်းတဲ့စာကိုဖတ်မယ်။ ကြမ်းတမ်းခက်ထန်နေတဲ့အခါ သိမ်မွေ့ညင်သာစေမယ့် တရားစာအုပ်တွေဖတ်မယ်။ ဒီလို ခံစားမှုရသကဗျာလေးတွေ၊ ငြိမ်းချမ်းစေမယ့် စာပေတွေကို ဖတ်လိုက်မယ်ဆိုရင် အသိပညာလည်း ရမယ်။ ဆင်ခြင်နိုင်တဲ့သတိလည်း ကောင်းလာမယ်။ စိတ်ခံစားချက်တွေလည်း ညင်သာသိမ်မွေ့လာမှာ အမှန်ပါပဲ။

(13) Seeing Fortune Obstacles

အနာဂတ်မှာ တွေ့ကြုံလာမယ့် ပြဿနာများကို ကြိုတင်သိရှိနေခြင်း။

ဟုတ်ပါတယ်။ စာဖတ်ခြင်းကို နှစ်သက်ခုံမင်သူတွေဟာ နောင်မှာဖြစ်လာနိုင်တဲ့ ပြဿနာတွေကို ကြိုတင်သိရှိနေတတ်ကြပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေး ဘယ်အရေးကိစ္စတွေကိုမဆို ဖြစ်လာနိုင်တဲ့ သဘောတရား၊ ဖြစ်တတ်တဲ့အနေအထား၊ ကြုံတွေ့လာရမယ့်အခြေအနေအရပ်ရပ်ကို တွေးဆထားနိုင်တာကြောင့် ကြိုတင်ပြင်ဆင်ခွင့် ရကြပါတယ်။ အကောင်းပဲဖြစ်ဖြစ်၊ အဆိုးပဲဖြစ်ဖြစ် တွေ့ကြုံလာတာနဲ့ ဘယ်လိုဘယ်ပုံကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ သိရှိကြပါတယ်။ အောင်မြင်ရေးကိစ္စတွေမှာလည်း ဘယ်ပုံဘယ်နည်းနဲ့ လုပ်ကိုင်ရမယ်ဆိုတဲ့ နည်းစနစ်တွေကိုသိနိုင်ကြတာမို့ အောင်မြင်မှုတွေကို အကောင်းဆုံးနဲ့အမြန်ဆုံး ရယူနိုင်ကြပါတယ်။ အမှားတွေကိုလည်း ကိုယ်တိုင်ကျူးလွန်စရာမလိုဘဲ သူတစ်ပါးတို့ရဲ့ အမှားတွေထဲကနေ သင်ခန်းစာယူ မှတ်သားထားပြီး ရှောင်ရှားနိုင်ကြပါတယ်။

(14) Fantasy World

စိတ်ကူးယဉ်ကမ္ဘာကို တည်ဆောက်နိုင်ခြင်း။

စာဖတ်ခြင်းကြောင့် အတွေးသစ် အမြင်သစ်တွေ ရလာတယ်။ ခံစားမှုတွေလတ်ဆတ်လာတယ်။ အတုအယောင်တွေထဲကနေ ရုန်းထွက်ချင်လာတယ်။ မှန်ကန်မှုတွေကို မြတ်နိုးတတ်လာတယ်။ ဘဝကို ရေစုန်မမျှောဘဲ အောင်မြင်ခြင်းများရှိရာကိုရောက်ဖို့ ကြိုးစားလာတယ်။ တွေ့ဆုံလာတဲ့ ဘဝရဲ့လောကဓံတွေကို ရင်ဆိုင်လာနိုင်တယ်။ သူများကိုအားကိုးချင်စိတ်မထား၊ ကိုယ့်ကိုယ်ကိုယ်အားကိုးတတ်သူဖြစ်အောင် တည်ဆောက်တယ်။ ကိုယ်ဖြစ်ချင်တဲ့ အနာဂတ်အိပ်မက်တွေကို စိတ်ကူးတွေနဲ့လှလှပပ တည်ဆောက်ထားတတ်ကြတယ်။ ဒါတွေဟာ စာဖတ်သူတွေ ရရှိနိုင်တဲ့ အသိအမြင်စွမ်းအားတွေမို့ စာဖတ်ကြဖို့ တိုက်တွန်းနေရခြင်းဖြစ်ပါတယ်။

လူတချို့ပြောသလို စာဖတ်ဖို့အချိန်မရဘူးဆိုတဲ့ စကားဟာ ရှောင်လွှဲချက်သက်သက်ပါ။ တကယ်တော့ စာဖတ်ချင်စိတ်မရှိလို့မို့ စာမဖတ်တာ ဖြစ်ပါတယ်။ အချိန်မရဘူး။ မအားဘူးဆိုတဲ့သူတွေ ဖေ့စ်ဘွတ် မသုံးကြဘူးလား။ လက်ဖက်ရည်ဆိုင် မထိုင်ကြဘူးလား။ ဟိုအိမ်ဒီအိမ်လျှောက်လည်လို့ သူ့အကြောင်း ကိုယ့်အကြောင်း မပြောကြဘူးလား။ ဂိမ်းမကစားကြဘူးလား။ တီဗွီမကြည့်ဘူးလား။ အရက်ဆိုင်၊ ဘီယာဆိုင် မထိုင်ကြဘူးလား။ မလိုအပ်ပါဘဲ အပိုတွေအိပ်မနေကြဘူးလား။ တကယ်စာဖတ်ချင်တယ်ဆိုရင် ဘယ်ကိုပဲသွားသွား၊ ဘာပဲလုပ်နေနေ စာဖတ်နိုင်တဲ့အချိန်ဆိုတာ ရှိနေတာပါ။ နောက်ဆုံးအဆင့် ကားစီးရင်း စာဖတ်လို့ရတယ်။ ဈေးရောင်းရင်း စာဖတ်လို့ရတယ်။ အိမ်သာတက်ရင်း စာဖတ်လို့ရတယ်။ အရက်သောက်ရင်း စာဖတ်လို့ရနေတယ်။ ယာထဲကိုင်းထဲတောထဲသွားရင်းနဲ့ စာဖတ်လို့ရနေတာပါပဲ။ အမှန်တကယ်လိုနေတာက စာဖတ်ချင်စိတ်ရှိဖို့နဲ့ စာဖတ်လို့ရနိုင်တဲ့ အသိအမြင်တွေ အကျိုးကျေးဇူးတွေကို သိရှိနားလည်ဖို့ပဲလိုပါတယ်။

စာဖတ်ပါ။ စာဖတ်ခြင်းဟာ ကိုယ်နဲ့ကိုယ့်မိသားစုကို ငြိမ်းချမ်းအောင်၊ လိမ္မာယဉ်ကျေးအောင်၊ ကြီးပွားချမ်းသာအောင် ပို့ဆောင်ပေးနိုင်တဲ့ မြေပုံကားချပ်ဖြစ်ပါတယ်။ ကမ္ဘာမှာ အောင်မြင်နေသူတိုင်း စာဖတ်သူများဖြစ်ကြသလို ကမ္ဘာ့ခေါင်းဆောင်တွေဟာ စာဖတ်ခြင်းကို နှစ်သက်ခုံမင်သူများ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့ ကိုယ်နဲ့ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်ကို အမှန်တကယ်ပြောင်းလဲဖို့၊ ကြီးပွားချမ်းသာနိုင်ဖို့၊ ငြိမ်းချမ်းသာယာတဲ့ဘဝကို ပိုင်ဆိုင်နိုင်ဖို့ စာဖတ်ခြင်းက စွမ်းဆောင်ပေးပါလိမ့်မယ်။ ။

ဆရာကြီးရဲ့ဆိုလိုရင်းက ကိုယ့်ရဲ့ရှေ့မှာ လောကကြီးထဲကို ဖြတ်သန်းသွားလာခဲ့တဲ့ လူတွေရှိတယ်။ သူတို့တွေ တွေ့ကြုံခဲ့ရတဲ့လောကဓံတွေ၊ အခက်အခဲတွေ၊ လူမှုပေါင်းသင်းဆက်ဆံရေးတွေ၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အောင်မြင်ရေးတွေ၊ ခေါင်းဆောင်နိုင်မှုအရည်အချင်း စတဲ့အတွေ့အကြုံတွေထဲက သူတို့ခံစား သိမြင်ထားတာတွေ၊ အတွေးအကြုံတွေကို မှတ်တမ်းတင်ထားတဲ့ သုတ၊ ရသ၊ အတ္ထုပ္ပတ္တိစာအုပ် စာပေတွေဟာ နောင်လာနောက်သား လူကြီးလူငယ်တွေအတွက် ဘဝခရီးမှာ အဆင်ပြေချောမွေ့နိုင်တဲ့ မြေပုံကားချပ်ဖြစ်တယ်လို့ ဆိုချင်တာပဲ။

ဝတ္ထုတို

အမေ့သား(နတ်မောက်)



(၁)

"မင်းနိုင် ထမင်းမစားသေးဘူးလား..."

"ဟော့ကောင်ရေ... သွားခေါ်မနေနဲ့။ မင်းကောင်က နားကြပ်ကြီးတပ်ထားတာ ဘာမှ ကြားရမှာ မဟုတ်ဘူး။ လာသွားမယ်..."

သီချင်းသံနှင့်အတူ သူ့ခေါင်းကလေးသည် တညိတ်ညိတ်ဖြစ်နေ၏။ တစ်ခါတလေ သီချင်းကိုပင် အသံထွက်၍ လိုက်ညည်းနေမိသေး၏။ သို့သော် လက်ချောင်းများကတော့ ရပ်တန့်မနေ။ ကီးဘုတ်ပေါ်မှာ ပြေးလွှားနေဆဲ။ သူ့စိတ်တွေ ကြည်လင်နေတာကြောင့်ထင့်။ တစ်မနက်လုံးရေးလာသည့် ပရိုဂရမ်က အမှား တစ်စုံတစ်ရာ ပေါ်မလာသေး။ ခုချိန်ထိ မှန်နေဆဲ။

"ငါ့နားမှာ နင်သာရှိရင် အရာရာစွန့်လွှတ်နိုင်သွားပြီ...." ဖုန်းဝင်သံကြားသော်လည်း လက်ချောင်းများက ကီးဘုတ်ပေါ်မှာ ပြေးလွှားနေကြဆဲ။ ရေးလက်စစာကြောင်းကို ပြီးအောင် ရေးပြီးမှ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို.. ကို" သူ ဖုန်းကိုင်လိုက်သည်နှင့် တစ်ဖက်မှ အသံကို ကြားရသည်။

"အင်း... မိန်းမ" သူရေးထားသော ပရိုဂရမ်ကို တစ်ကြောင်းချင်း ပြန်စစ်နေရင်း အလိုက်သင့် ပြန်ပြောလိုက်၏။

"နေ့လယ်စာ စားပြီးပြီလား..."

"မစားရသေးဘူး..."

"စားဦးလေကွာ... ဘယ်ချိန်ရှိနေပြီလဲ။ နာရီလည်း ကြည့်ဦး။ ကိုက အဲဒါပဲကွာ... စားချိန်တန် စားမှပေါ့။ မတော်လို့ တစ်ခုခုဖြစ်သွားမှဖြင့်..."

"စားမှာပေါ့ကွာ.. မဆာသေးလို့ပါ။"

"မဆာလည်း ဆာသလောက်တော့ စားရမယ်လေ...။ သူ့အချိန်နဲ့သူ... စားချိန်တန်ရင် စားဦးမှပေါ့..."

"အေး မိန်းမရေ... ကို ခုပဲ သွားစားတော့မလို့။ ဒါပဲနော်..။"

သူ စကားစကို ခပ်မြန်မြန်ဖြတ်လိုက်ပြီး ဖုန်းချလိုက်သည်။ ပရိုဂရမ်ကို စစ်နေရင်း စိတ်တိုင်းမကျသည့် နေရာများအား အနည်းငယ် ပြင်လိုက်သည်။

ထမင်းချိုင့်သံ တချွမ်ချွမ်နှင့် အခန်းတွင်း ပြန်ဝင်လာကြသူတွေကို မြင်တော့မှ သူနာရီကို ကြည့်မိသည်။ နေ့လယ် တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့၏။ သူ ထမင်းချိုင့် ယူပြီး အခန်းပြင် ထွက်ခဲ့လိုက်သည်။ ထမင်းကို ခပ်မြန်မြန်စားလိုက်ပြီးနောက် စီးကရက် တစ်လိပ် ဖွာလိုက်သည်။ ပြီးမှ အခန်းတွင်း ပြန်ဝင်လိုက်၏။

ကွန်ပျူတာရှေ့ ထိုင်လိုက်သည်နှင့် လက်ချောင်းများက ကီးဘုတ်ပေါ်မှာ အလို အလျောက် ရွေ့လျားလျက်သား။ ကြည်လင်နေသော ဦးနှောက်က မှန်ကန်သော အတွေးအခေါ် အယူအဆဖြင့် လက်ချောင်း ကလေးများအား လှုပ်ရှားစေ၏။ ဦးနှောက်မှ စေခိုင်းလာသည့် အတိုင်း လက်ချောင်းများက ကွန်ပျူတာ မျက်နှာပြင်မှာ စကားလုံးများအဖြစ် ဖန်တီးပေး၏။ သူ ဖန်တီးရေးသားထားသော ပရိုဂရမ် အတိုင်း ကွန်ပျူတာသည် အလုပ်လုပ်၍ သူလိုချင်သော အဖြေကို ထုတ်ပေးလာသောအခါ...

"ရက်စ်...." သူ ကျေနပ်သွား၏။

"မင်းနိုင် မပြန်သေးဘူးလား..."

ပုခုံးပေါ် ကျလာသည့် လက်တစ်စုံကြောင့် သူ မော့်ကြည့်လိုက်တော့ ရုံးဆင်းဖို့ရာ အဆင်သင့်ဖြစ်နေသော ကိုအောင်သန်းမြင့်ကို တွေ့လိုက်ရသည်။

"မပြန်သေးဘူး အကို။ ခြောက်နာရီမှ ပြန်တော့မယ်..." ကိုအောင်သန်းမြင့်က သူ့အား ပြုံးပြနှုတ်ဆက်ပြီး ကျောခိုင်းသွား၏။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ရုံးဆင်းသွားကြရာ သူတစ်ယောက်သာ ကျန်နေခဲ့တော့သည်။ ပတ်ဝန်းကျင်၏ ဆူညံသံတွေမရှိတော့တာကြောင့် နားမှ နားကြပ်အား ဖြုတ်လိုက်သည်။ ကျန်ရှိနေသေးသည့် ပရိုဂရမ်အစိတ်အပိုင်းများအား ဆက်၍ ရေးနေမိသည်။ ပုံမှန်ရုံးဆင်းချိန်သည် ညနေ လေးနာရီခွဲဖြစ်သော်လည်း သူကတော့ ခြောက်နာရီမှ ရုံးဆင်းဖြစ်သည်သာ။

(၂)

သူ အိမ်ပြန်ရောက်သည့်အချိန်ထိ ဇနီးဖြစ်သူ ခင်သူဇာမှာ မီးဖိုခန်းထဲမှ ထွက်မလာရသေး။ ကြက်သွန် လှီးသံ၊ အသားငါးခုတ်သံ၊ ဟင်းအိုးမွှေသံများဖြင့် သူ့အား ကြိုဆိုလျက်ရှိသည်။ ဇနီးဖြစ်သူမှာ ခရီးဦးကြိုလောက္ကဝတ် စကားလေးပင် မပြောနိုင်သည်အထိ ပင်ပန်းနေရှာ၏။ သူ့ခမြာ ကလေးတစ်ဖက်နှင့် ချက်ရပြုတ်ရ တာ ဘယ်လွယ်ပါ့မလဲလေ။ ပုခက်ထဲမှာ အပူပင်ကင်းစွာ အိပ်ပျော်နေရှာသော သားငယ်၏ နဖူးအား ခပ်ဖွဖွနမ်းလိုက်ပြီးနောက် မျက်နှာမှာ အိုးမဲများခြယ်လှယ်ထားသည့် ဇနီးအနား လျှောက်သွားလိုက်သည်။

"မိန်းမ ဘာဟင်းတွေ ချက်နေလဲ..."

ခင်သူဇာက အနည်းငယ်ကြီးဟန်တူသည့် ကြက်သားတုံးကို စဉ်းနီးတုံးပေါ်တင်ပြီး ဓားဖြင့် "ဒုတ်ခနဲ" မြည်အောင် ခုတ်သည်။

"ဖြည်းဖြည်း လုပ်ပါကွ... ကလေး လန့်နိုးသွားမှဖြင့်" ခင်သူဇာ၏ မျက်စောင်းတစ်ချက် သူ့ထံရောက်လာသောအခါ သူသဘောပေါက်လိုက်ပြီ။ နေ့လည်က စကားမပြတ်သေးဘဲ ဖုန်းချသွားသည့်အတွက် သူ့အား စိတ်ဆိုးနေပြီဆိုတာကို။

"မိန်းမက ကိုယ့်ကို စိတ်ဆိုးနေတာလား...။ မဆိုးပါနဲ့ကွာ... ကိုယ်အလုပ်ထဲ စိတ်ရောက်နေလို့ပါ..."

ခင်သူဇာက ဝေကျလာသော ဟင်းအိုးကို အဖုံးဖွင့်လိုက်ပြီး ဇွန်းဖြင့် မွှေနေသည်။ သူ့အား ဘာမှပြန်မပြောသောအခါ သူလည်း ဘာပြောရမည်မသိ။ အပြစ်လုပ်ထားသူ တစ်ယောက်၏ မျက်နှာထားဖြင့် ခင်သူဇာ့အား ကြည့်နေသော်လည်း ခင်သူဇာကတော့ သူ့ကို အရေးတယူ ပြန်ကြည့်နေခြင်း မရှိခဲ့။ ခင်သူဇာက ဟင်းအိုး အဖုံးကို ပြန်ဖုံးလိုက်ပြီး ခုတ်ထစ်ထားသော ကြက်သားများအား ရေဆေးသည်။ ဆား၊ နနွင်း ထည့်ပြီး နယ်သည်။

သူ မီးဖိုခန်းထဲမှ ပြန်ထွက်မည် ပြင်၏။

"မန်ကျည်းရွက်ချဉ်ဟင်း၊ ကြက်သားဟင်းချက်နေတာ မမြင်ဘူးလား..."

ခင်သူဇာ၏ တုံးတိဆန်သော စကားကို ကြားသောအခါမှ သူ့ရင်တွင်းဝယ် ခိုးလိုးခုလု ဖြစ်နေသော အလုံးကြီးတစ်လုံး ပြေလျော့သွားသလို ခံစားရသည်။ ချစ်သူသက်တမ်း ငါးနှစ်တာကာလ ဖြတ်သန်းပြီးမှ နှစ်ယောက်တစ်ဘဝ တည်ဆောက်ခဲ့တာကြောင့် တစ်ယောက်အကြောင်း တစ်ယောက် သိပြီးဖြစ်၏။ ဒီလောက်ဆို ခင်သူဇာစိတ်ဆိုးပြေပြီလေ။ သူသည် ပရော်ဖက်ရှင်နယ် ပရိုဂရမ်မာ တစ်ယောက်ဟူ၍ ခံယူမထားသေး။ သူ့မှာမသိတာတွေ အများကြီးရှိသေးသည်။ လေ့လာစရာတွေ မကုန်နိုင်၊ မခမ်းနိုင် ရှိသေးသည်ဟု ခံယူထားသည်။ သူရေးသည့် ပရိုဂရမ်သည် ကောင်းရမည်၊ လွယ်ရမည်၊ ပေါ့ပါးရမည်ဟု ခံယူထားတာကြောင့် အချိန်ပြည့် လေ့လာနေခြင်းဖြစ်၏။ လေ့လာမှုကို မရပ်တန့်မိစေဖို့ သူ့ကိုယ်သူ အမြဲသတိပေးဖြစ်၏။ လေ့လာရင်း စဉ်းစားတွေးခေါ်နေရလျှင် သူ ပျော်သည်။ အသစ်အသစ်သော ပညာရပ်တွေ သိလာ၊ တတ်လာသည့်အခါ သူပျော်၏။ ထိုအသိတွေကို ပရိုဂရမ်ရေးသည့်အခါ ထည့်သွင်းရေးသား၍ အောင်မြင်ပြီဆိုလျှင်တော့ သူ့ခန္ဓာကိုယ်သည် ပေါ့ပါးသွားပြီး လေဟာပြင်ထက် ရောက်သွားသလို ခံစားရသည်။ ထိုအချိန်တွင် အားလပ်ချိန်ရယ်လို့မရှိအောင် ရှာဖွေလေ့လာခဲ့ရသည့် ပင်ပန်းမှုများသည်လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်စမြဲ။

ကွန်ပျူတာနှင့် ကင်းကွာချိန်ရယ်လို့ မရှိသည့် သူ့အပေါ် နားလည်ပေးနိုင်ပြီး သားငယ်နှင့် အိမ်မှုကိစ္စအဝဝကို လှည့်ကြည့်စရာ မလိုအောင် လုပ်ဆောင်နေသည့် ခင်သူဇာ့ကို သူ ကျေးဇူးတင်မိသည်။

(၃)

လင်းကြက်မတွန်မီ သူ အိပ်ယာက နိုးနေပြီ။ ဒါသည် သူ၏ ပုံမှန်အိပ်ယာထချိန်လည်း ဖြစ်၏။ ပတ်ဝန်းကျင်၏ ဆူညံသံတွေ မကြားရတာကြောင့် သူ့စိတ်တွေ ကြည်လင်နေသည်။ ပေါ့ပါးနေသည်။ အတွေးတွေက လန်းဆန်းလျက်ရှိ၏။ မျက်စိနှစ်လုံးပွင့်ပြီဆိုတာနှင့် သူ ပထမဆုံးလုပ်ဖြစ်သည်က စားပွဲပေါ်ရှိ လက်ပ်တော့ကို ဖွင့်ခြင်းပင် ဖြစ်၏။ ထို့နောက် ညတုန်းက ရေးနေရင်း အဖြေမှန်ကို ထုတ်မပေးနိုင်သေးသည့် ပရိုဂရမ်ကို ဆက်ရေးသည်။

"အူဝဲ.. အူဝဲ"

"အိုး... ကျွတ် ကျွတ် ကျွတ်..."

ရုတ်တရက် လန့်နိုးလာသော သားငယ်ကို ခင်သူဇာက ပြန်ချော့နေသံကြားရသည်။ သိပ်မကြာလိုက်။ သားငယ် အသံတိတ်သွားသည်။ ပြန်အိပ်သွားပြီထင်၏။

သူလည်း ကီးဘုတ်ရိုက်သည့် လက်နှစ်ဖက်ကို ညင်သာစွာရိုက်မိစေဖို့သတိထားနေရသည်။

"အစောကြီးထနေ... အိပ်ရေးရော ဝရဲ့လား..." ခင်သူဇာက ရှုပ်ပွနေသော ဆံပင်များအား ပြန်လည်သပ်တင်လိုက်သည်။

"ဝပါတယ်ကွာ..." သူ ခပ်အေးအေး ပြန်ဖြေလိုက်ပြီး ပရိုဂရမ်ကို တစ်ကြောင်းချင်း ပြန်စစ်နေမိသည်။ မှားယွင်းနေသည့် နေရာကိုကား မတွေ့မိ။ သို့သော် အဖြေမှန်က ထွက်မလာပြန်။ ရေးရိုးရေးစဉ်အတိုင်း ရေးထားသည်ကိုပင် အဖြေမှန်က ထွက်မလာသောအခါ သူ စဉ်းစားရခက်သွားသည်။ စီမီးကော်မာလို အသေးအမွှားလေးကအစ ကျန်နေလျှင်ပင် ပရိုဂရမ်သည် အဖြေမှန်ကို ထုတ်မပေးနိုင်တာကြောင့် အသေးစိတ် လိုက်စစ်နေရသည်။ သို့တိုင် အမှားကို ရှာမတွေ့ပြန်။ အာရုံစိုက်ရတာကြောင့် မျက်လုံးတွေက ခဏအတွင်း ကျိန်းစက်လို့လာသည်။ ခေါင်းတွေက ထူပူလာသလိုရှိ၏။ အမှားကိုလည်း ရှာမတွေ့၊ အဖြေမှန်ကလည်း ထွက်မလာသောအခါ သူ့စိတ်ထဲ ခပ်ချဉ်ချဉ် ဖြစ်လာသည်။

"မဇာခြည်တို့ ဆိုင်ဖွင့်ပွဲ ဖိတ်ထားတာ သွားမယ် မဟုတ်လား..." ခင်သူဇာက ရေခဲသေတ္တာထဲမှ ဟင်းသီးဟင်းရွက်များ ယူရင်း ပြောသည်။

"ကိုယ် ရုံးသွားရမှာ..."

"စနေနေ့ကြီးလေ..."

ခင်သူဇာ့ အသံက မတင်မကျ။

"အင်း... အလုပ် မပြတ်သေးလို့..." သူ ရေးထားသည့် ပရိုဂရမ်အား အပေါ်မှအောက်၊ အောက်မှအပေါ် အပြန်ပြန်အလှန်လှန် စစ်နေသည့်တိုင် အမှားစာသားကို ရှာမတွေ့။

"တောက်..." သူ့ပါးစပ်မှ အလိုမကျဟန် ထွက်ပေါ်လာသော တက်ခေါက်သံကို မီးဖိုခန်းထဲ ဝင်သွားသော ခင်သူဇာ၏ ခြေသံများက လွှမ်းမိုးသွား၏။

"တစ်သက်လုံး ရုံးကိုပဲ သွားနေလိုက်တော့..." မီးဖိုခန်းထဲမှ ဒန်အိုးဒန်ခွက် လှန်လှောသံများနှင့်အတူ ခင်သူဇာ၏ တီးတိုးစကား ရေရွတ်သံများ ကြားနေရသည်။

"ကျွန်မတို့ သားအမိ ရှိသေးတယ်လို့ရော ရှင့်စိတ်ထဲမှာ သိသေးရဲ့လား"

တဒုတ်ဒုတ်နှင့် ခပ်ကျယ်ကျယ် အသံကြားတာကြောင့် သူ လှည့်ကြည့်မိသည်။ ငရုတ်ဆုံထဲ ကြက်သွန်ဖြူတွေ ထည့်ထောင်းနေသည့် ခင်သူဇာကို တွေ့လိုက်ရ၏။ ခင်သူဇာပုံစံက လိုအပ်သည်ထက် ပို၍ အားထည့်ပြီး ထောင်းနေသလိုမျိုး။

"ရှင့်ကိုရှင် ဟုတ်လှပြီ ထင်မနေနဲ့"

ခင်သူဇာက အသံကို မြှင့်၍ အဆက်အစပ်မရှိသော စကားများအား တရစပ်ပြောလာသောအခါ သူ့ အာရုံတွေ စုစည်း၍ မရတော့။

"ကွာ... အလုပ်က အဆင်မပြေရတဲ့ကြားထဲ... မင်းက တစ်မျောင့်" ကီးဘုတ်ကို ရိုက်လိုက်သည့်အသံက "ဖြောင်းခနဲ"။

"အူဝဲ... အူဝဲ" သားငယ်၏ အော်ငိုသံက စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ သို့သော် သူဂရုမစိုက်။ လက်ပ်တော့ကို ယူပြီး အိမ်အောက် ဆင်းခဲ့တော့၏။

(၄)

ညနေ ရုံးဆင်းချိန်ဆို သူအိမ်ပြန်ဖြစ်ပေမယ့် ခင်သူဇာနှင့်တော့ စကားမပြောဖြစ်။ စားပြီး သောက်ပြီးလျှင် ရုံးပြန်လာတတ်ပြီး အိမ်မပြန်ဖြစ်တော့ဘဲ ရုံးမှာပဲ အိပ်ဖြစ်သည်မှာ တစ်ပတ်ပင် ပြည့်တော့မည်။ သောကြာနေ့ပင် ရောက်ရှိလာပြီဖြစ်၏။ သောကြာနေ့ ရောက်ခါမှ ပရောဂျက်အသစ်က ရရှိလာပြန်သည်။

"ကိုအောင်သန်းမြင့်ဘက်က လိုအပ်တဲ့ အချက်အလက်(data)တွေ ထည့်ပေး။ ကျွန်တော့်ဘက်က သူတို့လိုချင်တဲ့ပုံစံအတိုင်း ပြန်ထုတ်ပေးမယ်။ အကျိုးအမြတ် တွက်ပေးမယ်ပေါ့။"

သည်တစ်ခါ ပရောဂျက်က ရှုပ်ထွေးသည်။ ကုမ္ပဏီတစ်ခု၏ လက်အောက်ခံလုပ်ငန်း အသီးသီးမှ ဝင်လာမည့် ဝင်ငွေ၊ ထွက်ငွေ၊ ရရှိမည့်အကျိုးအမြတ် စတာတွေကို တွက်ချက် သိမ်းဆည်းပေးရမည့် ပရောဂျက် ဖြစ်သည်။ ငွေရေး ကြေးရေးကိစ္စဖြစ်တာကြောင့် ပိုပြီး သတိထားရသည်။ အမှားခံလို့ မဖြစ်။ အဓိက ရေးရမည်က သူနှင့် ကိုအောင်သန်းမြင့်ဖြစ်သည်။ ထိုကုမ္ပဏီနှင့် ပတ်သက်ပြီး လိုအပ်သည့် အချက်အလက်တွေကိုတော့ ကိုမျိုးကျော်က ဆက်သွယ်၍ စုဆောင်းပေးမည်ဖြစ်၏။

"ဟုတ်ပြီ ညီလေး..။ ပရိုဂရမ်ရေးတာတော့ ညီလေးပြောတဲ့အတိုင်း ရေးတာပေါ့။ ကိုယ်တို့ ပထမဆုံး လုပ်ရမှာက ဒေတာဘေ့စ်(database)ပဲ။ ဒေတာဘေ့စ် အရင်ညှိရမယ် ကိုယ့်ညီ"

ကိုအောင်သန်းမြင့်က ဝါရင့် ပရိုဂရမ်မာ တစ်ယောက်ပီပီ ဆို၏။ ပရိုဂရမ်ရေးသည့်အခါ လွယ်ကူခြင်း၊ မလွယ်ကူခြင်းသည် ဒေတာဘေ့စ် တည်ဆောက်ပုံပေါ် မူတည်သည်ဟု သူထင်၏။ ဒေတာဘေ့စ်တည်ဆောက်ပုံ မှန်ကန်ကောင်းမွန်လျှင် ပရိုဂရမ်ရေးရတာ လွယ်ကူပြီး ဒေတာဘေ့စ် တည်ဆောက်ပုံ လွဲမှားသွားပြီဆိုလျှင်တော့ ပရိုဂရမ်ရေးသည့်အခါ စိတ်ရှုပ်ထွေးရသလို ပင်လည်းပင်ပန်း၏။ ထို့ကြောင့် သူနှင့် ကိုအောင်သန်းမြင့် ဒေတာဘေ့စ်ကိစ္စအား အချိန်ယူပြီး စဉ်းစားရတော့သည်။

လိုအပ်သည့် အချက်အလက်များ သိမ်းဆည်းထားဖို့ရာ ဗီရိုတစ်လုံးနှင့် တူသည့် ဒေတာဘေ့စ်တစ်ခု တည်ဆောက်ဖို့ သူနှင့် ကိုအောင်သန်းမြင့် ခေါင်းချင်းဆိုင်၍ တိုင်ပင်ရတော့၏။ ထိုဒေတာဘေ့စ်၏ ဘယ်အကန့် ဘယ်နေရာမှာတော့ဖြင့် ဘယ်လိုအချက်အလက်တွေကို သိမ်းဆည်းမည်ကအစ ညှိနှိုင်းရ၏။ ထိုဒေတာဘေ့စ်အတွင်းသို့ လိုအပ်သည့် အချက်အလက်တွေ ထည့်သွင်းနိုင်ဖို့ ပရိုဂရမ်အား ကိုအောင်သန်းမြင့်က ရေးမည်ဖြစ်၏။ ဒေတာဘေ့စ်အတွင်း ရောက်ရှိလာသော အချက်အလက် ငွေကြေးများအပေါ် မူတည်ပြီး ဝင်ငွေ၊ ထွက်ငွေ၊ အကျိုးအမြတ်များအား ကုမ္ပဏီ၏ မူဝါဒနှင့်အညီ တွက်ချက်ရမည့် ပရိုဂရမ်ကို သူက ရေးရမည်ဖြစ်၏။ ညှိနှိုင်းပြီးလို့ အဆင်ပြေသွားသည့်အချိန် နာရီကြည့်လိုက်တော့ ညနေ ရုံးဆင်းချိန်ပင် နီးနေပြီဖြစ်၏။ ပရိုဂရမ် ရေးချိန်ရတော့မည် မထင်။

"ကိုအောင်သန်းမြင့် စနေ၊ တနင်္ဂနွေ ရုံးလာခဲ့ပါလား..."

"နိုးနိုး ညီလေး...၊ စနေ၊ တနင်္ဂနွေ ကိုယ် ရုံးမတက်ဘူး။ ဒီမယ် ညီလေး... အလုပ်က မသေမချင်းလုပ်နေရမှာ။ စနေ၊ တနင်္ဂနွေ လုပ်လိုက်ရုံနဲ့ ပြီးသွားတဲ့ အမျိုးမဟုတ်ဘူး။ ဒီအလုပ်ပြီးသွားရင် နောက်ထပ်အလုပ်က ထပ်လာဦးမှာပဲ။ ဒီတော့ တစ်ပတ် ငါးရက် အလုပ်လုပ် တော်ပြီပေါ့ကွာ..။ စနေ၊ တနင်္ဂနွေ ပိတ်ရက်ကလေးတော့ ကိုယ့်မိသားစုအတွက် အချိန်ပေးရဦးမယ် ကိုယ့်ညီရေ..။ ကဲ ညီလေး... ရုံးဆင်းချိန် ရောက်ပြီ။ ကိုယ်ပြန်တော့မယ်။ ဒီည ကိုယ်တို့ သားအမိ သားအဖတွေ ရုပ်ရှင်သွားကြည့်ကြမလို့... နောက်ကျနေလို့ မဖြစ်ဘူး။ ကဲ သွားပြီ ညီလေးရေ...။ တနင်္လာနေ့မှ ဆုံကြတာပေါ့။"

တက်ကြွသော ခြေလှမ်းများဖြင့် လှည့်ထွက်သွားသော ကိုအောင်သန်းမြင့် ကျောပြင်ကို ငေးမောရင်း သူကျန်ရစ်ခဲ့၏။ ခပ်ပြုံးပြုံးနှင့် ပြောသွားသော ကိုအောင်သန်းမြင့်စကားတွေက သူ့နားထဲက မထွက်။ ရုံးဖွင့်ရက်မှာ မခိုမကပ်ဘဲ ကြိုးစားပမ်းစား အလုပ်လုပ်တတ်သလောက် ဘယ်လောက်ပဲ အရေးကြီးတဲ့ အလုပ်ဖြစ်ဖြစ် ရုံးပိတ်ရက်ဆို ရုံးမတက်တတ်သော ကိုအောင်သန်းမြင့်၊ လေးနာရီခွဲ ခေါင်းဆိုတာနှင့် နောက်လှည့်မကြည့်ဘဲ ရုံးဆင်းသွားတတ်သော ကိုအောင်သန်းမြင့်၏ ပုံရိပ်တွေက သူ့အမြင်အာရုံထဲ ပေါ်လာသည်။

သူကတော့ ကိုအောင်သန်းမြင့်လို မဟုတ်ခဲ့ကြောင်း ပြန်ပြောင်းတွေးမိတော့ ဇနီး ဖြစ်သူ ခင်သူဇာနှင့် သားငယ်အပေါ်....။

ဆောင်းပါး

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်

■ မောင်နွေလွမ်း(ကချင်မြေ)

ကျွန်တော်တို့အားလုံး ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းသည့်အခါ စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းသည့်အခါများတွင် ခေတ်သစ်တွင်ပုံစံအသစ်နှင့် နေသားတကျဖြစ်စေရန် ခက်ခဲတတ်ကြပါသည်။ ခေတ်ရေစီးကြောင်းအရ လိုက်ပါစီးမျောသွားသည်ကမသိသာသော်လည်း ရုတ်တရက်မဖြစ်မနေပြောင်းလဲရသည့်အခါများတွင် ပုံစံအသစ်နှင့်နေသားတကျဖြစ်စေရန် ကြိုးစားနေထိုင်ကြရသည်။

ပြောရမည်ဆိုလျှင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်ခံနေရသည့် ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ မှာ လူသားများအတွက် ၂၁ရာစု၏အကြီးမားဆုံးစိန်ခေါ်မှုဟု ဆိုနိုင်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အာရှနှင့် ဥရောပနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဆားစ်ရောဂါစသည့် ကူးစက်မြန်ရောဂါများ ဖြစ်ပွားခဲ့သေးသည်။ သို့သော်လည်း ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ လို မပြင်းထန်ခဲ့။ တစ်ကမ္ဘာလုံးသို့လည်း မပျံ့နှံ့ခဲ့။ တွေးကြည့်မည်ဆိုလျှင် လွန်ခဲ့သည့်နှစ်က သည်လိုအချိန်မှာ သည်လိုဖြစ်လိမ့်မည်ဟု မည်သူမျှမခန့်မှန်းထားခဲ့ပေ။ နှာခေါင်းစည်းတပ်ပြီး အပြင်ထွက်ရမည်ဟု မည်သူမျှမထင်။ စတေးဟုမ်းနေရမည်ဟု မည်သူမျှမတွေးမိ။ တစ်ခုခုကိုင်ပြီးတိုင်း လက်ကို စင်ကြယ်စွာဆေးကြောဖို့ကိုလည်း မည်သူမှမတိုက်တွန်းမနှိုးဆော်ခဲ့။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြဖို့လည်း မည်သည့်အခါမျှ မမျှော်လင့်ခဲ့ကြ။ သို့သော် ၂၀၂၀ သို့ ချင်းနင်းဝင်ရောက်လာသည်နှင့် ကျွန်တော်တို့အားလုံးကို ကိုဗစ်-၁၉ က နေထိုင်မှုပုံစံအသစ်တွေ ပြောင်းလဲပေးခဲ့သည်။ သည်မှာ ကျွန်တော်တို့အားလုံး မိမိကျန်းမာရေးအတွက်၊ မိမိတို့မိသားစုအတွက်၊ မိမိတို့နိုင်ငံ မိမိတို့လူမျိုးအတွက် ပုံစံအသစ်များဖြင့် ကြိုးစားလုပ်ဆောင်နေထိုင်ကြရသည်။ ထိုကဲ့သို့ လုပ်ဆောင်ကြမှသာ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်မည်မဟုတ်ပါလား။

ယခုအခါ ကမ္ဘာ့နိုင်ငံအတော်များများက အသွားအလာကန့်သတ်ထားသည်များကို အထိုက် အလျောက်လျှော့ပေါ့ပေးလာကြပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းများ၊ စာသင်ကျောင်းများလည်း အကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လာကြပြီဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း ဇူလိုင် ၂၁ ရက်မှစပြီး အထက်တန်းအဆင့်များကို ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ထိုကိစ္စကို မိဘ အတော်များများက စိုးရိမ်စိတ်များကြောင့် ချီတုံချတုံဖြစ်နေခဲ့ကြသည်သာ။ သို့သော် နိုင်ငံတကာတွင်လည်း ပုံစံအသစ်များဖြင့် သင်ကြားရေးများကို လုပ်ဆောင်နေကြသည်ဖြစ်ရာ များစွာစိုးရိမ်စရာတော့ မလိုလှပေ။ ဆရာများကလည်း ဆရာများအလျောက်၊ ကျောင်းသားများကလည်း ကျောင်းသားများအလျောက်၊ မိဘများကလည်း မိဘများအလျောက် သတ်မှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာလုပ်ဆောင်ကြရန်သာ လိုအပ်ပါသည်။ သို့မှသာ စာသင်ကျောင်းသည် ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားရာဌာနအဖြစ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဆိုးမှာ ဒုတိယလှိုင်းအဖြစ် ပြန်လည်ဝင်ရောက်လာပြန်ရာ ဖြေလျှော့ထားသည်များကို ပြန်လည်တင်းကျပ်လာကြပြီ ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်မှာ အစိမ်းအကျက်မရွေး။ ကလေးလူကြီးရယ်လို့ မခွဲခြား လူတိုင်းကို ကူးစက်နိုင်ပေသည်။ ကိုရိုနာဗိုင်းရပ်စ်မှာ ရန်သူ၊ မိတ်ဆွေဟုလည်း သတ်မှတ်မည်မဟုတ် သလို နိုင်ငံနယ်နိမိတ်မျဉ်းများကိုလည်း လေးစားလိုက်နာလိမ့်မည် မဟုတ်ပေ။ ဝင်ချင်သည့်နေရာမှဝင်၍ ထွက်ချင်သည့်နေရာမှ ထွက်သွားနိုင်သည်။ ထို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်မှာ စည်းကမ်းလိုက်နာမှုမရှိသူ၊ လျော့ရဲရဲနေထိုင်သူများထံသို့ ပို၍ဝင်ရောက်နိုင်ကြောင်း သတိပြုသင့်ကြပါသည်။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် ၂၀ ရာစုအတွင်းက ယခုလို ကပ်ဆိုးကြီး သုံးကြိမ်ပေါ်ပေါက်ခဲ့ဖူးပါသည်။ ၁၉၁၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် ကပ်ဆိုးကြီးကြောင့် လူပေါင်း ၂၅ သန်းနှင့် သန်း ၅၀ ကြား သေဆုံးခဲ့ရသည်။ ယခု ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများစာရင်းကိုလည်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်က နေ့စဉ်ထုတ်ပြန်လျက်ရှိရာ တစ်နေ့ထက်တစ်နေ့တိုးပွားနေဆဲဖြစ်ပါသည်။ ကပ်ကြီးပြီးဆုံးချိန်အထိ ကိုဗစ်-၁၉ ကြောင့် လူသားမျိုးနွယ်စုများမည်မျှလျော့ပါးသွားမည်ကို မသိနိုင်သေးပါ။ နိုင်ငံတိုင်းက ကိုရိုနာဗိုင်းရပ်စ်ပိုးကို ထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းနေကြရသည်။ ကျွန်တော်တို့နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုလျော့ကျသွားသော်လည်း ဆေးစစ်ချက်များအရ နိုင်ငံခြားမှပြန်လာသူများထံမှ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူများအား တွေ့နေရဆဲဖြစ်ပါသည်။ သတိထားပြီး ကာကွယ်နေထိုင်ကြရဦးမည် ဖြစ်ပါသည်။

ယခုအခါ ကန့်သတ်မှုများကို အထိုက်အလျောက် ဖြေလျှော့ပေးလာပြီဖြစ်ရာ လူအများစုဝေးရာနေရာများဖြစ်သည့် ဈေးများကို အကန့်အသတ်ဖြင့် ရောင်းချစေခြင်း၊ မီးရထားများ ပြန်လည်ပြေးဆွဲလာခြင်း၊စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းများ၊ ယခင် ငါးဦးအထိသာ စုဝေးခွင့်ကို ယခုအခါ ၁၅ ဦးအထိ စုဝေးခွင့်များပါဝင်လာသည်။ ထိုအထဲက ကျောင်းသားကျောင်းသူများမှာ စာသင်ကြားခွင့်ရကြသော်လည်း စာသင်ချိန်တိုင်း နှာခေါင်းစည်းတပ်ရခြင်း၊ မျက်နှာကာတပ်ရခြင်းများကြောင့် အလွန်အနေခက်ကြသည်မှာ ပြောစရာမလိုပေ။ အလေ့အကျင့်ရအောင် အတော့်ကိုကြိုးစားလုပ်ဆောင်နေကြရပါသည်။ ထိုသို့ ကျွန်တော်တို့၏ ရင်သွေးများက စည်းကမ်းတကျနေထိုင်ကြသော်လည်း ကျွန်တော်တို့က အပြင်တွင်နေချင်သလိုနေကြမည်ဆိုလျှင် ကျွန်တော်တို့ထံမှ သူတို့လေးတွေထံ ကူးစက်နိုင်ပါသည်။ ကျွန်တော်တို့ထံမှ ကျွန်တော့်တို့ကလေး၊ ကျွန်တော်တို့ကလေးထံမှ သူတို့၏အတန်းဖော်များအထိ ကူးစက်သွားနိုင်ပါသည်။ သတိဆိုသည်မှာ ပိုသည်မရှိပါ။ အသိတရားနှင့် သတိထားဆင်ခြင်ဖို့လိုပါသည်။

"လက်ဖက်ကောင်းစားလိုလျှင် ပလောင်တောင်တက်နေးရမည်"ဟု ဆိုရိုးစကားရှိပါသည်။ ဆိုလိုသည်မှာ မိသားစုပျော်ရွှင်ရွှင်နေထိုင်လိုလျှင် ယခုကပ်ဆိုးကြီးကို ကျော်လွှားနိုင်ရန်အတွက် မကြာခဏ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောခြင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာထိုင်နေခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးများကိုရှောင်ကြဉ်ခြင်းစသည့် စည်းကမ်းချက်များကို မဖြစ်မနေ လိုက်နာကြရမည်ဖြစ်ပါသည်။ ပေါ့ဆ၍မရပါ။ ယခုအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကို မထိန်းချုပ်နိုင်သေးပါ။ ကာကွယ်ဆေးလည်း မထုတ်ဖော်နိုင်သေးပါ။ ကာလတစ်ခုကြာ စောင့်ဆိုင်းရဦးမည် ဖြစ်ပါသည်။ ထိုကာလမှာ မည်မျှကြာမည်ဟု မည်သူကမျှ အာမမခံနိုင်သေးပါ။ ပညာရှင်များ အစွမ်းကုန်ကြိုးစားနေကြဆဲဖြစ်ပါသည်။ နောက်ဆုံးတွင် ကာကွယ်ဆေးရော ကုသဆေးပါ ထွက်ပေါ်လာမည်ဟုလည်း ယုံကြည်မိပါသည်။

သာဓကအားဖြင့် ပလိပ်ရောဂါလို ကပ်ဆိုးကြီးကိုလည်း ကမ္ဘာမြေပေါ်မှ မောင်းထုတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ငှက်ဖျားရောဂါပိုးကိုလည်း ကမ္ဘာတစ်ဝန်း နှိမ်နင်းထားနိုင်ကြပြီ။ မကြာသောကာလတွင် လူသားများက ကိုရိုနာဗိုင်းရပ်စ်ပိုးကိုလည်း ကမ္ဘာမြေအပြင်ဘက်သို့ မောင်းထုတ်နိုင်မည်ဖြစ်ပါသည်။ ဆိုခဲ့သည့်အတိုင်း သည်ကြားကာလလေးမှာ မိမိကစ၍ ကာကွယ်ဖို့လိုပါသည်။ သို့မှသာလျှင် ကျွန်တော်တို့နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကို အချိန်တိုတိုအတွင်း အောင်မြင်စွာထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

ကိုဗစ်ကင်းစင် ပညာရေး

ကျောင်းသွားကျောင်းပြန် မက်စ်တပ်ကာ
မိမိကိုယ်ကို ကာကွယ်ပါ၊
နှာချေ၊ ချောင်းဆိုး လက်အုပ်ပေး
ရောဂါပိုးမွှား မကူးစက်ရေး။
ကျောင်းခန်းထဲမှာ ခပ်ခွာခွာ
ခြောက်ပေခြားကာ သင်ကြားပါ၊
ဘောပင်၊ ပေတံ သီးခြားသုံး
ထိုင်ခုံ၊ စားပွဲ ဆေးဖျန်းဦး။
မကြာခဏ လက်ဆေးပါ
ကိုရိုနာကင်းမှာ၊
မိမိအိမ်တွင် ကြိုးစားပေး
ပညာသင်ရေး တို့အားမွေး။
စည်းကမ်းလိုက်နာ ဘေးကင်းကွာ
မိဘ၊ ဆရာ ပူးပေါင်းပါ၊
ကျောင်းသားမောင်မယ် ကျန်းမာရေး
မပေါ့ဆဘဲ ဂရုစိုက်ပေး။
ကျောင်းသွားကျောင်းပြန် ဆုံတဲ့အခါ
ဝေးဝေးမှသာ နှုတ်ဆက်ပါ၊
လူစုလူဝေး ရှောင်ရှားပေး
ကိုဗစ်ကင်းစင် ပညာရေး။

မခင်ဝတီလမင်း

ပညာပန်းမျိုး ဘယ်မညှိုး

မောင်တို့မယ်တို့ လက်တွဲအတူ
ကြိုးစားလို့သင်ယူ၊
ပညာဟူသည် အနဂ္ဃ
တန်ဖိုးဖြတ်မရ။
နှစ်ဖြာမိဘ ကျောင်းသား၊ ဆရာ
သုံးနားညီညွတ်စွာ၊
တြိဂံပမာ ဆောက်တည်ပေး၊
ထူးချွန်ထက်မြက်ရေး။
ရှေ့ကိုမြော်တွေး အနာဂတ်တွင်
တိုင်းပြည် အလှဆင်၊
ပညာသာလျှင် ပဓာန
အဓိကအခန်းကဏ္ဍ။
ပြုံးပျော်ရွှင်ပျ ကမ္ဘာ့အလယ်
အားလုံးမျက်နှာမငယ်၊
ပန်းပေါင်းစုံကွယ် တစ်ခေတ်ဆန်း
လှပဝေဆာလန်း၊
မြန်မာ့ ဥယျာဉ်နန်း။ ။

ရေနံ့သာ နိုင်ထွန်းလူ

လူငယ်နှင့် စည်းကမ်းအမြင်

■ အေးချမ်းအောင်(ခမိုင်း)

"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်အံ့" အလွန်ကောင်းမွန်သော ဆောင်ပုဒ်ဖြစ်သည်။ ရိုးရိုးဒီမိုကရေစီနိုင်ငံတော်မဟုတ်။ စည်းကမ်းပြည့်ဝရမည် ဖြစ်သည်။ စည်းကမ်းကို လူတချို့က အဘယ့်ကြောင့် မကြိုက်ကြပါသနည်း။ အဖြေကား ရှင်းပါသည်။ မလိုက်နာ ချင်သူက မကြိုက်ခြင်းသာ။ စည်းကမ်းသေဝပ်သူ၊ လိုက်နာဆောင်ရွက်သူက ကြိုက်သည်။

မန္တလေးပညာရေးကောလိပ်တွင် လုပ်ငန်းခွင်အကြိုမူလတန်းဆရာဖြစ်သင်တန်း(PPTT) တက်ခဲ့စဉ်အခါက အတွေ့အကြုံလေးတစ်ခုကို ပြောပြချင်သည်။ နံနက် ၅ နာရီတွင် အဆောင်တံခါးကိုဖွင့်ပြီး ညနေ ၆နာရီခွဲလျှင် အဆောင်တံခါးပိတ်သည်။ ဘယ်မှထွက်၍မရ။ ဝရန်တာကို သံဆန်ခါဖြင့် ကာရံထားပြီး ပြတင်းပေါက်များကို သံတိုင် စိပ်စိပ် စိုက်ထားသည်။ ကျွန်တော်တို့ ကျောင်းသားများက ညနေ ၆ နာရီခွဲလျှင် ရာဇဝတ်သား အချုပ်ခန်းထဲသို့ ရောက်သွားသည်ဟု ခံစားရပြီး မပျော်ပိုက်တော့။ နံနက် ၅ နာရီခွဲ၍ တံခါးဖွင့်သံကြားသည်နှင့် အချုပ်ခန်းမှ လွတ်လာသူကဲ့သို့ ပျော်ရွှင်ကြသည်။

ကျွန်တော်တို့၏ စိတ်ခံစားမှုကို အဆောင်မှူးဆရာကြီးက ရိပ်စားမိသည်။ ည ၇ နာရီ ဘုရားဝတ်ပြုပြီးချိန်တိုင်း ဆရာကြီးက ဩဝါဒပေးပါသည်။ တစ်ရက်တွင် ဩဝါဒပေးရာ တံခါးပိတ်ခံထားရသည့် အဆောင်တွင် ဆရာကြီးပါနေကြောင်း၊ အချုပ်ခန်းထဲတွင်နေရသလိုဟု မစဉ်းစားဘဲ ဘယ်လိုသူခိုးဓားပြမှ ဝင်ရောက်ကျူးကျော်ရန်လုပ်၍မရသည့် အလုံခြုံဆုံးနေရာမှာ နေရသည်ဟုသာ ခံယူသင့်ကြောင်း ပြောပါသည်။

တကယ်လည်း ထိုရည်ရွယ်ချက်ဖြင့် အဆောင်တံခါးကို သော့ပိတ်ထားခြင်းဖြစ်သည်။ တံခါး သော့မခတ်ထားပါက ပြင်ပအန္တရာယ်များ အချိန်မရွေး ဝင်ရောက်နိုင်သကဲ့သို့ ကျောင်းသားများ ညအချိန်မတော် အပြင်ထွက်သွားခြင်းဖြင့် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်အောင် ကာကွယ်ထားခြင်းသာဖြစ်သည်။

အထက်ပါပုံစံအတိုင်း ကျွန်တော်တို့ လူငယ်များက လူကြီးများ၏ စည်းကမ်းများကို တင်းကျပ်လွန်းသည်၊ ချုပ်ချယ်လွန်းသည်ဟု ထင်တတ်ကြသည်။ တစ်ဆက်တည်း စည်းကမ်းသိတတ်သော ငါးကလေးများအကြောင်း ပြောပြချင်သေးသည်။

အနောက် လယ်တီတိုက်အတွင်းမှ ကျောင်းတိုက်တစ်ခုသို့ ရောက်သွားစဉ်က ဖြစ်သည်။ ထိုကျောင်းလေး၏ အရှေ့တွင် အမြင့်တစ်တောင်ခန့်သာရှိသည့် ကွန်ကရစ်ရေကန်အဝိုင်းထဲ၌ အလှမွေးငါးများ မွေးထားသည်။ ငါးကလေးများက ပဲကြီးစေ့အခြမ်းလောက်သာရှိသည်။ မိုးရွာသည့်အခါ ထိုကန်သည် ရေများပြည့်လာပြီး ဒလဟော လျှံကျနေသည်။ ငါးလေးများ ခုန်ထွက်ပြီး ရေစီးနှင့်အတူ လိုက်ပါသွားနိုင်သည့် အနေအထားဖြစ်နေသည်။ သို့သော် ငါးတစ်ကောင်မျှ ထွက်သွားခြင်းမရှိ။

ထိုအနေအထားကိုမြင်သဖြင့် "ဒီငါးတွေ တော်တော်အတယ်။ ကန်ထဲကခုန်ထွက်ပြီး ရေမြောင်းထဲဆင်းသွားလို့ရပါရက်နဲ့ တစ်ကောင်မှမထွက်ကြဘူး"ဟု ကျွန်တော် ပြောလိုက်မိသည်။ ကျွန်တော့်အသံကို ကြားသွားသည့် ဦးဇင်းတစ်ပါးက "ကန်ထဲက ငါးတွေက အတာမဟုတ်ဘူး ဒကာလေး။ ဒီငါးတွေက ရေပုပ်ရေသိုးတွေ၊ ရွှံ့ရေနွံရေတွေမှာ ပျော်တဲ့ငါး၊ အသားစားတဲ့ငါးမျိုး မဟုတ်ဘူး။ ရေချိုရေကြည်၊ ရေသေ အဲဒီလိုမှာနေတဲ့ ငါးအမျိုးအစား။ ဒီကန်ထဲကထွက်ရင် ရေပုပ်မြောင်းထဲရောက်မယ်။ ရေပုပ်ရေသိုးကြောင့် သေမယ်။ အဲဒါတွေကြောင့် မသေရင်လည်း ငါးရံ့လို၊ ငါးပြေမလို အသားစားငါးရဲ့ အစားခံရမှာပဲ။ အဲဒီလို အန္တရာယ်ကိုသိလို့ သူတို့မထွက်တာ"ဟု ပြောပါသည်။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့ လူငယ်များသည် အန္တရာယ်ကိုမမြင်ဘဲ လွတ်လပ်မှုကိုသာ လိုချင်ကြသည်။ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးကို တပ်ထားရမည်။ ဒါသည် စည်းကမ်းဖြစ်သည်။ ကျွန်တော်တို့က လွတ်လပ်ချင်သည်။ ဆိုင်ကယ်စီးလျှင် ဦးထုပ် မဆောင်းချင်ကြ။ ဆံပင်ကေ ပျက်သည်၊ ခေါင်းလေးသည်ဟု ထင်ကြသည်။ အန္တရာယ်ကိုမမြင်ဘဲ လွတ်လပ်မှုကို ခံစားချင်သည်။ ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး ဦးခေါင်းထိခိုက်ကာ အသက်သေဆုံးကြရသည်။

ငယ်စဉ်က ကျောင်းစာအုပ်ထဲတွင် သင်ကြားခဲ့ရသည့် သစ်စက်နားမှာ ရပ်မကြည့်ရ၊ လမ်းမပေါ်တွင် စွန်မလွှတ်ရ စသည့်အရာများသည် စည်းကမ်းဖြစ်သည်။

မီးသည် ကစားစရာပစ္စည်းမဟုတ်။ မီးမဆော့နဲ့ဟု စည်းကမ်းထားရမည်။ ချွန်ထက်သောအရာဖြင့် မကစားပါနှင့်၊ ဆေးလိပ်မသောက်နှင့်၊ စက်ဘီးကို လက်လွှတ်ပြီး မစီးနှင့်၊ ကားကို ခိုတွဲပြီး လိုက်မစီးနှင့်၊ ဘေလီတံတား ပေါင်ပေါ် မတက်နှင့် စသည့် စကားများသည် စည်းကမ်းဖြစ်သည်။

သူ့နေရာနှင့်သူ စည်းကမ်းရှိသည်။ တားမြစ်သင့်သည့်နေရာမှာ တားမြစ်ရမည်။ လွတ်လပ်ခွင့်ပေးသင့်သည့်နေရာမှသာ ပေးရမည်။ လူငယ်များကလည်း လိုက်နာရမည်။ စည်းကမ်းရှိစွာ လွတ်လပ်ရမည်၊ ပျော်ရွှင်ရမည်။ သို့မှသာ စည်းကမ်းပြည့်ဝသော နိုင်ငံသားကောင်းများဖြစ်လာမည်ဖြစ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။